ကြေးမုံ
The Mirror Daily
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday 10 October 2019 ၉၇၉၈

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သကြားကဏ္ဍနှင့် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သကြားကဏ္ဍနှင့် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

သကြားကဏ္ဍနှင့် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်သူ၊ ဦးဝင်းခိုင်နှင့် ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးလှကျော်နှင့် ဦးအောင်ထူး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် တာဝန်ရှိသူများ စုံညီစွာပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် ဆန်စပါး၊ ပဲ၊ ပြောင်းနှင့် ကြံတို့ကို အဓိကစိုက်ပျိုးထုတ်လုပ်ပါကြောင်း၊ စိုက်ပျိုးရေးသီးနှံများနှင့် စပ်လျဉ်းသည့် ဈေးကွက်များကို လေ့လာကြည့်မည်ဆိုလျှင် ဈေးကွက်ကန့်သတ်ချက်များရှိလာပါကြောင်း၊ ဆန်စပါးလုပ်ငန်းများနှင့်ပတ်သက်၍ ဈေးကွက်ကန့်သတ်ချက်များရှိသဖြင့် ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံမှုများပြုလုပ်ခဲ့ပါကြောင်း၊ ပဲနှင့်ပတ်သက်၍ ဈေးကွက်ကန့်သတ်ချက်ရှိသော်လည်း အဓိကဝယ်ယူသည့် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကိုမူတည်၍ ဆောင်ရွက်ရပါကြောင်း၊ ကြံနှင့်စပ်လျဉ်း၍ ဈေးကွက်ကန့်သတ်ချက်များရှိလာသည်ကို သိရှိရပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆

ကြေးမုံ ယနေ့ ဖတ်စရာ

## မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

စာမျက်နှာ » ၄

## ခေါင်လန်ဖူးပညာရေးနှင့် ခယောင်းလမ်းမှာ ပွင့်သောပန်း (၁)

စာမျက်နှာ » ၆

## ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန သီးခြားရာထူးတိုး/ ပြောင်းဆောင်ရွက်မည့်တက္ကသိုလ်များ ညှိနှိုင်းအစည်းအဝေးကျင်းပ

စာမျက်နှာ » ၈

**ကြေးမုံသတင်းစာတွင် မြန်မာယူနီကုဒ်စံစနစ်ကို အောက်တိုဘာ ၁ ရက်မှ စတင်အသုံးပြု ထုတ်ဝေပါသည်။**



ကြေးမုံ

# မျက်ဝါးထင်ထင်မြင်တွေ့နိုင်မည့်အမှန်တရား

မြန်မာနိုင်ငံရှိ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်တို့သည် ဖွံ့ဖြိုးမှုနည်းပါးသော ပြည်နယ်များဖြစ်သည်။ နိုင်ငံတော်အစိုးရက ပြည်နယ်နှင့်တိုင်းဒေသကြီးများအား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် နည်းနိုင်သမျှနည်းပါးအောင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာတွင် ဖွံ့ဖြိုးမှုအားနည်းသော အဆိုပါပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဖော်ဆောင်ပေးလျက်ရှိသည်။

ရခိုင်ပြည်နယ်အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့်အပြင် ကုန်လွန်ခဲ့သောနှစ်များကဖြစ်ပွားခဲ့သည့် ပဋိပက္ခဖြစ်စဉ်များကြောင့် ရခိုင်ပြည်နယ်ကို ဒေသတွင်းသာမက ကမ္ဘာ့နိုင်ငံများကပါ စိတ်ဝင်တစား စောင့်ကြည့်နေသည်။ ထို့ကြောင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်နေသည်။ ယခုဆောင်ရွက်နေသော ဖွံ့ဖြိုးတိုးတက်ရေးသည် အမှန်စင်စစ် ရခိုင်ပြည်နယ်၌ ပဋိပက္ခဖြစ်စေသည့် ၂၀၁၆ - ၂၀၁၇ ခုနှစ် အာဆာအကြမ်းဖက်တို့၏ တိုက်ခိုက်မှုမတိုင်မီကတည်းက မြန်မာအစိုးရအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်နေသည်။

နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ အစဉ်အဆက် အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၆-၂၀၁၇ ခုနှစ်မှစတင်၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီက ဦးဆောင်လုပ်ကိုင်လျက်ရှိသည်။ သုံးနှစ်တာကာလအတွင်း သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုများဖြစ်ပေါ်လာပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းကာ လုပ်ငန်းစဉ်များအတိုင်း ဆက်လက်အကောင်အထည်ဖော်သွားလျှင် ဖွံ့ဖြိုးတိုးတက်သောပြည်နယ်ဖြစ်လာမည်မှာ အမှန်ဖြစ်သည်။

ရခိုင်ပြည်နယ်သည် နောက်ခံသမိုင်းကြောင်းနှင့် ရှုပ်ထွေးနက်နဲသော အကြောင်းရင်းဇာစ်မြစ်တို့ကြောင့် ရေမြေသဘာဝနှင့် လူ့စွမ်းအားများကောင်းမွန်ပါသော်လည်း မဖွံ့ဖြိုးမတိုးတက်သောဒေသ ဖြစ်နေခဲ့သည်။ ယခုအခါ ကြုံတွေ့လာရသောအခက်အခဲများနှင့် စိန်ခေါ်မှုများကြားမှ မူလချမှတ်ထားသောသန္နိဋ္ဌာန်အတိုင်း မဖြစ်မနေကြိုးပမ်းဖော်ဆောင်ပေးနေမှုများကို မြင်တွေ့လာရပြီဖြစ်သည်။ ယခုနှစ်တွင် အကောင်အထည်ဖော်ထားမှုများကို ကြည့်မည်ဆိုလျှင်ပင် စိတ်ကျေနပ်မှု ဖြစ်ကြလိမ့်မည်ထင်ပါသည်။

ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာတွင် အကူအညီအထောက်အပံ့နှင့် ရန်ပုံငွေရရှိမှုမှာအရေးပါပြီး နိုင်ငံတော်၏ရန်ပုံငွေအပြင် အလှူရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများမှာ အထောက်အပံ့ကောင်းဖြစ်စေပါသည်။ သာဓကအားဖြင့် ရခိုင်ပြည်နယ်တွင် ကမ္ဘာ့ဘဏ်၏ အထောက်အပံ့ဖြင့် လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ ဝမြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကျေးရွာ ၃၄၉ ရွာတို့တွင် စိုက်ပျိုးရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသအားလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရနှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများက ဖြန့်ကြက်ဆောင်ရွက်ပေးနေရာ အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရှိလာသည်။ ရခိုင်ပြည်နယ်အရေးတွင် အရေးပါသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ လူ့အခွင့်အရေး၊ ပြန်လည်နေရာချထားရေး၊ နိုင်ငံသားဖြစ်ရေး၊ လွတ်လပ်စွာသွားလာခွင့်ရရှိရေး စသည့်အရေးကိစ္စများကိုဦးစားပေးဆောင်ရွက်နေပြီး ဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများသာမက သံတမန်များ၊ နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများအားလုံး လက်တွေ့ကျကျ မျက်မြင်ကိုယ်တွေ့ မြင်တွေ့ကြပြီဖြစ်သည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော်အစိုးရအနေဖြင့် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့မျက်မှောက်ကာလ မျက်ဝါးထင်ထင်မြင်တွေ့လာရသော အောင်မြင်မှုအသီးအပွင့်များမှာ အပြောမဟုတ်၊ အလုပ်ဖြင့်လက်တွေ့ပြသနိုင်သော ပကတိအရှိအမှန်တရားများဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရေဘေးသင့်ဒေသများအတွက် အလှူငွေများ လာရောက်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၉

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ဒေသများအတွက် လူသားချင်းစာနာထောက်ထားမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောက်မီးသွေးလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၅၉ သိန်းကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးစိုးအောင်က လှူဒါန်းငွေများကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **သတင်းစဉ်**



## Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ



(၁၀) အချက်အလက်များ ခိုးယူခြင်းနှင့် စပမ်မေးလ်ပို့ခြင်း မပြုလုပ်ရ။

ကျွန်ုပ်တို့၏အဖွဲ့ဝင် (member) များ လက်ခံခြင်းမရှိဘဲ စီးပွားရေးအရ အရောင်းအဝယ်ဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် ၎င်းတို့အား ဆက်သွယ်ခြင်း မပြုလုပ်ရန် သင့်အားတားမြစ်ပါသည်။

(၁၁) သင့်လုံခြုံမှုရှိရေးအတွက် ကျွန်ုပ်တို့ အလေးထားပါသည်။

ကျွန်ုပ်တို့သည် ဖေ့စ်ဘွတ် ကို အသုံးပြုနေသူများအားလုံး၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်လွတ်လပ်မှုနှင့် ကိုယ်ရေးဆိုင်ရာ လုံခြုံရေးအချက်အလက်များကို အထူးအလေးထားပြီး ကာကွယ်ပေးပါသည်။ ဖေ့စ်ဘွတ်ကို အသုံးပြုနေသူများ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ကျွန်ုပ်ကဲ့သို့ သင့်အား လိုက်နာလေးစားစေလိုသည်။



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉-၁၀-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၂,၅၉၉ | ၂၉,၈၈၈,၅၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၅၀ | ၂၁,၂၅၈ | ၇၇,၂၅၁,၂၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၁၁ | ၂၄၇,၅၀၀ |
| TMH | ၂,၉၀၀ | ၂,၉၅၀ | ၆၈၃ | ၂,၀၁၃,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၉

ရန်ကုန်(ရွှေဈေး) ၁၂၂၅၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၆၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၈၀/၉၂၅ ကျပ် | ၉၂၅/၉၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၇၀/၉၂၀ ကျပ် | ၉၆၀/၉၇၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၈၃၀ ကျပ် | ၈၆၀/၈၇၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၀/၉၃၅ ကျပ် | ၉၄၀/၉၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၀/၈၆၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၀/၈၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၆၅/၇၈၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၃.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၈၄.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၄.၉၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၅၂၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၂၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၆၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၉.၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇.၉၀ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၃.၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၀.၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်သည့် ကော်မတီ၏ အပြီးသတ်အစီရင်ခံစာရေးသားနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် အမျိုးသားလွှတ်တော်ရေးရာဆောင် (I–20) ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီ၏ အပြီးသတ်အစီရင်ခံစာရေးသားနိုင်ရေးအတွက် အချက်အလက်များကို ကြိုတင်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ(၁) ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အတွင်းရေးမှူး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်တို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒုတိယဝန်ကြီး ဦးတင်မြင့်တို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။**

◆ ရှေ့ဖုံးမှ

စက်တင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည့် Sugar Forum တွင် ကြံ စတင်စိုက်ပျိုးသည်မှ ဈေးကွက်ရောက်သည်အထိ ဟန်ချက်ညီဆောင်ရွက်နိုင်မည့် မူဝါဒများ ဆွေးနွေးခဲ့သည်ကို သိရပါကြောင်း၊ ဖိုရမ်တွင် ကြံစိုက်ပျိုးခြင်းမှသည် ဈေးကွက်အထိ ဟန်ချက်ညီဆောင်ရွက်နိုင်ရေးအတွက် မူဝါဒချမှတ်ဆောင်ရွက်သင့်သည့် အချက်အလက်များဖြစ်သည့် Short term ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၅)ရပ်၊ Medium term ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (၅)ရပ်၊ Long term ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (၂)ရပ် စုစုပေါင်း လုပ်ငန်းစဉ် (၁၂) ရပ်တို့ကို ဖော်ထုတ်ခဲ့သည်ကို သိရပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးကြရန်ဖြစ်ပါကြောင်း။

**အကြံဉာဏ်များရယူ**

မိမိတို့နိုင်ငံ၏ ပြည်ပပို့ကုန်ပစ္စည်းအမည်များတွင် အလားအလာအကောင်းဆုံးနှင့် ဈေးကွက်ကန့်သတ်ချက်အနည်းဆုံးဖြစ်သည့် ပို့ကုန်သည် ရေထွက်ပစ္စည်းဖြစ်သော ငါးနှင့် ပုစွန်မွေးမြူထုတ်လုပ်ခြင်းဖြစ်ပါကြောင်း၊ ကြံ၊ သကြားနှင့် ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များအနေဖြင့် ကြုံတွေ့ရသည့်အခက်အခဲများ၊ ရင်ဆိုင်ကျော်လွှားနိုင်မည့် နည်းလမ်းများ၊ လက်ရှိဖြစ်ပေါ်နေသည့် အဖြစ်အပျက်များနှင့် အကြံဉာဏ်များကို ရယူဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ ရရှိသည့်အချက်အလက်များကို အခြေခံ၍ အစည်းအဝေးများ ထပ်မံကျင်းပခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းနှင့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းစသည်တို့ကို လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း။

အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် တင်ပြဆွေးနွေးလိုသည်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ပွင့်လင်းမြင်သာစွာ ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**တင်ပြဆွေးနွေး**

ယင်းနောက် မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးလင်းက နှစ်စဉ်ပြည်တွင်းသကြားထုတ်လုပ်မှု၊ သကြားစက်ရုံများမှ အီသနောထုတ်လုပ်မှု၊ ကြံသကြားကဏ္ဍနှင့်ပတ်သက်၍ ရင်ဆိုင်ကြုံတွေ့နေရသည့်အခက်အခဲများ၊ ကျော်လွှားနိုင်မည့်နည်းလမ်းများ၊ ကြံသကြား စက်မှုလုပ်ငန်းများ ရေရှည်ရပ်တည်ရှင်သန်ရေး၊ အိမ်နီးချင်းနိုင်ငံများ၏ သကြားထုတ်လုပ်မှုအခြေအနေ၊ သကြားစက်ရုံများ၏ ဘေးထွက်ပစ္စည်းများမှ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်မှုအခြေအနေ၊ အစားထိုးလောင်စာ စွမ်းအင်ထုတ်လုပ်မှုနည်းပညာနှင့် စွမ်းရည်ဖွံ့ဖြိုးမှုအခြေအနေ၊ သကြားစက်ရုံများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချမှု အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အဖွဲ့ဝင် ဦးတင်မောင်က ကြံတစ်ဧက စိုက်ပျိုးထုတ်လုပ်မှု၊ သကြားစက်ရုံများတည်ဆောက်ထားရှိမှု၊ ကြံမှ အီသနောထုတ်လုပ်မှု၊ တင်လဲရည်ထုတ်လုပ်မှု၊ ပြည်ပသို့တင်ပို့ရောင်းချမှု၊ ကြံဘေးထွက်ပစ္စည်းများ အသုံးချနိုင်မှု၊ ကြံနှင့် သကြားစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများတွင် ပြည်တွင်းလုပ်သားများ အလုပ်အကိုင်ရရှိမှုများကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းထုတ်လုပ်မှုအခြေအနေ၊ ငါး၊ ပုစွန်ဖမ်းဆီးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ခေတ်မီကိရိယာများ လိုအပ်မှုအခြေအနေ၊ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များအတွက် စက်ရုံများလိုအပ်မှုအခြေအနေ၊ မွေးမြူရေးနည်းစနစ်များခေတ်မီရေး၊ ငွေကြေးအရင်းအနှီးရရှိရေးနှင့် ဈေးကွက်တွင် တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ဈေးကောင်းရရှိရေးဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများကိုလည်းကောင်း၊ အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ရေလုပ်ငန်းအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏ မိရိုးဖလာမွေးမြူရေးစနစ်မှ ခေတ်မီမွေးမြူရေးစနစ်သို့ မဖြစ်မနေပြောင်းလဲရန် လိုအပ်မှုအခြေအနေ၊ အိမ်နီးချင်းနိုင်ငံများနည်းတူ ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး လိုအပ်သည့်အခြေအနေများနှင့် ခေတ်မီမွေးမြူရေးလုပ်ငန်း စမ်းသပ်ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးသန့်စင်လွင်တို့က သကြားကဏ္ဍနှင့် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက သကြားကဏ္ဍနှင့် ငါးကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဌာနဆိုင်ရာနှင့် လုပ်ငန်းရှင်များပူးပေါင်း၍ နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ ရခိုင်ပြည်နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ရခိုင်ပြည်နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဆွေးနွေး**

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရနှင့်အတူ ဝန်ကြီးဌာနများက ကဏ္ဍအလိုက် ဝိုင်းဝန်းဆောင်ရွက်ပေးနေကြပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ကွင်းဆင်းဆောင်ရွက်ခဲ့မှုနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကွင်းဆင်းခဲ့သည့်ခရီးစဉ်တို့မှ တွေ့ရှိချက်နှင့် တင်ပြချက်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ တွေ့ရှိချက်နှင့် တင်ပြချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဌာနအလိုက်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးသွားရန်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးသည် ကွင်းဆင်းဆောင်ရွက်မှုအခြေအနေများကို သက်ဆိုင်ရာဝန်ကြီးဌာနများထံ ပေါင်းစပ်ညှိနှိုင်းပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်သူရိန်က ရခိုင်ပြည်နယ်သို့ ကွင်းဆင်းဆောင်ရွက်ခဲ့မှုများဖြစ်သည့် တိုက်ပွဲရှောင် တိုင်းရင်းသားများနှင့်တွေ့ဆုံ၍ ၎င်းတို့၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ လုံခြုံရေး စသည့်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးကိစ္စများ၊ တိုက်ပွဲရှောင်တိုင်းရင်းသားများအတွက် ယာယီခိုလှုံရာစခန်းများ တည်ဆောက်ပြီးစီးမှုများ၊ UEHRD အစီအစဉ်ဖြင့် ပြန်လည်လက်ခံမှုနှင့် ပြန်လည်နေရာချထားမှုများ၊ IDP စခန်းများ၏ အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးဌာနအလိုက် ကိုယ်စားလှယ်များက ဌာနအလိုက်ဆောင်ရွက်နေမှုများကို ပြန်လည်ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

# အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းနိုင်

**ရန်ကုန် အောက်တိုဘာ ၉**

၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၅ ရက်သည် နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့နှင့် ဒေသအသီးသီးမှ မျက်မမြင်ကျောင်းများ၊ အလုပ်ရုံများမှ မျက်မမြင်များအား ဖိတ်ကြား၍ နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ်လမ်းလျှောက်ပွဲကို ၁၉၉၂ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပပြီး အလှူရှင်များက လှူဒါန်းသည့် အလှူငွေနှင့် ပစ္စည်းများကို အချိုးကျ မျှဝေလှူဒါန်းပေးလျက်ရှိသည်။

ယခုနှစ်တွင်လည်း နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် လမ်းလျှောက်ပွဲကို အစဉ်အလာမပျက် ပြုလုပ်သွားမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် ကရုဏာထားမေတ္တာတရားဖြင့် အဝတ်အထည်၊ အစားအသောက်၊ ငွေကြေးများ လှူဒါန်းလိုပါက ဒေါ်နီနီအေး ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန ဖုန်း ၀၁–၂၅၁၄၁၇ နှင့် ဦးစစ်မင်းဟန် ဒုတိယညွှန်ကြားရေးမှူး စီမံခန့်ခွဲရေး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဖုန်း–၀၁–၂၅၂၁၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၁၉ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**နှစ်(၅၀)ပြည့် ရွှေရတု**

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကမ္ဘာ့စာပို့တိုက်နေ့အခမ်းအနားသည် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ စတင်ဖွဲ့စည်းခဲ့သည့် ၁၈၇၄ ခုနှစ် အောက်တိုဘာ ၉ ရက်ကို ဂုဏ်ပြုသည့်အခမ်းအနား ဖြစ်ပါကြောင်း၊ ကမ္ဘာ့စာပို့တိုက်နေ့အခမ်းအနားကို ၁၉၆၉ ခုနှစ်က ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ အာဏာပြည့်ညီလာခံ၏ အဆုံးအဖြတ်ဖြင့် စတင်ကျင်းပခဲ့ပြီး ယခုနှစ်သည် နှစ်(၅၀)ပြည့် ရွှေရတုနှစ်ဖြစ်ပါကြောင်း။

ယနေ့ခေတ်ကာလတွင် ICT နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် နိုင်ငံအချို့ရှိ စာတိုက်လုပ်ငန်းများသည် အခက်အခဲများနှင့် ရင်ဆိုင်လာရပါကြောင်း၊ သို့သော် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ၏ လေ့လာတွေ့ရှိချက်အရ စာပို့တိုက်လုပ်ငန်းများသည် ICT နှင့် နည်းပညာများကို အသုံးပြုပြီး ပိုမိုထိရောက်ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးအပ်လာနိုင်သည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ၏ အဆင့်သတ်မှတ်ချက်အနေဖြင့် ၂၀၁၆ ခုနှစ်တွင် အဆင့် (၁၂၆)မှ ၂၀၁၈ ခုနှစ်တွင် အဆင့်(၉၁)သို့ တိုးတက်လာခဲ့ပြီး Postal Development Indicator Score အနေဖြင့် ၂၀၁၆ ခုနှစ်တွင် ရမှတ် ၂၀ ဒသမ ၄၁ ရှိပြီး ၂၀၁၈ ခုနှစ်တွင် ရမှတ် ၃၁ ဒသမ ၉၆ ရှိခဲ့ပါကြောင်း၊ ကမ္ဘာ့အနှံ့ရှိ စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းများနည်းတူ မြန်မာ့စာတိုက်လုပ်ငန်းသည် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေပြီး ကမ္ဘာ့စာပို့တိုက်သမဂ္ဂမှ ချမှတ်ထားသည့် စည်းမျဉ်းများနှင့်အညီ စာတိုက်ဝန်ဆောင်မှုလုပ်ငန်းများကို အများပြည်သူအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နီနီဟန်က ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ် (UPU) ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သော ၂၀၁၉ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အသက်(၁၅)နှစ်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) အကဲဖြတ်ဥက္ကဋ္ဌ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ပေးစာရေးပြိုင်ပွဲ အကဲဖြတ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က (၄၈)ကြိမ်မြောက် အသက်(၁၅) နှစ်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်) တွင် ပထမဆုရရှိသည့် မရွှန်းလဲ့ဝင်းနှင့် ဒုတိယဆုရရှိသည့် မောင်ကျော်စံဝေတို့ကို ဆုများချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးသာဦးက တတိယဆုရရှိသည့် မောင်ကောင်းထက်သော်ကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းက အထူးဆုရရှိသည့် မအိမ့်သံဇဉ်ဦးကိုလည်းကောင်း ဆုများချီးမြှင့်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်) တွင် ပထမဆုရရှိသည့် မရွှန်းလဲ့ဝင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

**ဆုများချီးမြှင့်**

ထို့နောက် မြန်မာ့စာတိုက်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခမ်းအောင်က သမာရိုးကျဝန်ဆောင်မှု မဟုတ်ဘဲ အထူးဝန်ဆောင်မှုအနေဖြင့် ဆောင်ရွက်ခဲ့ကြသော လုပ်ငန်းများတွင် ထူးချွန်ဆုရရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်စာတိုက်များမှ စာတိုက်တာဝန်ခံများကို ဆုများချီးမြှင့်သည်။

ယင်းနောက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းအောင်တို့က ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများကို စာပို့တိုက်နေ့ အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး နိုင်ငံတကာပေးစာရေးပြိုင်ပွဲတွင် ဆုရရှိကြသူများကိုယ်စား မရွှန်းလဲ့ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ၂၀၁၉ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့်ဦးဆောင်ကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။



အစည်းအဝေးတွင် မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အာဟာရဖွံ့ဖြိုးမှုသည် နိုင်ငံသားတိုင်း၏ ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေးအတွက် သာမက ဉာဏစွမ်းအား ပြည့်ဝမြင့်မားရေးအတွက်ပါ အရေးအကြီးဆုံးအချက်ဖြစ်ပြီး နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အုတ်မြစ်အခြေခံလည်းဖြစ်ပါကြောင်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အကောင်းဆုံးသော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် "ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအဆင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း (Multi-sectoral national plan of action on nutrition) (၂၀၁၈-၂၀၂၃)" ကို ရေးဆွဲခဲ့ပြီး ဝန်ကြီးဌာနများမှ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**တိုက်တွန်းပြောကြား**

ရောဂါဘယများ ဖြစ်ပွားမှုနှင့် အာဟာရပြည့်ဝဖွံ့ဖြိုးမှု အခြေအနေတို့သည် အပြန်အလှန်ဆက်စပ်လျက်ရှိသောကြောင့် ဝန်ကြီးဌာနအနေဖြင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့အာဟာရလှုပ်ရှားမှု Scaling up nutrition (SUN) movement အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ "ဘဝရှေ့ဆောင်ရက်တစ်ထောင်"ဆောင်ပုဒ်နှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အာဟာရဖွံ့ဖြိုးမှု အကြံပြုဆွေးနွေးခြင်း၊ ကိုယ်ဝန်ဆောင်နှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များ အာဟာရစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများကို ၂၀၁၃ ခုနှစ်မှစတင်၍ ကွန်ရက် ငါးခုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအာဟာရဖွံ့ဖြိုးမှု မြှင့်တင်ရေးအတွက် လက်တွေ့မြေပြင်တွင် အမှန်တကယ် ဆောင်ရွက်သွားနိုင်မည့် လုပ်ငန်းစဉ်များကို ချမှတ်၍ သက်ဆိုင်သည့် ကဏ္ဍပေါင်းစုံပါဝင်မှု၊ ပညာရှင်ပေါင်းစုံပါဝင်မှု၊ အဖွဲ့အစည်းပေါင်းစုံပါဝင်မှုတို့ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

**စီစဉ်ဆောင်ရွက်**

ထို့နောက် အမျိုးသားအဆင့် ဦးဆောင်ကော်မတီအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဝန်ကြီးဌာနအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်း၍ အာဟာရပြည့်ဝသော သီးနှံ၊ သားငါးအမယ်စုံလင်စွာ ထုတ်လုပ်ပေးနိုင်ရေးဟူသည့် ရည်မှန်းချက်များဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာတွင် အမယ်စုံ စိုက်ပျိုးထုတ်လုပ်နိုင်ရန် အိမ်ထောင်စုများတွင် ဥယျာဉ်ခြံစိုက်ပျိုးခြင်း၊ သွင်းအားစုများ ပံ့ပိုးပေးခြင်း (မျိုးစေ့၊ တိရစ္ဆာန်၊ ကျန်းမာရေးစောင့်ရှောက်မှု)၊ ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့်ပတ်သက်သော ဗဟုသုတများမျှဝေရန် ဝန်ထမ်းများအား သင်တန်းပေးခြင်း၊ ဝင်ငွေတိုးတက်ရရှိစေရန် မွေးမြူရေးလုပ်ငန်း (ဝက်၊ ဆိတ်၊ တိုင်းရင်းကြက်) တိုးချဲ့ဆောင်ရွက်ခြင်း၊ အသေးစားငါးမွေးမြူခြင်းလုပ်ငန်းများနှင့် စပါး - ငါးမွေးမြူရေးစနစ်များ စမ်းသပ်လုပ်ကိုင်ခြင်း၊ ဘေးကင်းလုံခြုံသော အစားအစာများ လက်လှမ်းမီရရှိစေရန် လုပ်ကွက်ငယ်တောင်သူများကို ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ၊ ကောင်းမွန်သော မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ကောင်းမွန်သောရေလုပ်ငန်းဆိုင်ရာ အလေ့အကျင့်ကောင်းများ စသည်တို့ကို လိုက်နာဆောင်ရွက်ရန် ပညာပေးခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိရန်အတွက် စက်ရေတွင်းတူးခြင်း အပါအဝင် ရေသန့်ရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဥရောပသမဂ္ဂမှ ဝန်ကြီးဌာနသို့ အာဟာရမြှင့်တင်ရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်အတွက် တိုက်ရိုက်ထောက်ပံ့ရန်ပုံငွေ ယူရိုသန်း ၇၀နှင့် ဖြည့်စွက်ရန်ပုံငွေ ယူရို ၄၂ သန်း စုစုပေါင်း ယူရို ၁၁၂ သန်းဖြင့် MS-NPAN နှင့် ADS ၏ လုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေမည့် Nutrition Sector Reform Contract-NSRC ကို ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားအဆင့် ဦးဆောင်ကော်မတီအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးလုပ်ငန်းများတွင် အစွမ်းကုန်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ထည့်သွင်းရေးဆွဲ**

ဆက်လက်၍ အမျိုးသားအဆင့်ဦးဆောင်ကော်မတီအဖွဲ့ဝင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ အရည်အသွေးပြည့်ဝသည့် ပညာရေးကို ရရှိနိုင်ရေးနှင့် သင်ယူတတ်မြောက်မှုမြင့်မားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ကျောင်းစာသင်နှစ် ပြက္ခဒိန်တွင် ကျောင်းကျန်းမာရေးအဆင့်မြှင့်တင်မှု လုပ်ငန်းများကို ထည့်သွင်းရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့်ဦးဆောင်ကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း၏ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် စီမံကိန်းရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးပြီး ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ချမှတ်ကြသည်။

ယင်းနောက် ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အမျိုးသားအဆင့်ဦးဆောင်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများက လုပ်ငန်းပိုင်းဆိုင်ရာများကို ပေါင်းစပ်ညှိနှိုင်းပေးကြသည်။ **သတင်းစဉ်**

# ကန်းရုပ်ရှင်ပွဲတော်ဆုရ ရုပ်ရှင်ဇာတ်ကား "LEVIATHAN" ကို လေ့လာမှုအစီအစဉ်ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၉**

ဒါရိုက်တာ "Andrey Zvyagintsev" ၏ လက်ရာကောင်းတစ်ခုဖြစ်သော "Leviathan" ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်မည်။

ယင်းအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၂၇)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါ ဇာတ်လမ်းအမျိုးအစားမှာ Russian Drama Film ဖြစ်ပြီး ၂၀၁၄ ခုနှစ်က Cannes Film Festival တွင် Best Screen Play ဆုရရှိခဲ့ကြောင်း၊ ဇာတ်လမ်းအကျဉ်းမှာ ရုရှားနိုင်ငံ၏ ပင်လယ်ကမ်းစပ်မြို့တွင် မိသားစုနှင့်အတူ ရိုးသားစွာ လုပ်ကိုင်စားသောက်နေသူတစ်ဦးသည် ၎င်းနေအိမ်ကို အကျင့်ပျက်ခြစားနေသော မြို့တော်ဝန်၏ အမိန့်အရ ဖျက်သိမ်းပေးရန်ရှိလာသဖြင့် သူငယ်ချင်းဖြစ်သူ ရှေ့နေတစ်ယောက်အား အကူအညီတောင်းခံခဲ့ရာမှ ပိုမိုဆိုးရွားသည့် ကံကြမ္မာကို ရင်ဆိုင်ရကြောင်း၊ ယင်းဇာတ်ကားသည် ရုရှားနိုင်ငံတွင် အာဏာပိုင်တချို့၏ အကျင့်ပျက်ခြစားမှုကို အခြေတည်၍ ရိုက်ကူးပုံဖော်ထားသော ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၉**

(၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် နယူးယောက်မြို့တွင် ကျင်းပသော (၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမူဝါဒ ရေးရာဆွေးနွေးပွဲသို့ တက်ရောက်၍ မြန်မာနိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်အဖြစ် ကျူးဘားနိုင်ငံသို့ တရားဝင် ခရီးသွားရောက်ခဲ့ပြီး ယနေ့တွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။

### မိန့်ခွန်းပြောကြား

(၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ စက်တင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ အဆင့်မြင့်ရက်သတ္တပတ်ကာလအတွင်း ကျင်းပသည့် အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားသည့် အစီအစဉ်၌ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် စက်တင်ဘာ ၂၈ ရက်တွင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။

နယူးယောက်မြို့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်နေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Pham Binh Minh၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Don Pramudwinai၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဒုတိယဝန်ကြီး Mr. David Hale၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer နှင့် Universal Peace Federation ဥက္ကဋ္ဌ Mr. Thomas G. Walsh တို့နှင့် သီးခြားစီ တွေ့ဆုံခဲ့သည်။

### တက်ရောက်

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၃ ရက်တွင် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် မြန်မာ-တရုတ်-ဘင်္ဂလားဒေ့ရှ်နိုင်ငံများအကြား သုံးပွင့်ဆိုင်အလွတ်သဘော ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး Dr. A. K.Abdul Momen၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener တို့ တက်ရောက်ခဲ့ကြသည်။

### ညှိနှိုင်းဆွေးနွေး

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နေရပ်စွန့်ခွာသူများကိစ္စရပ်ကို ဖြေရှင်းရေးအတွက် တစ်ခုတည်းသော နည်းလမ်းမှာ နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးခြင်းသာဖြစ်ပြီး မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသော သဘောတူညီချက်များနှင့်အညီ မြန်မာနိုင်ငံအနေဖြင့် ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် အဆင်သင့်ဖြစ်နေမှုတို့ကို ထပ်လောင်းပြောကြားခဲ့သည်။ ဆွေးနွေးပွဲအတွင်း ပြန်လည်လက်ခံရေးအတွက် နှစ်နိုင်ငံလုံးမှ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ပြန်လည်သုံးသပ်ခဲ့ကြပြီး ရခိုင်ပြည်နယ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းမှုမြှင့်တင်ရေးအပါအဝင် ညှိနှိုင်းဆွေးနွေးခြင်းများဖြင့် ပြဿနာကို ဖြေရှင်းသွားကြရန် သဘောတူညီခဲ့ကြသည်။

### တည်ခင်းဧည့်ခံ

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၄ ရက်တွင် အထွေထွေညီလာခံသို့ တက်ရောက်ကြသော ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲနှင့် အမေရိကန်သမ္မတက တည်ခင်းဧည့်ခံသည့် ညစာစားပွဲတို့သို့လည်းကောင်း၊ စက်တင်ဘာ ၃၀ ရက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့လည်းကောင်း တက်ရောက်ခဲ့သည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် (၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲသို့ တက်ရောက်ပြီးနောက် မြန်မာနိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်အဖြစ် ကျူးဘားနိုင်ငံ ဟာဗားနားမြို့သို့ အောက်တိုဘာ ၂ ရက်မှ ၅ ရက်အထိ ဆက်လက်သွားရောက်ခဲ့သည်။

ကျူးဘားနိုင်ငံခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ကျူးဘားနိုင်ငံ ဒုတိယသမ္မတ Mr. Roberto Morakes Ojeda၊ ကျူးဘားနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီး Mr. Jose Angel Portal Miranda နှင့် ကျူးဘားနိုင်ငံခြားရေးဝန်ကြီး Mr. Bruno Eduardo Rodriguez Parrilla တို့နှင့် သီးခြားစီ တွေ့ဆုံခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၄ ရက် ညနေပိုင်းတွင် ကျင်းပသည့် ဟာဗားနားမြို့ မြန်မာသံရုံးဖွင့်လှစ်သည့် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

### ပြန်လည်ရောက်ရှိ

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၅ ရက်တွင် ဟာဗားနားမြို့ရှိ Jose Marti အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကာ ယင်းနေ့ ညနေပိုင်းတွင် နယူးယောက်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

(၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အဆင့်မြင့်ကာလအတွင်း ကျင်းပခဲ့သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်နိုင်ငံရေးဖိုရမ်၊ Global Call to Protect Religious Freedom Side Event၊ 70 years of the Geneva Conventions Side Event၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ် (CRC) ၏ နှစ် (၃၀) ပြည့်အခမ်းအနား၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (NAM) ၏ ဝန်ကြီးအဆင့်အစည်းအဝေး၊ (၄၃) ကြိမ်မြောက် G-77 နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေး (IAMM)၊ (၆) ကြိမ်မြောက် အာဆီယံ-ပစိဖိတ်မဟာမိတ်ဝန်ကြီးများအဆင့် အစည်းအဝေး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ အထွေထွေညီလာခံ သဘာပတိတို့အကြား အစည်းအဝေး (AUMM) တို့ကို တက်ရောက်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး Hon Marise Payne၊ ဒိန်းမတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mr. Rasmus Prehn၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီး Ms. Eriksen Søreide၊ ဗင်နီဇွဲလား ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Ruben Dario Molina၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba နှင့် ပဋိပက္ခအတွင်း အမျိုးသမီးအကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Pramila Patten၊ ဥရောပသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ် Mr. Eamon Gilmore နှင့် ကမ္ဘာ့စီးပွားရေးဖိုရမ် (WEF) ဥက္ကဋ္ဌ Mr. Borge Brende တို့နှင့် သီးခြားစီတွေ့ဆုံခဲ့သည်။

### လက်မှတ်ရေးထိုး

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၆ ရက်တွင် နော်ဝေနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ်အတွင်း မြန်မာ-နော်ဝေနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံရေးညှိနှိုင်းဆွေးနွေးပွဲများ တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၄ ရက်တွင် ဥရောပသမဂ္ဂမှ တည်ခင်းသည့် ဧည့်ခံပွဲနှင့် ၂၅ ရက်တွင် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့ အတွင်းရေးမှူးချုပ်မှ တည်ခင်းသည့် နေ့လယ်စာစားပွဲတို့သို့ တက်ရောက်ခဲ့သည်။

### ပေးအပ်ခဲ့

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပခဲ့သည့် ၂၀၁၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများချုပ်ဆိုပွဲအခမ်းအနား (Treaty Event 2019) သို့တက်ရောက်ခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုနှင့်စပ်လျဉ်း၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း၏နောက်ဆက်တွဲစာချုပ် (CRC-OPAC) သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ရေးစာချွန်လွှာ (Instrument of Ratification) ကို စာချုပ်ထိန်းသိမ်းသူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံသို့ ကုလသမဂ္ဂဥပဒေရေးရာဌာန အကြီးအကဲမှတစ်ဆင့် ပေးအပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၃၀ ရက်တွင် ဗွီအိုအေ မြန်မာပိုင်းအစီအစဉ်၏ တွေ့ဆုံမေးမြန်းမှုကို လက်ခံဖြေကြားခဲ့ပြီး အောက်တိုဘာ ၃ ရက်တွင် Asia Society Policy Institute မှ Managing Director ဖြစ်သူ Ms. Debra Eisenman အား လက်ခံတွေ့ဆုံကာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုအခြေအနေနှင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးအခြေအနေတို့အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကမ္ဘာ့ဘဏ်မှ Mr. Christophe Crepin နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ကမ္ဘာ့ဘဏ်မှ Environment, Natural Resources and Blue Economy ဆိုင်ရာမန်နေဂျာ Mr. Christophe Crepin နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာခြင်းနှင့် သစ်တောကဏ္ဍရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံကိန်းနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းအတွက် ဝန်ထမ်းများနှင့် ဝန်ဆောင်မှုပေးမည့်သူများအား စွမ်းဆောင်ရည်မြှင့်တင်ရန် အစီအစဉ်၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ ပိုမိုခိုင်မာအားကောင်းစေရေး ဆောင်ရွက်မည့်လုပ်ငန်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ စီမံအုပ်ချုပ်ခြင်းနှင့် သစ်အခြေခံစက်မှုလုပ်ငန်းမြှင့်တင်ဆောင်ရွက်ရန်လိုအပ်ချက်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့်ဆင်ထိန်းသိမ်းရေးအခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှု၊ ပလတ်စတစ် အပါအဝင် စွန့်ပစ်ပစ္စည်းများဆိုင်ရာ ကြီးကြပ်ဆောင်ရွက်မှုနှင့် ပလတ်စတစ်အမှိုက်ဆိုင်ရာလေ့လာမှုအား မြို့ကြီး ငါးမြို့တွင် ဆောင်ရွက်မည့် အခြေအနေများ၊ ပလတ်စတစ်အမှိုက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်၊ ဌာနအလိုက်ဆောင်ရွက်ချက်၊ စိန်ခေါ်မှုများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**



## သတင်းလမ်းညွှန်

### လပွတ္တာမြို့တွင် စက်မှု၊ လက်မှုသင်တန်းများ အခမဲ့ ဖွင့်လှစ်မည်

**လပွတ္တာ အောက်တိုဘာ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန တိုင်းဒေသကြီး (ပုသိမ်) ကွပ်ကဲမှုအောက်ရှိ စက်မှုသင်တန်းကျောင်း(လပွတ္တာ)နှင့် အိမ်တွင်းမှုသင်တန်းကျောင်း (လပွတ္တာ)တွင် စက်မှု၊ လက်မှုသင်တန်းများကို နေထိုင်စားသောက်မှု၊ ပညာသင်ကြားမှုအား ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ အခမဲ့ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စက်မှုသင်တန်းကျောင်း(လပွတ္တာ) တွင် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၉ ရက်မှ ၂၀၂၀ ပြည့်နှစ် မတ် ၂၆ ရက်အထိ လျှပ်စစ်သင်တန်း၊ ဂဟေဆက်သင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းများကို သင်တန်းသား ၆၀ ဖြင့် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ တက်ရောက်လိုပါက အောက်တိုဘာ ၉ ရက်မှ ၂၇ ရက်အထိ လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁)ကို အိမ်တွင်းမှုသင်တန်းကျောင်း (လပွတ္တာ)တွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ ၂၀၂၀ ပြည့်နှစ် မတ် ၁၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းသို့ တက်ရောက်လိုပါက အောက်တိုဘာ ၉ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

တက်ရောက်လိုသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ဦးသိန်းဦး (ဒုတိယညွှန်ကြားရေးမှူး) တိုင်းတာဝန်ခံ ဖုန်း-၀၉-၂၅၀၃၂၄၁၈၀၊ ဦးသူရနိုင် (အကြီးတန်းစာရေး) စုဆောင်းရေးမှူး ဖုန်း-၀၉-၄၂၂၅၃၂၀၄၉ နှင့် ၀၉-၇၈၀၄၁၆၂၁၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သျှားထက်(ခတု)**

### အပြည်ပြည်ဆိုင်ရာဆန်စပါးပွဲတော်နှင့် ညီလာခံတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသမည်

**ရန်ကုန် အောက်တိုဘာ ၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟီလုံချောင်းပြည်နယ် ဟာဘင်မြို့တွင် ကျင်းပမည့် ဒုတိယအကြိမ် ဟီလုံချောင်းအပြည်ပြည်ဆိုင်ရာ ဆန်စပါးပွဲတော်နှင့် ညီလာခံတွင် မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ပါဝင်တက်ရောက်မည်ဖြစ်သည်။ အဆိုပါပွဲတော်တွင် မြန်မာ့ထုတ်ကုန်ဆန်စပါးဈေးကွက်ပိုမိုရရှိစေရေးအတွက် မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ပါဝင်ပြသမည်ဖြစ်သည်။ ဆန်စပါးပွဲတော်တွင် နိုင်ငံတကာမှ ဆန်များ၏ အရည်အသွေးကို အကဲဖြတ်ပြီး ဆုပေးအပ်၍ ဂင်းနစ်မှတ်တမ်းတွင် မှတ်တမ်းတင်မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ပေါ်ဆန်းမွှေးဆန်ဖြင့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပွဲတော်နှင့်ညီလာခံသို့ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ အိန္ဒိယ၊ အမေရိကန်နှင့် မလေးရှားတို့ပါဝင်၍ လူဦးရေ ၃၀၀၀ ခန့် တက်ရောက်ကြမည်ဖြစ်သည်။ **အောင်သူရ**

# ခေါင်လန်ဖူးပညာရေးနှင့် ခယောင်းလမ်းမှာ ပွင့်သောပန်း (၁)

မြင့်မောင်စိုး

မြန်မာပြည်မြောက်ဖျား ကချင်ပြည်နယ် ပူတာအိုဒေသဖြစ်သည့် ပူတာအို၊ နောင်မွန်၊ မချမ်းဘော့၊ ပန်နန်းဒင်နှင့် ခေါင်လန်ဖူးဒေသများကို ကြားသာကြားဖူးသည်။ ဝေးလံခေါင်ဖျားဒေသဖြစ်သည့်အလျောက် ကိုယ်တိုင်ကိုယ်ကျ ရောက်ဖူးခြင်းမရှိပါ။ သွားရောက်လည်ပတ်လိုသောဆန္ဒရှိသော်လည်း သွားရောက်ရန်အခွင့်အလမ်းကားမကြုံ။

ဤမြေ၊ ဤဒေသသို့ ကျွန်တော့်အနေဖြင့်သွားရောက်လည်ပတ်လိုသောအဓိကအချက်မှာ ပူတာအိုဒေသသည် ရေခဲတောင်များဖြင့် ရစ်သိုင်းဖွဲ့နှောင်ထားသော သဘာဝအလှတရားများနှင့် ဒေသနေတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်များကို အနီးကပ်လေ့လာလိုသောကြောင့်ပင်ဖြစ်၏။ ထို့အပြင် အမိမြန်မာပြည်၏ အသက်သွေးကြောရောဝတီမြစ်ကြီးကို စတင်မွေးဖွားပေးရာ မေခနှင့် မလိခမြစ်များကို စေ့ငုလိုသောကြောင့်ပင်ဖြစ်ပါသည်။

အမှန်အားဖြင့်ဆိုရလျှင် ကျွန်တော်သည် သတင်းသမားပီပီ မြန်မာနိုင်ငံအစွန်အဖျားဒေသ တော်တော်များများကို ရောက်ဖူးသည်။ မြန်မာနိုင်ငံ၏အရှေ့ဘက်ဆုံးဒေသများဖြစ်သည့် ကျိုင်းတုံ၊ တာချီလိတ်၊ မူဆယ်၊ လွယ်ဂျယ်အစရှိသောမြို့များ၊ အနောက်ဘက်ဆိုလျှင် ဘူးသီးတောင်၊ မောင်တော၊ တောင်ပြိုလက်ဝဲမြို့များ၊ တောင်ဘက်ဆိုလျှင် မြိတ်၊ ကော့သောင်းမြို့များသို့ တာဝန်ဖြင့် ရောက်ခဲ့ဖူးပါသည်။

သို့သော်လည်း မြန်မာနိုင်ငံ၏မြောက်ဘက်အစွန်အဖျားမြို့ဖြစ်သော ပူတာအိုကိုကား ရောက်ဖူးခြင်းမရှိသေးပေ။ ရောက်ရန်လည်းအကြောင်းအရာမရှိ။ ရောက်ဖို့လည်း ကြိုးစားခဲ့ခြင်း အလျှင်းမရှိ။ သို့အတွက်ကြောင့်လည်း ပူတာအိုနှင့်အဝေးကြီးဝေးခဲ့ရသည်။

"ဟော--အခုတော့---ပူတာအိုကို ရောက်ဖို့အခွင့်အလမ်းကြုံပြီ "

ပူတာအိုကိုအရောက်သွားဖို့ အကြောင်းကဖန်လာသည်။ ပူတာအိုကို တာဝန်နှင့်သွားရောက်လေ့လာခွင့်ရတော့မှာမို့ ကျွန်တော်ကျေနပ်သည်။ စီစဉ်ပေးသောအထက်လူကြီးများကိုလည်း ကျေးဇူးတင်မိ၏။ အမှန်စင်စစ် ဤခရီးသည် ခက်ခဲကြမ်းတမ်းလှသည့် ခရီးကြမ်းတစ်ခုပင်ဖြစ်၏။ အစားကြမ်း၊ အနေကြမ်း၊ ခရီးလည်းကြမ်းသည့် စွန့်စားသွားလာရသည့်ခရီးပင်ဖြစ်၏။ သို့သော် စွန့်စားသွားလာမှုကိုနှစ်သက်သော ကျွန်တော့်အဖို့တော့ ရွှေလမ်း၊ ငွေလမ်း၊ ပန်းခင်းလမ်းပင် ဖြစ်၏။

ထိုခရီးကိုသွားရောက်ခွင့်ရသော အဓိကအကြောင်းမှာကား မြန်မာနိုင်ငံ၏ ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပေးအပ်သောတာဝန် ဝတ္တရားများကို အခက်အခဲမျိုးစုံကြားမှ ကျေပွန်စွာထမ်းဆောင်နေရမှုများကို ပြည်သူများသိရှိစေရန် ကချင်ပြည်နယ် ပူတာအို၊ နောင်မွန်၊ မချမ်းဘော့၊ ပန်နန်းဒင်နှင့် ခေါင်လန်ဖူးမြို့များသို့သွားရောက်ကာ သတင်းဆောင်းပါးများ ရေးသားတင်ပြရန်ဖြစ်ပါသည်။

## ဝေးလံခေါင်ဖျား ခေါင်လန်ဖူးဒေသ

ဤခရီးစဉ်တွင် ကျွန်တော်အပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသားရုပ်သံရိုက်ကူးရေးအဖွဲ့လည်းပါသည်။ ကျွန်တော်တို့အဖွဲ့သည် ခရီးစဉ်စတင်မထွက်ခွာမီ လမ်းခရီးတစ်လျှောက် အဆင်ပြေချောမွေ့စေရန်အတွက် ကချင်ပြည်နယ်အစိုးရ၊ ပြည်နယ်ပညာရေးမှူးရုံးတို့နှင့် ဦးစွာညှိနှိုင်းဆောင်ရွက်ကြရသည်။ ခရီးစဉ်တစ်လျှောက်လုံး ပြည်နယ်ပညာရေးမှူးရုံးက သွားရေးလာရေးအဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ အဓိကအားဖြင့် ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးနှင့်တာဝန်ခံအရာရှိ ဦးဂျေရဲဆာတို့က စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

"ကျွန်တော်တို့ကတော့ ဝေးလံခေါင်ဖျားဒေသလို့ဆိုတဲ့အတွက် ခေါင်လန်ဖူးကိုသွားဖို့ ရွေးချယ်ထားပါတယ်။ ခေါင်လန်ဖူးက အခြားဒေသတွေနဲ့စာရင် သွားရတာလည်း ခက်ခဲပါတယ်။ နောင်မွန်တို့၊ ပန်နန်းဒင်တို့က သွားရေးလာရေးလွယ်ကူနေပြီဖြစ်ပါတယ်။ ဒီအတွက် ပူတာအိုခရိုင်ထဲက သွားလာရေးအဝေးဆုံးဒေသဖြစ်တဲ့ ခေါင်လန်ဖူးကိုသွားဖို့ရွေးချယ်ထားပါတယ်"ဟု ဦးဂျေရဲဆာက ရှင်းပြသည်။

ခေါင်လန်ဖူးဒေသသို့သွားရောက်ရန် ခရီးစဉ်အကျဉ်းကိုဖော်ပြရလျှင် မြစ်ကြီးနားမှ ပူတာအို၊ ပူတာအိုမှမဂွေဇ၊ မဂွေဇကြားစခန်းမှ ဆန်းလွတ်ချက်တောင်ထိပ်၊ ဆန်းလွတ်ချက်တောင်ထိပ်မှ နုဝမ်ဂေါင်၊ နုဝမ်ဂေါင်မှ ဖူးလွမ်း၊ ဖူးလွမ်းမှ ရီဒမ်၊ ရီဒမ်မှ ခေါ်ဘူဒဲ၊ ခေါ်ဘူဒဲမှ ထလားလော်၊ ထလားလော်မှ ခေါင်လန်ဖူးသို့ ဖြစ်ပါသည်။

ခရီးစဉ်တစ်လျှောက်တွင် ကားဖြင့်သွားရသောခရီး၊ ဆိုင်ကယ်ဖြင့်သွားရသောခရီး၊ ခြေကျင်သွားရသောခရီးဟူ၍ ခရီးအမျိုးအစား သုံးမျိုး ပါဝင်ပါသည်။ ကား၊ ဆိုင်ကယ်ဖြင့်သွားရသောခရီးသည် လွန်စွာပင်ပန်းသည်ဟုမဆိုနိုင်သော်ငြားလည်း ခြေကျင်မှာ ပေပေါင်းထောင်ချီ၍ မတ်စောက်သောတောင်များကို အထုပ်အပိုးများ ထမ်းကာတက်ရသည့်ခရီးလမ်းသည် မည်ရွေ့မည်မျှ ပင်ပန်းဆင်းရဲမည်ဆိုတာကို အထူးပြောစရာမလိုပါ။

သို့သော် မည်ရွေ့မည်မျှပင်ပန်းစေကာမူ" ငါတို့သည် ပေးအပ်သောတာဝန်ကို ကျေပွန်စေရမည်"ဟူသော သန္နိဋ္ဌာန်ကိုခိုင်မာစွာချမှတ်၍ ခေါင်လန်ဖူးဒေသသို့အရောက်သွားဖို့သာရှိတော့သည်။ ခေါင်လန်ဖူးဒေသသို့သွားရောက်ရာလမ်းတစ်လျှောက်တွင် ပူတာအိုဒေသ၏ လှပသောရေမြေတောတောင်များ၊ သဘာဝတောရိုင်းတိရစ္ဆာန်များ၊ ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ နေထိုင်စားသောက်ပုံများ၊ ပညာရေးဝန်ထမ်းများ၏ အခက်အခဲများကြားမှ ဒေသခံကလေးသူငယ်များအား ပညာတတ်များဖြစ်လာအောင် ကြိုးပမ်းအားထုတ်သင်ကြားပေးနေမှုများ စသော အကြောင်းအရာပေါင်းများစွာကို မြင်တွေ့ရမည်ဖြစ်ပါသည်။

ပူတာအိုကိုတွေ့ရပြီ ။

ဇွန်လ ၇ ရက်နေ့တွင် ခရီးစဉ်စတင်။

ကျွန်တော်တို့သတင်းရိုက်ကူးရေးအဖွဲ့သည် ခေါင်လန်ဖူးဒေသသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ပညာရေးဝန်ထမ်းများ၊ ကျောင်းဆရာမလေးများနှင့်အတူ မြစ်ကြီးနားမြို့လေဆိပ်မှ လေကြောင်းခရီးဖြင့်ပူတာအိုမြို့သို့ဦးတည်ကာ နံနက်၁၀ နာရီတွင် စတင်ထွက်ခွာလာကြသည်၊ လေယာဉ်စီးချိန် မိနစ် ၄၀ ခန့်သာ ကြာသည်။ ပူတာအိုလေဆိပ်သို့ လေယာဉ်ဆင်းသည်ဆိုလျှင်ပင် ပြေးလွှားဆော့ကစားနေသော တိမ်တိုက်ကြီးများအောက်တွင် ကျောက်စိမ်းရောင်တောင်တန်းကြီးများ၊ မြရောင်လွှမ်းနေသော လယ်ကွင်းပြင်များ၊ ချောင်းငယ်မြောင်းငယ်များကို လှပစွာတွေ့လိုက်ရသည်။ ပူတာအိုဒေသ၏အလှပဆုံး သဘာဝပန်းချီကားချပ်ကြီးပေတည်း။

လေယာဉ်မှအဆင်း ပူတာအိုမြို့ရှိ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်စင်နှင့်လည်း အပြေးအလွှားနှုတ်ဆက်လိုက်ရသေးသည်။ ဦးသန့်စင်က ပူတာအိုနှင့်ပတ်သက်သောဒေသန္တရအခြေအနေများနှင့်ပတ်သက်၍ရှင်းပြသည်။

"ကျွန်တော်တို့ခရိုင်အတွင်းမှာတော့ မြို့နယ် ငါးခုနဲ့ မြို့ တစ်မြို့တို့ပါဝင်ဖွဲ့စည်းထားပါတယ်။ မြို့နယ်တွေကတော့ ပူတာအိုမြို့နယ်၊ မချမ်းဘော့မြို့နယ်၊ နောင်မွန်မြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်နဲ့ ဆွမ်ပရာဘွမ်မြို့နယ်တွေပဲ ဖြစ်ပါတယ်။ မြို့တစ်ခုကတော့ မြန်မာနိုင်ငံရဲ့ မြောက်ဘက်အကျဆုံး ပန်နန်းဒင်မြို့ပဲ ဖြစ်ပါတယ်။ ပူတာအိုခရိုင်အတွင်းမှာတော့ ကချင်မျိုးနွယ်စုတွေဖြစ်တဲ့ လီဆူနဲ့ ရဝမ်မျိုးနွယ်စုတွေအများဆုံး နေထိုင်ကြပါတယ်။ ကိုးကွယ်ယုံကြည်မှုအနေနဲ့ကတော့ ခရစ်ယာန်ဘာသာဝင် ၈၀ ရာခိုင်နှုန်းနဲ့ ဗုဒ္ဓဘာသာဝင် ၂၀ ရာခိုင်နှုန်း ရှိပါတယ်။ ပူတာအိုခရိုင်အတွင်းမှာတော့ အလွန်လှပတဲ့ရေခဲတောင်တွေရှိပါတယ်။ ဒါကြောင့်လည်း ပူတာအိုကိုလူသိများပါတယ် "ဟု ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်စင်က ပြောသည်။

ပူတာအိုမှာ လီဆူစာပေပြန့်ပွားရေးအတွက် အသင်းမှဆရာများကလည်း အသင်းတော်တိုင်းမှာ လီဆူစာပေဘာသာရပ်ကို တနင်္ဂနွေမနက်တိုင်း သင်ကြားပေးနေပါတယ်။ လီဆူစာပေယဉ်ကျေးမှုကော်မတီကလည်း နွေရာသီကျောင်းပိတ်ရက်တွေမှာ ကျောင်းသား ကလေးသူငယ်တွေကို လီဆူစာပေသင်ကြားပေးနေပါတယ်။ အခြေခံပညာကျောင်းတွေမှာလည်း လီဆူစာပေသင်ကြားရေး မူဝါဒရှိသည့်အားလျော်စွာ ဖွင့်လှစ်သင်ကြားလာတဲ့အတွက် ၂၀၁၇ -၂၀၁၈ ပညာသင်နှစ်ကစပြီး လီဆူကျေးရွာတွေမှာ လီဆူစာပေကျွမ်းကျင်တဲ့ဆရာမလေးတွေ ခန့်အပ်ပြီးတော့ သင်ကြားရေးလုပ်ငန်းတွေ ဆောင်ရွက်



မဂွေဇကြိုးတံတားပေါ်မှ အထုပ်ကိုယ်စီနှင့် ဆရာ ဆရာမများ ထွက်ခွာလာကြစဉ်။

ပူတာအိုမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၄၂၉ ပေ အမြင့်တွင်တည်ရှိသည်။ ပူတာအိုမြို့မှ မချမ်းဘော့မြို့သို့ ၁၄ မိုင်၊ ဖုန်ကန်ရာဇီရေခဲတောင်သို့ ၅၃ မိုင်၊ ဆွမ်ပရာဘွမ်သို့ ၆၈ မိုင်နှင့် မြစ်ကြီးနားသို့ ၂၁၈ မိုင် ကွာဝေးကြောင်း သိရသည်။

ပူတာအိုဒေသတွင် ထင်ရှားသောရေခဲတောင်များမှာ ခါကာဘိုရာဇီ၊ ဖုန်ကန်ရာဇီ ၊ ဖန်ဂရန်ရာဇီနှင့် ဖုန်ရင်တောင်တို့ဖြစ်ကြပြီး ဖုန်ကန်ရာဇီတောင်မှာ ပူတာအိုမှ ၅၃ မိုင်သာ ကွာဝေးသည်။ ပွင့်လင်းရာသီတွင် တောင်တက်ခရီးသွားများ အများဆုံးလာရောက်ရာဒေသဖြစ်သည်။ "အထက်မှာ ကောင်းမှုလုံ၊ အလယ်မှာရွှေစည်းခုံ၊ အောက်မှာ ရွှေတိဂုံ" ဆိုသည့်အတိုင်း ပူတာအိုဒေသသည် ကောင်းမှုလုံစေတီတည်ရှိရာဒေသဖြစ်သည်။ အခြားထင်ရှားသောနေရာတစ်ခုမှာ မချမ်းဘော့မြို့နယ်ရှိနတ်ကျွန်းဖြစ်ပြီး ခရီးသွားအများအပြား လာရောက်ရာ ဒေသတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

ကျွန်တော်တို့ သတင်းရိုက်ကူးရေးအဖွဲ့သည် ပူတာအိုဒေသ၏ အဓိကဆက်သွယ်ရေးလမ်းကြောင်းဖြစ်သည့် ပူတာအိုစာတိုက်သို့လည်း သွားရောက်မှတ်တမ်းတင်ခဲ့ပါသေးသည်။ ပူတာအိုစာတိုက်ကို ရှေးကျသောသစ်သား အဆောက်အအုံတစ်ခုအဖြစ်တွေ့ရပြီး ဝန်ထမ်း ၁၀ ဦးခန့်သာ တွေ့ရသည်။

"ကျွန်တော်တို့ပူတာအိုစာတိုက်ဟာ ဒီဒေသရဲ့ချောပို့ခြင်းလုပ်ငန်းတွေကို အဓိကဆောင်ရွက်နေတဲ့ ဌာနတစ်ခုဖြစ်ပါတယ်။ ပူတာအိုစာတိုက်ရဲ့လက်အောက်မှာတော့ မချမ်းဘော့၊ နောင်မွန်၊ ပန်နန်းဒင်၊ ခေါင်လန်ဖူးနဲ့ ဆွမ်ပရာဘွမ်စာတိုက်တွေရှိပါတယ်။ မချမ်းဘော့နဲ့ နောင်မွန်က တစ်ပတ်နှစ်ကြိမ် ချောသယ်ပါတယ်။ ရန်ကုန်၊ နေပြည်တော်နဲ့ မန္တလေးမြို့များနဲ့ချိတ်ဆက်ပြီး ချောပို့ခြင်းကိုဆောင်ရွက်ပေးပါတယ်"ဟု ပူတာအိုစာတိုက်မှူး ဦးတင်လတ်က ရှင်းပြသည်။

## လီဆူစာပေနှင့် ယဉ်ကျေးမှု

ထိုမှဆက်လက်၍ သတင်းရိုက်ကူးရေးအဖွဲ့သည် ပူတာအိုမှ ခေါင်လန်ဖူးဒေသသို့မထွက်ခွာမီ ပူတာအိုမြို့နယ် လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီရုံးသို့ သွားရောက်ကာ တစ်ညတာတည်းခိုအနားယူရင်း တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လီဆူစာပေပြန့်ပွားရေးအတွက် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ စကားစမြည်ဆွေးနွေးခွင့်ရခဲ့ပါသေးသည်။

"ကျွန်တော်တို့ပူတာအိုမှာ လီဆူစာပေပြန့်ပွားရေးအတွက် အသင်းမှဆရာများကလည်း အသင်းတော်တိုင်းမှာ လီဆူစာပေဘာသာရပ်ကို တနင်္ဂနွေမနက်တိုင်း သင်ကြားပေးနေပါတယ်။ လီဆူစာပေယဉ်ကျေးမှုကော်မတီကလည်း နွေရာသီကျောင်းပိတ်ရက်တွေမှာ ကျောင်းသားကလေးသူငယ်တွေကိုလီဆူစာပေသင်ကြားပေးနေပါတယ်။ အခြေခံပညာကျောင်းတွေမှာလည်း လီဆူစာပေသင်ကြားရေး မူဝါဒရှိသည့်အားလျော်စွာ ဖွင့်လှစ်သင်ကြားလာတဲ့အတွက် ၂၀၁၇ -၂၀၁၈ ပညာသင်နှစ်ကစပြီး လီဆူကျေးရွာတွေမှာ လီဆူစာပေကျွမ်းကျင်တဲ့ဆရာမလေးတွေ ခန့်အပ်ပြီးတော့ သင်ကြားရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်" ဟုပူတာအိုမြို့နယ် လီဆူစာပေနှင့်ယဉ်ကျေးမှုကော်မတီအတွင်းရေးမှူး ဦးရားနီက ပြောသည်။

ပူတာအိုမြို့နယ်တွင် လီဆူစာပေသင်ကြားပေးသောအခြေခံပညာကျောင်း ၅၅ ကျောင်းရှိပြီး၂၀၁၉ -၂၀၂၀ ပညာသင်နှစ်မှစ၍ ဆရာမ ၅၅ ဦးအား နေ့စားလပေး မူလတန်းပြဆရာမများအဖြစ် ခန့်ထားပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပူတာအိုမြို့နယ်တွင် ကချင်တိုင်းရင်းသားများဖြစ်ကြသည့် လီဆူ ၊ ရဝမ်၊ ခန္တီးရှမ်းနှင့် ဂျိမ်းဖောတို့အဓိကနေထိုင်လျက်ရှိကြောင်း၊ ပူတာအိုမြို့နယ်တွင် လူဦးရေ ခြောက်သောင်းကျော်ရှိသည့်အနက် ၅၂ ရာခိုင်နှုန်းမှာ လီဆူတိုင်းရင်းသားများဖြစ်ကြောင်း သိရသည်။

## ခေါင်လန်ဖူးသို့ထွက်ခွာရန်ပြင်ဆင်

သတင်းရိုက်ကူးရေးအဖွဲ့သည် ပူတာအိုစာပေနှင့် ယဉ်ကျေးမှုကော်မတီရုံးတွင် တစ်ညတာနားခိုရင်း နံနက်တွင်ခေါင်လန်ဖူးဒေသသို့ထွက်ခွာရန် ပြင်ဆင်ကြရပါသည်။ ကျွန်တော်တို့အဖွဲ့နှင့်အတူ ခေါင်လန်ဖူးဒေသသို့သွားရောက်တာဝန်ထမ်းဆောင်မည့် ဆရာမများလည်း ပါပါသည်။ လမ်းခရီးတစ်လျှောက် မရှိမဖြစ်အသုံးပြုရမည့် အသုံးအဆောင်ပစ္စည်းများဖြစ်သည့် လူတစ်ဦးချင်းစီအတွက် မိုးကာ၊ တောင်တက် ဖိနပ်၊ ဆေးဝါး၊ ထီးတို့အပြင် လမ်းတစ်လျှောက်စားသုံးရန် ရိက္ခာခြောက်များပါဝယ်ယူစုဆောင်းပြီး စနစ်တကျ ထုပ်ပိုးချည်နှောင်ကြရပါသည်။

ခေါင်လန်ဖူးဒေသသည် တောင်ပေါ်ဒေသဖြစ်သည့်အလျောက် သွားလာရေးအလွန်ခက်ခဲသည်။ ပူတာအိုမှ ခေါင်လန်ဖူးအထိ မိုင်အားဖြင့် ၁၃၂ မိုင် ကွာဝေးသည်။ သို့သော်လည်း တောင်တက်တောင်ဆင်းလမ်းများဖြစ်၏။ ကားဖြင့်လမ်းတစ်ဝက်ခန့်သာ သွားနိုင်သလို ကျန်လမ်းတစ်ဝက်မှာ ခြေကျင်လျှောက်သွားရသောလမ်း ဖြစ်၏။ ရာသီဥတုဆိုးရွားလျှင် တောင်များပြိုကျတတ်ပါသည်။

မကြာသေးမီက ခေါင်လန်ဖူးသို့သွားရောက်သော ခရီးသွားနှစ်ဦး တောင်ပြိုကျမှုကြောင့် သေဆုံးသွားကြောင်း သိရပါသည်။ ထို့ကြောင့်လည်း ခေါင်လန်ဖူးသို့ထွက်ခွာမည့် သတင်းရိုက်ကူးရေးအဖွဲ့နှင့် ဆရာမများသည် ခရီးစဉ်ကိုစတင်ရန် လွန်စွာဝန်လေးနေကြပါသည်။ စိုးရိမ်ပူပန်မှုများဖြစ်ကြရပါသည်။ ခရီးစဉ်သစ်အတွက် ခြေလှမ်းများ တုံ့ဆိုင်းနေပါသည်။ ထိုညအဖို့ ခေါင်လန်ဖူးခရီးစဉ်ဒေသအကြောင်းစဉ်းစားရင်း အိပ်ပျက်၍မိုးလင်းသွားခဲ့ပါသည်။

စာမျက်နှာ ၇ သို့❖

❖စာမျက်နှာ ၆ မှ

## ခေါင်လန်ဖူးခရီးစဉ်အစ

နံနက် ၇ နာရီထိုးလေပြီ။ ကျွန်တော်တို့ နံနက်စာ စားပြီးချိန်ရောက်မှ ကားထိုးသည်။ ကားမှာ ဖိုးဝိုး ဖြစ်ပြီးကားအလတ်ဖြစ်သည်။ သတင်းမီဒီယာ ငါးဦး၊ ပြည်နယ်ပညာရေးမှူးရုံးမှ အရာရှိ တစ်ဦး၊ ဆရာမ သုံးဦး၊ ယာဉ်မောင်း၊ ယာဉ်အကူ သုံးဦး စုစုပေါင်း ၁၂ ဦးလိုက်ပါ လာသည်။ ကားမထွက်ခွာမီ လီဆူစာပေနှင့် ယဉ်ကျေးမှု အဖွဲ့မှခရစ်ယာန်ဘာသာရေးဆရာက လမ်းခရီးတစ်လျှောက် အန္တရာယ်မှ ကင်းဝေးစေရန် ဆုတောင်းစကား ရွတ်ဖတ် သရဇ္ဈာယ်ပေးလိုက်သေးသည်။ ပူတာအိုမြို့မှအထွက် ပူတာအိုဈေးမှ ဆန် နှစ်အိတ်၊ ဆီ တစ်ပုံးကို လမ်းတွင် စားသုံးနိုင်ရန်အတွက် ပြည်နယ်ပညာရေးမှူးရုံးမှ ကိုဂျေရဲဆာက ဝယ်ယူခဲ့ရသေးသည်။ ခေါင်လန်ဖူးဒေသ တွင် ဆန်ဈေးအလွန်ကြီးသောကြောင့် ဖြစ်သည်။

ပူတာအိုဈေးမှမထွက်ခွာမီ မော်တော်ယာဉ်ခရီး လမ်းဆုံးအထိ သွားရောက်မည့်နေရာအထိ ခရီးမိုင်မည်မျှ အချိန်မည်မျှကြာအောင်မောင်းရမလဲဟု ကျွန်တော်က မေးကြည့်သည်။

"ခရီးမိုင် အတိအကျတော့ မသိဘူးဗျ ။ အချိန်က တော့ ရှစ်နာရီလောက်တော့ မောင်းရလိမ့်မယ်။ လမ်းတွေက ကြမ်းတယ်။ အတက်၊ အဆင်း၊ အကွေ့အကောက်တွေ အတော်များတယ်"ဟု ယာဉ်မောင်းဆရာက ဖြေသည်။

ပူတာအိုမြို့မှအထွက် ပူတာအိုလွင်ပြင်ဆိုသည့် အတိုင်း စိမ်းလန်းသော လွင်ပြင်များ၊ လှပသောတိုင်းရင်း သားတို့၏နေအိမ်များကို တွေ့ရသည်။ နေအိမ်တိုင်းတွင် ခြံဝင်းများအတွင်း ပြောင်းဖူးပင်များနှင့် သီးပင်စားပင် များကို စိုက်ပျိုးထားသည်။ လေဆိပ်ကျော်သည်နှင့် လူနေထိုင်ခြင်းမရှိသေးသော ခြံများကိုလည်းတွေ့ရသည်။ မြို့ကွက်သစ် တိုးချဲ့ထားပုံရသည်။ အချိန်တစ်နာရီခန့် ကားမောင်းပြီးသည်နှင့် မချမ်းဘော့မြို့သို့ ရောက်သည်။ မချမ်းဘော့မြို့အထိ လမ်းကောင်းသည်။ မချမ်းဘော့မြို့ သည် မြို့ဟုပင်ဆိုသော်လည်း စည်ကားသောမြို့ကြီး ဖြစ်ဟန်မတူ။ လမ်းဘေးဝဲ၊ယာဘေးတစ်ဖက်တစ်ချက်တွင် ဌာနဆိုင်ရာရုံးများနှင့် ဈေးကိုတွေ့ရသည်။ ကျွန်တော်တို့ ရောက်သွားချိန်တွင် ဈေးကွဲချိန်ဖြစ်နေ၍ ဈေးမှာ ခြောက်ကပ်ကပ် ဖြစ်နေသည်။ သို့သော် ပူတာအိုနှင့် အနီး ဆုံးမြို့ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် နေချင့်စဖွယ်ကောင်းသောမြို့တစ်မြို့ ဖြစ်ပါသည်။

ခရီးသွားများ လာရောက်လည်ပတ်စရာကျောက် နဂါးနှင့် နတ်ကျွန်းတို့လည်းတည်ရှိရာမြို့ ဖြစ်ပါသည်။ မချမ်း ဘော့ကိုကျော်လိုက်သည်နှင့် လမ်းမကောင်းတော့ပါ။ တဖြည်းဖြည်း တောင်တက်တွေများလာသည်။ အချိုး အကွေ့များလည်း များလာသည်။ ပေထောင်ချီသော တောင်တန်းကြီးများကို တစ်တောင်ပြီးတစ်တောင် ကျော် လာသည်။ ပေရာနှင့်ချီမြင့်မားသော သစ်ပင်ကြီးများ၊ ဝါးပင်ဝါးတောများကို တွေ့ရ၏။

ကားလမ်းမှာ ကားတစ်စီးသာသာမောင်းလို့ရသော ကျောက်ချော မြေသားလမ်းသာဖြစ်ပြီး ဘေးအောက်သို့ ကြည့်မိလိုက်သောအခါ အလွန်နက်ရှိုင်းသော အသူရာ ချောက်ကြီး။ တစ်ဖက်တွင်လည်း ပြိုကျလုဆဲဆဲ တောင် ကမ်းပါးယံကြီး။ ကြမ်းတမ်းလှသောကျောက်မြေသား လမ်းပေါ်တွင် တအိအိမောင်းနှင်နေသောကားအတွင်း မျက်စိကိုစုံမှိတ်ကာ လိုက်ပါလာကြရသည်။ တောင်တက် ခရီး အသွားအလာနည်းပါးသော ဆရာမလေးအချို့ မူးသူမူး၊ အော့သူအော့၊ အန်သူအန်ဖြင့် ကားတစ်စီးလုံး ခလောက်ဆန် မောင်းနှင်လာသည်။

များမကြာမီ ထီးခကြိုးတံတားသို့ရောက်သည်။ ကြိုးတံတားမှာ နှစ်အတန်ကြာပြီဖြစ်၍ ပျဉ်ချပ်များဆွေးနေ သည်ကို တွေ့ရသည်။ ကြိုးတံတားပေါ်မှ ယာဉ်၊ ကုန်နှင့် လူတစ်ပါတည်း ဖြတ်သန်းခွင့်မရ။ တင်ဆောင်လာသော ရိက္ခာခြောက် ဆန်အိတ်နှင့် အထုပ်အထည်များကို ကားပေါ်မှ ထမ်းချရသည်။ ပြီးလျှင်အထုပ်များကို ဆရာမ များကိုယ်တိုင် ကြိုးတံတားတစ်ဖက်ကမ်းသို့ ထမ်းပို့ရ သည်။ ပြီးမှ ကားသီးခြား ကြိုးတံတားပေါ်မှ ဖြတ်မောင်းခွင့် ပြုသည်။ အထုပ်များကိုကားပေါ်ပြန်တင်ပြီး ခရီးဆက်လက် ထွက်ခွာလာကြသည်။

" ဒီတံတားက လာမယ့်ပွင့်လင်းရာသီ အောက်တို ဘာလလောက် ဖွင့်မယ်ကြားတယ်"ဟု ယာဉ်မောင်းအကူ ကိုဆာဟူးဒီးက ပြောသည်။ အဆိုပါကြိုးတံတားနှင့် ဘေး ချင်းယှဉ်လျက် မချမ်းဘော့မြို့နယ်အတွင်း ဆောက်လုပ် ရေးဝန်ကြီးဌာနက ကြိုးတံတားနေရာတွင် ကွန်ကရစ်တံတား ဖြင့် အစားထိုးပေးရန် ဆောက်လုပ်လျက်ရှိသည်ကို တွေ့ရသည်။ အလားတူ ထန်ဂါးကျေးရွာ ကြိုးတံတား အနီးတွင် ကွန်ကရစ်တံတား တစ်စင်း တည်ဆောက်လျက် ရှိသည်။

## မဂွေဇ- ခေါင်လန်ဖူးလမ်းဖောက်နေ

ထန်ဂါးကျေးရွာ ကြိုးတံတားကိုကျော်လိုက်သည်နှင့် ဈေးဆိုင်တစ်ဆိုင်ကို တွေ့ရသည်။ ထိုဆိုင်၌ကားရပ်နားရင်း နေ့လယ်စာအဖြစ် ရေစိမ်ခေါက်ဆွဲစားကြသည်။ ထိုဆိုင်၌ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပူတာအိုခရိုင်မှူး ဦးဇော်လွင်ဦး နှင့် မဂွေဇ – ခေါင်လန်ဖူးလမ်းဖောက်လုပ်နေမှုနှင့်ပတ်သက် ၍ မထင်မှတ်ဘဲ တွေ့ဆုံမေးမြန်းခွင့်ရလိုက်ပါသည်။

"ကျွန်တော်တို့နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၆- ၂၀၁၇ ခုနှစ်ကစပြီး မဂွေဇ- ခေါင်လန်ဖူးလမ်းကို ဒေသ ကုမ္ပဏီ၊ တပ်မတော်၊ ပြည်သူ့စစ်တွေနဲ့ပူးပေါင်းကာ မြေသားလမ်းအဖြစ် ဖောက်လုပ်လျက်ရှိပါတယ်။ နှစ်နှစ် တာကာလအတွင်း မြေသားလမ်း ၃၆ မိုင်ကျော်ကို ဖောက်လုပ် နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ မဂွေဇမှ ငါ့လုံဒမ်းအထိ ကျောက် ခင်းလမ်း ၂၅ မိုင်ကိုလည်း ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။ ၂၀၂၀ –၂၀၂၁ ဝန်းကျင်မှာတော့ ခေါင်လန်ဖူးအထိ မြေသား တစ်ချောင်းထိုးလမ်းပြီးစီးအောင် မျှော်မှန်းဆောင်ရွက် လျက်ရှိပါတယ်"ဟု ဦးဇော်လွင်ဦးက ပြောသည်။

မဂွေဇ–ခေါင်လန်ဖူးမြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် လပြည့်ဝန်းရွှေသတ္တုတူးဖော် ရေးကုမ္ပဏီက တာဝန်ယူဖောက်လုပ်လျက်ရှိကြောင်း သိရ သည်။

ကျွန်တော်တို့ သတင်းရိုက်ကူးရေးအဖွဲ့သည် ထန်ဂါး


မဂွေဇ–ခေါင်လန်ဖူးလမ်း ဖောက်လုပ်နေမှုမြင်ကွင်း။


မချမ်းဘော့မြို့နယ်အတွင်းတည်ဆောက်ဆဲ ထီးခတံတား။

ကျေးရွာမှ ဆက်လက်ထွက်ခွာခဲ့ကြသည်။ လမ်းတစ် လျှောက်တွင် ခေါင်လန်ဖူးဒေသသို့ ခြေကျင်ခရီးဖြင့် စတင် ထွက်ခွာနေပြီဖြစ်သော ဆရာ ဆရာမများကို မကြာခဏ တွေ့ရသည်။ တချို့အုပ်စုလိုက်နားကြ၊ တချို့အုပ်စုလိုက် လမ်းလျှောက်လျက်။

ဆရာ ဆရာမတို့မြင့်မားသောတောင်တန်းကြီးများကို တစ်တောင်ပြီးတစ်တောင် ဖြတ်ကျော်နေကြပြီ။ အဆင်းကြမ်း၊ အတက်ကြမ်း၊ အကွေ့အကောက်များသော လမ်းကြမ်းခရီးနှင်နေကြလေပြီ။ ဝေးလံခေါင်ဖျား ခေါင်လန် ဖူးဒေသက ကလေးလေးတွေ ပညာတတ်တွေဖြစ်ကြပါ စေရယ်လို့ စိတ်ဆန္ဒကို ကိုယ်စီရင်ဝယ်ပိုက်လျက် ဆင်းရဲ ပင်ပန်းကြီးစွာ ခြေကျင်ခရီးဖြင့် အရောက်သွားနေကြပြီ။

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဒွန်ဘာကျေးရွာမှ ဆရာမ ဒေါ်စိုင်းနူးရာက "လမ်းတွေက ကြမ်းလည်းကြမ်း၊ ဝေးလည်းဝေးဆိုတော့ အတော်ကိုပင်ပန်းလှပါတယ်။ ဒီဆရာမအလုပ်ကိုရဖို့ ဘွဲ့ရပြီး ဝင်ခွင့်ဖြေရပါတယ်။ ဝင်ခွင့်အောင်ပြီဆိုမှ မြစ်ကြီးနားပညာရေးကောလိပ်မှာ သင်တန်း နှစ်လတစ်ဖြတ်နဲ့ လေးလ တက်ခဲ့ရပါတယ်။ အိမ်နဲ့ လည်းဝေး၊ ခေါင်လန်ဖူးဒေသမှာ တာဝန်ကျမယ်ဆိုတော့ စိတ်လှုပ်ရှားမိတာကတော့ အမှန်ပါ။ ခေါင်လန်ဖူးမှာ အနည်း ဆုံး တစ်နှစ်နေရမယ်ဆိုတော့ စားစရာရိက္ခာခြောက် ဆေးဝါးပါမကျန် အကုန်ထုပ်ပိုးသယ်ယူလာခဲ့ရပါတယ်။ ဒီဒေသက ကလေးတွေ ပညာတတ်စေဖို့အတွက် အစွမ်းကုန် ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ထို့အတူ ကချင်ပြည်နယ် မန်စီမြို့မှသွားရောက် တာဝန်ထမ်းဆောင်မည့် ဆရာမဆိုင်းရာက "ကျွန်မက လော်ဒဲကျေးရွာမှာ သွားရောက်တာဝန်ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ခရီးလမ်းတွေကတော့ အတော်လေးကို ကြမ်းပါတယ်။ ကားလည်းမရောက်၊ ဆိုင်ကယ်လည်း မပေါက် တဲ့ အဲဒီဒေသကို ခြေကျင်ခရီးသွားရမှာပါ။ အတော်လေးကို ပင်ပန်းမှာပါ။ သို့ပေမယ့်ဒီဒေသက ကလေးတွေကိုသနားတယ်။ တတ်စွမ်းသရွေ့ အစွမ်းကုန်သင်ကြားပေးမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

## ငါ့လုံဒမ်းစခန်း

ကျွန်တော်တို့စီးနင်းလိုက်ပါလာသောမော်တော်ကားသည် တစ်နေကုန်မောင်းနှင်လာခဲ့သည်မှာ ညနေပင်စောင်းပြီ။ တောင်တန်းများတစ်ခိုတွင် မြူနှင်းမှုန်များပိတ်ပိတ် မှောင် ကျဆင်းနေသည်။ ရှေ့ဆက်မည့်ကားလမ်းကြောင်း ကို ကောင်းစွာမမြင်ရတော့။ သို့အတွက် ကားကိုရပ်နားကာ စခန်းချ ညအိပ်ရပ်နားရတော့သည်။ ထိုညအိပ်စခန်း၏ အမည်ကား "ငါ့လုံဒမ်းစခန်း"။

ကားပေါ်မှဆင်းလိုက်သည်ဆိုလျှင်ပင် အလွန်အေး စိမ့်လှသည့် ရာသီဥတုနှင့်ရင်ဆိုင်ကြရသည်။ ပတ်ဝန်းကျင် လေးဖက်လေးတန်တွင် ပေထောင်နှင့်ချီမြင့်မားသော တောင်တန်းကြီးများက ပိတ်ဆို့ကာရံထားသည်။ သို့သော် စိမ်းလန်းသော သစ်တောကြီးများ၊ စမ်းရေစီးသံများ၊ ကျေးငှက်သာရကာများ တွန်ကျူးသံများကြောင့် သာယာ ကြည်နူးဖွယ်ကောင်း၏။ တောင်ထိပ်တစ်နေရာတွင် ခရီး သွားများနားခိုနိုင်သည့် ဗိုလ်တဲတစ်လုံးရှိသည်။ ထိုဗိုလ်တဲ မှာ ဟောင်းနွမ်းနေပြီဖြစ်သည်။ တည်းခိုသူအလွန်နည်း၏။ ယင်းဗိုလ်တဲနှင့်ကပ်လျက်အောက်ဘက်တွင် တည်းခိုဆောင် တစ်ခုရှိသည်။

ယင်းတည်းခိုဆောင်မှာ အသစ်ဖြစ်ပြီး နှစ်ထပ်ဆောင် ဖြစ်သည်။ တည်းခိုရန် ခုတင်၊ ခြင်ထောင်၊ ခေါင်းအုံး လိုလေသေးမရှိအောင် ပြင်ဆင်ထားသည်။ ဆိုလာဖြင့် လည်း မီးထွန်းပေးထားသည်။ ထိုတည်းခိုဆောင်၌ အကျွန်ုပ် တို့တစ်ညတာ တည်းခိုကြသည်။တည်းခိုဆောင်၏အရှေ့ဘက် ကားလမ်းဘေး တစ်ဖက်ခြမ်းတွင် ဈေးဆိုင်တစ်ဆိုင်ရှိ သည်။ ဈေးဆိုင်တွင် ဗိုလ်တဲစောင့်အမျိုးသားတစ်ဦးနှင့် အရွယ်နည်းနည်းကြီးပြီဖြစ်သော လီဆူအမျိုးသမီးကြီး တစ်ဦးရှိသည်။ ပူတာအိုမြို့မှလာရောက်နေထိုင်သည်ဟု ဆိုသည်။

၎င်းတို့က ခရီးသွားဧည့်များအား လိုအပ်သည်များ ကူညီပေးသည်။ ဈေးဆိုင်အတွင်းရှိ မီးဖိုခန်းတွင် ထမင်းချက်သူချက်၊ ဟင်းချက်သူချက်နှင့် ယောက်ယက် ခတ်နေသည်။ ထိုညအတွက် ပါလာသောခေါက်ဆွဲခြောက် ထုပ်များကိုပြုတ်ကာ အကောင်းဆုံး ဟင်းလုပ်စားကြ သည်။ ပူတာအိုဈေးမှဝယ်လာသောငါးကို ငရုတ်သီးစပ်စပ် နှင့်ထောင်းထားသည်။ ထိုညအဖို့ ဟင်းမကောင်းသော်လည်း မောမောပန်းပန်းနှင့်ထမင်းစားရသည်မှာ ထမင်းမြိန်လှ သည်။

"ပူတာအိုကနေ ငါ့လုံဒမ်းကို မိုင် ၈၀ ကျော်ဝေး တယ်။ ကားလမ်းပေါက်တာ နှစ်နှစ်ပဲ ရှိသေးတယ်။ အရင် တုန်းက ဒီအထိကားလမ်းမပေါက်ဘူး။ မဂွေဇအထိပဲ ရောက်တယ်။ အခုတော့ မဂွေဇကိုကျော်လို့ ဆန်းလွတ် ချက်တောင်ကိုတောင် ကျော်သွားပါပြီ။ အရင်တုန်းက မဂွေဇကနေ ငါ့လုံဒမ်းအထိရောက်ဖို့ သုံးညအိပ် လေးရက် လောက် လမ်းလျှောက်ကြရတာဖြစ်ပါတယ်"ဟု ကား ဆရာ ကိုဆာဟူးဒီးက ညစာအတူစားရင်း ပြောပြသည်။

ယခင်က ထိုလမ်းကိုခရီးသွားကြသူများအဖို့ လမ်း လျှောက်သွားရခြင်းဖြစ်၍ အပြန်တွင်စားသုံးနိုင်ရန် ဗိုလ်တဲများ၌ ခရီးနားခိုတိုင်း ဆန်ထုပ်ငယ်များ ချိတ်ဆွဲ ထားခဲ့ရသည်ဟု ဆိုသည်။ ယခုလည်းဆန်ထုပ်ငယ်များကို ဗိုလ်တဲတိုင်များ၌ချိတ်ဆွဲထားခဲ့ကြသည်။ အပြန်တွင် စားသုံးရန်အတွက်ဖြစ်သည်။ ထိုစခန်းမှ နံနက်စောစော ထွက်ခဲ့ကြသည်။

## တောင်တက် ခြေကျင်ခရီးနှင်ပြီ

ကားလမ်းခရီးအဆုံးသတ်၍ လမ်းလျှောက်ခရီး စတင်ရတော့မည်။ ကိုယ့်အထုပ်ကိုယ်ဆွဲ၊ ကျောပိုး လွယ်ကာ တောင်တက်သမားမဟုတ်လင့်ကစား တောင် တက်ခရီး စတင်ရတော့မည်။ ဆရာ ဆရာမတို့ပင်ပန်း ဆင်းရဲမှုကိုကြံ့ကြံ့ခံရင်ဆိုင်ကြရတော့မည်။ အကြမ်းတမ်းဆုံး၊ အခက်ခဲဆုံး ပေပေါင်း ၈၀၀၀ နီးပါးမြင့်သော နာမည် ကျော် ဆန်းလွတ်ချက်တောင်ထိပ်ကို တက်ရတော့ မည်။

ထိုတောင်ကို မည်သို့မည်ပုံ ကျော်ဖြတ်ကြမလဲ။ စိတ်ဝင်စားစရာ ကောင်းနေသည်။ ကြောက်မက်ဖွယ်ရာ အလွန်ကောင်းသည်။ ကံမကောင်းလျှင် အသက်ပါပျောက် သွားနိုင်သည်။ မကြာသေးမီက ထိုတောင်၌ မြေပြိုကျမှု ကြောင့် လူနှစ်ယောက် ပျောက်ကွယ်သွားခဲ့သည်။ ယနေ့ တိုင် အလောင်းတစ်လောင်းသာ တွေ့သေးသည်။ အခက် အခဲများစွာ ရှိနေသည်။ ထိုတောင်တက်ခရီးသည် အလွန် ကြမ်းတမ်းလှ၏။ အားလုံးကစဉ်းစားတွေးတောရင်း ရင်မောကြရသည်။ ။

# ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန သီးခြားရာထူးတိုး/ ပြောင်း ဆောင်ရွက်မည့်တက္ကသိုလ်များ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန သီးခြားရာထူးတိုး/ပြောင်း ဆောင်ရွက်မည့် တက္ကသိုလ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရာထူးတိုး/ပြောင်း စသည်များ ဆောင်ရွက်ရာတွင် ဘက်မလိုက်ဘဲတရားမျှတမှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စီမံခန့်ခွဲရေးအရည်အချင်းကောင်းမွန်သူ၊ ပူးပေါင်းဆောင်ရွက်မှု အားကောင်းသူ၊ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်စွမ်းရှိသူ၊ ကျောင်းသား၊ ဆရာများ၏ အရေးကိစ္စများ ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်စွမ်းရှိသူ ဆရာဆရာမများကို အားပေးဆောင်ရွက်စေလိုပါကြောင်း၊ တက္ကသိုလ်အသီးသီးတွင် သုတေသနနှင့် သင်ယူတတ်မြောက်မှု ကောင်းမွန်ရေးဘက်တွင်သာမက စီမံခန့်ခွဲရေးဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်တတ်သူများဖြစ်အောင် လေ့ကျင့်ပေးကြရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်များအနေဖြင့် ကျောင်းသား ကျောင်းသူများအား လုပ်ငန်းခွင်အတွက် အဆင်သင့်ဖြစ်စေမည့် ကျွမ်းကျင်မှုများရရှိအောင် ပြုစုပျိုးထောင်မွေးထုတ်ပေးကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့တက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဂုဏ်သိက္ခာ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်လိုပါကြောင်း၊ ဘဏ္ဍာငွေကြေးဆိုင်ရာလုပ်ငန်းများကိုလည်း အကျိုးရှိ ထိရောက်စွာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ စာရင်းစစ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုပါကြောင်း၊ ပညာရေးတွင် လိုအပ်ချက်များ၊ အခက်အခဲများ၊ မပြည့်စုံမှုများရှိနေသဖြင့် ဖြစ်ချင်သည်နှင့် လုပ်ချင်သည်ကို လုပ်ထုံးလုပ်နည်းနှင့်မကိုက်ညီဘဲ လုပ်ဆောင်မိပါက အခက်အခဲကြုံရတတ်သည်ကို သတိပြုစေလိုပါကြောင်း။

**စုပေါင်းအင်အားဖြင့် ပူးပေါင်းဖြေရှင်း**

တက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများ သင်ယူတတ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ပေးနေသည့် စာသင်ခန်းအတွင်းမှ ဆရာ ဆရာမများ၏ အခက်အခဲများ၊ မပြည့်စုံမှုများကို ပံ့ပိုးကူညီရန် အလေးထားဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ဘာသာရပ်အရည်အသွေး ပိုမိုကောင်းမွန်ရေး၊ အထူးပြုဘာသာရပ်နယ်ပယ်နှင့် လုပ်ငန်းခွင်တွင် လိုက်လျောညီထွေရှိရေး၊ အသုံးချသုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံခြားပညာသင်စေလွှတ်ပေးနိုင်ရေးတို့ကို ပံ့ပိုးဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပညာရေးကဏ္ဍအားလုံး၏ အခက်အခဲသည် ပညာရေးဝန်ကြီးဌာန၏ အခက်အခဲများဖြစ်ပါကြောင်း၊ ထိုအခက်အခဲများကို စုပေါင်းအင်အားဖြင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးအတွက် အရေးကြီးပါကြောင်း၊ ယနေ့အချိန်အခါတွင် နိုင်ငံ၏ ပညာရေးအရည်အသွေးမြင့်မားရေးအတွက် မိမိတို့ ကျရာအခန်းကဏ္ဍမှ ကျောင်းသား ကျောင်းသူများအားလုံး သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေး အထူးအားစိုက်ကြိုးပမ်းဆောင်ရွက်ပေးစေလိုပါကြောင်း စသည်ဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းဝင်းက ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို တင်ပြသည်။

ယင်းနောက် တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားပြီး အစည်းအဝေးအား အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ်(၇၀)မြောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အမှုဆောင်ကော်မတီအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၉**

အကြိမ်(၇၀)မြောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ အမှုဆောင်ကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂအဆောက်အဦ Assembly Hall ၌ အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။




ဖွင့်ပွဲအခမ်းအနားတွင် ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Ms. Amina J. Mohammed နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi တို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။

အောက်တိုဘာ ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်ကြာ ကျင်းပမည့် အစည်းအဝေးတွင် နိုင်ငံမဲ့ခြင်းဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲနှင့် အထွေထွေဆွေးနွေးခြင်းကဏ္ဍတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက နိုင်ငံအလိုက် တင်ပြခြင်း၊ Nansen ဒုက္ခသည်ဆိုင်ရာ ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် သီးခြားဆွေးနွေးပွဲ(side event)အစီအစဉ်များ ပါဝင်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံ၏ တင်ပြချက်ကို ဖတ်ကြားတင်သွင်းခဲ့သည်။

**လူ့အခွင့်အရေး အပြည့်အဝရရှိရေး ကတိကဝတ်ပြု**

မြန်မာနိုင်ငံ၏ တင်ပြချက်တွင် မြန်မာနိုင်ငံသည် ၁၉၅၄ ခုနှစ် နိုင်ငံမဲ့များ၏ အဆင့်အတန်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ၁၉၆၁ ခုနှစ် နိုင်ငံမဲ့များ လျှော့ချရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၏ အဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှု စည်းမျဉ်းများကို အခြေခံ၍ လူ့အခွင့်အရေး အပြည့်အဝရရှိရေးဆောင်ရွက်ရန် ကတိကဝတ်ပြုထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် (The Global Compact on Migration ) ကမ္ဘာလုံးဆိုင်ရာ ရွှေ့ပြောင်းသွားလာမှုစာချုပ်နှင့် UNHCR က နိုင်ငံမဲ့များ လျှော့ချရေးအတွက် ဆောင်ရွက်လျက်ရှိသော (I Belong Campaign) ကို ထောက်ခံပါကြောင်း၊ ယခုနှစ်မေလတွင် ကျင်းပခဲ့သည့် နိုင်ငံမဲ့မှုဆိုင်ရာ အဆင့်မြင့်အစည်းအဝေးအတွက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ အကြိုညှိနှိုင်းအစည်းအဝေးကိုလည်း ပါဝင်တက်ရောက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် နှစ်ပေါင်း(၇၀)ခန့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုဒဏ်ကို ကြုံတွေ့ခဲ့ရပြီး စစ်အုပ်ချုပ်ရေးမှသည် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းသည်မှာ ကာလမကြာသေးသော နိုင်ငံဖြစ်ကြောင်း၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးသည် အစိုးရ၏ အဓိကဦးစားပေးလုပ်ငန်းစဉ်ဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ပါက ပြည်တွင်းနှင့် နိုင်ငံဖြတ်ကျော် နေရပ်စွန့်ခွာမှုများကိုလည်း ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ အထောက်အထားမဲ့သူများကို NV ကတ်များ ထုတ်ပေးလျက်ရှိပြီး ယင်း National Verification Process မှာ တစ်နိုင်ငံလုံးတွင် ကျင့်သုံးနေသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ NV ကတ်သည် နိုင်ငံသားလျှောက်ထားမှုအတွက် လမ်းကြောင်းအစ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ကလေးသူငယ် အခွင့်အရေးဆိုင်ရာဥပဒေသည် လူမျိုး၊ ဘာသာ၊ ကျား/မ မရွေး မွေးဖွားသည့် ကလေးအားလုံးအတွက် မွေးစာရင်းရရှိရေးကို အာမခံချက်ပေးထားပါကြောင်း၊ “မည်သည့်ကလေးမှ မကျန်ရစ်စေရ” (No child left behind) ရည်မှန်းချက်နှင့်အညီ နိုင်ငံတစ်ဝန်းမွေးစာရင်းရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝေးလံသောဒေသများသို့ ရွေ့လျားအဖွဲ့များ စေလွှတ်၍ မွေးစာရင်းထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ ပြည်နယ်/ တိုင်းဒေသကြီးအချို့အတွက်လည်း အွန်လိုင်းစနစ်ဖြင့် အခမဲ့ မွေးစာရင်းနှင့် သေစာရင်းလျှောက်ထားမှုစီမံကိန်းများ စတင်နေပြီဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ARSA တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာသွားသူများကို ပြန်လည်လက်ခံရန် မြန်မာနိုင်ငံအနေဖြင့် အသင့်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်မှ ကော့ဘဇားသို့ နေရပ်စွန့်ခွာသွားသူများသည် မြန်မာနိုင်ငံသား ဥပဒေအရ နိုင်ငံသားအဆင့်အတန်းအမျိုးမျိုးဖြစ်ပါကြောင်း၊ ၎င်းတို့အားလုံးအား နိုင်ငံမဲ့ဟု သတ်မှတ်၍မရပါကြောင်း၊ ၎င်းတို့ထဲတွင် မည်သည့်အထောက်အထားမျှမရှိပါက NV ကတ် ဦးစွာကိုင်ဆောင်ရမည်ဖြစ်ပါကြောင်း၊ NV ကတ် ကိုင်ဆောင်ပြီး နိုင်ငံသားစိစစ်ရေးလျှောက်ထားနိုင်ပါကြောင်း၊ လွတ်လပ်စွာ သွားလာခွင့်တွင် လူမှုရေးအရ အဟန့်အတားများရှိသည်ကို ကျွန်ုပ်တို့ လျစ်လျူမရှုပါကြောင်း၊ သို့ဖြစ်၍ အသိုက်အဝန်းများအကြား ယုံကြည်မှုတည်ဆောက်ခြင်းနှင့် လူမှုသဟဇာတဖြစ်ရေး ကြိုးပမ်းနေပါကြောင်း။

**လုံခြုံစိတ်ချရသည့်အခြေအနေများ ဖန်တီး**

မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးသည် ဦးစားပေးလုပ်ငန်းဖြစ်ပါကြောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ကော့ဘဇားသို့ သုံးကြိမ်သွားရောက်ခဲ့ပြီး NV ကတ် ကိုင်ဆောင်ခြင်း အကျိုးကျေးဇူးများ၊ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံက ဆောင်ရွက်ထားရှိမှုများကို နေရပ်စွန့်ခွာသူများအား ရှင်းပြခဲ့ပါကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီထားသည့် နေရပ်စွန့်ခွာသူများ ဖြည့်စွက်ရမည့်ပုံစံများနှင့် သတင်းအချက်အလက်များသည် ကော့ဘဇားရှိ ဒုက္ခသည်စခန်းများသို့ မရောက်ရှိသည်ကို ယင်းခရီးစဉ်တွင် သိရှိခဲ့ရပါကြောင်း၊ သို့ဖြစ်၍ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့် NV ကတ် ကိုင်ဆောင်ခြင်း၏ အကျိုးကျေးဇူးများပါဝင်သည့် သတင်းလွှာများကို နောက်ခရီးစဉ်တွင် ဖြန့်ဝေခဲ့ပါကြောင်း၊ ၎င်းစခန်းများတွင် နေရပ်စွန့်ခွာသူများ နေရပ်ပြန်ရေး မအောင်မြင်အောင် ဟန့်တားနှောင့်ယှက်မှုများရှိသည်ကို သတိပြုမိပါကြောင်း၊ အဟန့်အတားများရှိသော်လည်း ကော့ဘဇားမှ နေရပ်စွန့်ခွာသူ ၃၀၀ ကျော်သည် ၎င်းတို့၏ သဘောဆန္ဒအရ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခဲ့ပါကြောင်း၊ ကော့ဘဇားရှိ နေရပ်စွန့်ခွာသူများတွင် မြန်မာနိုင်ငံသို့ ပြန်လာလိုသည့် ဟိန္ဒူဘာသာဝင် ၄၀၀ ကျော်ကို ပြန်ခွင့်ပြုသင့်ပါကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများအတွက် လုံခြုံစိတ်ချရသည့်အခြေအနေများ ဖန်တီးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များကို အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ လူသားချင်းစာနာမှု အကူအညီပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေး ပြည်ထောင်စုစီမံကိန်း (UEHRD)အရလည်း ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ အာဆီယံအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်လျက်ရှိပါကြောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့သည် မြန်မာနိုင်ငံနှင့် ရေးထိုးထားသော နားလည်မှုစာချွန်လွှာအရ ထိရောက်မှုမြန်ဆန်သည့် စီမံကိန်း ၃၄ ခု ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့်လည်း ပြန်လည်ဝင်ရောက်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအစီအစဉ်များကို UNHCR နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာကို အတည်ပြုပြီးဖြစ်၍ ဒေသအလိုက်စီမံချက်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဘက်ပေါင်းစုံမှ ချဉ်းကပ်ရှုမြင်**

မြန်မာနိုင်ငံသည် ဒီမိုကရေစီ အကူးအပြောင်းကာလတွင် စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရပါကြောင်း၊ ရခိုင်ပြည်နယ်အရေးသည် ရှုပ်ထွေးသော စိန်ခေါ်မှုတစ်ခုဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်၏ ပြဿနာသည် ကိုလိုနီခေတ်မှစ၍ အမြစ်တွယ်လာပြီး ထိလွယ်ရှလွယ်သဖြင့် ကိစ္စရပ်တစ်ခုတည်းအဖြစ် သီးခြားစဉ်းစား၍ မရပါကြောင်း၊ ဘက်ပေါင်းစုံမှ ချဉ်းကပ်ရှုမြင်ရမည်ဖြစ်သကဲ့သို့ လူမှုအသိုက်အဝန်းအားလုံး၏အသံကို နားထောင်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေရှည်တည်ငြိမ်အေးချမ်း၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုရရှိစေရေးအတွက် ဘက်ပေါင်းစုံမှ ချဉ်းကပ်ဆောင်ရွက်နေပါကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အောင်မြင်စေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အမှန်တကယ် ဆန္ဒရှိပြီး နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိတ်ဆွေနိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း၊ နေရပ်စွန့်ခွာသူများ လုံခြုံစိတ်ချရပြီး ဂုဏ်သိက္ခာရှိစွာ ဘဝရပ်တည်နိုင်ရေးအတွက် နိုင်ငံတကာအသိုက်အဝန်း၏ လက်တွေ့ကျသောကူညီမှုနှင့် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများကို မျှော်လင့်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ UNHCR အမှုဆောင်ကော်မတီအဖွဲ့ဝင်နိုင်ငံများ၊ အဖွဲ့ဝင်မဟုတ်သောနိုင်ငံများ၊ လေ့လာသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပါဝင်တက်ရောက်ခဲ့ပြီး အစည်းအဝေးကို အောက်တိုဘာ ၁၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် UNESCO ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ( UNESCO) ဌာနေ ကိုယ်စားလှယ် Ms. Min Jeong Kim နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးတွဲပြီး မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည် အစီရင်ခံစာ ရေးသားရေးအဖွဲ့ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည် အစီရင်ခံစာ ရေးသားရေးအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအား ၂၀၁၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီအောက်ရှိ ဆပ်ကော်မတီများ၏ ဆောင်ရွက်ပြီးစီးမှု အချက်အလက်များ ပြုစုရန်၊ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ကို ဖွဲ့စည်းထားရှိရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နှစ်ပတ်လည် အစီရင်ခံစာရေးသားရေး အဖွဲ့ဝင် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက နှစ်ပတ်လည် အစီရင်ခံစာရေးသားရန်အတွက် လိုအပ်သောစာရွက်စာတမ်းများ၊ ဓာတ်ပုံမှတ်တမ်းများ၊ သတင်းအချက်အလက်များကို ဆပ်ကော်မတီများ၊ သက်ဆိုင်ရာဌာနများ၊ ဆက်စပ်အဖွဲ့အစည်းများထံမှ တောင်းခံခြင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၏ လစဉ်အစီရင်ခံစာများအပေါ် လေ့လာအကဲဖြတ်မှတ်တမ်းတင်ခြင်း စသည်တို့ကိုတင်ပြရာ ဌာနဆိုင်ရာအသီးသီးမှ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည် အစီရင်ခံစာ ရေးသားရေးအဖွဲ့ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

သတင်းစဉ်

# အရှေ့တောင်အာရှနှင့် ပစိဖိတ်ရုပ်ရှင်ထိန်းသိမ်းရေးအဖွဲ့မှ Save Myanmar Film အဖွဲ့အား အကောင်းဆုံးရုပ်ရှင်ထိန်းသိမ်းသည့် ဆုတံဆိပ် ပေးအပ်

ရန်ကုန် အောက်တိုဘာ ၉

အရှေ့တောင်အာရှနှင့် ပစိဖိတ်ရုပ်ရှင်ထိန်းသိမ်းရေးအဖွဲ့ (The Southeast Asia–Pacific Audio Visual Archives Association– SEAPAVAA) မှ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲနှင့် မြန်မာ့ရုပ်ရှင်ဖလင်များ ထိန်းသိမ်းခြင်း လုပ်ငန်းကို ပူးပေါင်းဆောင်ရွက်နေသော Save Myanmar Film (SMF) အဖွဲ့အား ၂၀၁၉ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်ထိန်းသိမ်းသည့်ဆုတံဆိပ်နှင့် ဂုဏ်ပြုငွေ အမေရိကန်ဒေါ်လာ တစ်ထောင် ချီးမြှင့်ပေးအပ်ခဲ့သည်။

အရှေ့တောင်အာရှနှင့် ပစိဖိတ်ရုပ်ရှင်ထိန်းသိမ်းရေး အဖွဲ့သည် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာရှိ ရုပ်သံအမွေအနှစ်များ ထိန်းသိမ်းမှုများ တိုးတက်စေရန် သုတေသနပြုခြင်း၊ ပညာပေးခြင်း၊ နည်းပညာဝေမျှခြင်း၊ သက်ဆိုင်ရာ Archive များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အားပေးကူညီခြင်းများ ဆောင်ရွက်လျက်ရှိရာ New Caledonia နိုင်ငံတွင် ကျင်းပခဲ့သည့် ၎င်းအဖွဲ့၏ အစည်းအဝေးမှ ယင်းဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်ရာ SMF အဖွဲ့အနေဖြင့်လည်း ရရှိလာသော ဂုဏ်ပြုဆုငွေအား SMF ရုံးခန်း၊ ဖလင်သန့်စင်ခန်းနှင့် အလုပ်ခန်းများ ပြင်ဆင်မှုတွင် Deep Cleaning ပြုလုပ်ခြင်း၊ ပိုးသတ်ဆေးချခြင်းနှင့် အခြားလိုအပ်သည်များတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

SEAPAVAA သည် ၁၉၉၃ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၌ ကျင်းပခဲ့သည့် ASEAN Audio/ Video and Film Retrieval, Restoration and Archiving Conference Workshop မှစတင်၍ သန္ဓေတည်ခဲ့ပြီး အာဆီယံနှင့် ပစိဖိတ်ဒေသနိုင်ငံများ၏ အမွေအနှစ်ရုပ်ရှင်နှင့် ဗီဒီယိုထိန်းသိမ်းမှုများ တိုးတက်ရေးအတွက် ရည်ရွယ်ပြီး ၁၉၉၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့ရုပ်ရှင်ဖလင်များ ထိန်းသိမ်းခြင်းလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းတစ်ခုဖြစ်သည့် SMF အဖွဲ့သည် စတင်တည်ထောင်ချိန်မှ နှစ်နှစ်အတွင်း ရုပ်ရှင်အမွေအနှစ်ဖလင်များ ထိန်းသိမ်းခြင်းလုပ်ငန်း၌ တက်ကြွစွာပါဝင်လှုပ်ရှားဆောင်ရွက်ခြင်း၊ ရလဒ်ကောင်းများရရှိခြင်း၊ နိုင်ငံတွင်းသာမက ဒေသတွင်းနိုင်ငံများမှ အသိအမှတ်ပြုမှုများ ရရှိခြင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ အသိအမှတ်ပြု အားပေးထောက်ပံ့မှုများကောင်းစွာရရှိခြင်းတို့ကြောင့် SEAPAVAA မှ ဆုတံဆိပ်ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

သိန်းနိုင်(FDC)





# မြစိမ်းရောင်(ငါးကဏ္ဍ) သုံးနှစ်ပြည့် ရန်ပုံငွေဖြင့် ကျေးရွာလမ်းပြုပြင်

ကောလင်း အောက်တိုဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကောလင်းမြို့နယ် သရက်ချဉ်ကျေးရွာအုပ်စု မူးတိမ်ကျေးရွာ၏ မြစိမ်းရောင် (ငါးကဏ္ဍ) လည်ပတ်ရန်ပုံငွေ သုံးနှစ်ပြည့် အတိုးရငွေကျပ် သိန်း ၃၀ ဖြင့် ကျေးရွာ လမ်းအလျားပေ ၃၅၀၀၊ အနံ ၁၅ ပေ၊ အမြင့်တစ်ပေကို မြေသားတာပေါင်တင်ခြင်း လုပ်ငန်းအား ဆောင်ရွက်ခဲ့သည်။

ယခင်က မိုးရာသီတွင် ကျေးရွာတွင်းလမ်းများ သွားလာရေးအခက်အခဲဖြစ်သောကြောင့် ငါးလုပ်ငန်းဦးစီးဌာနမှ ခွင့်ပြုချထားပေးသော မြစိမ်းရောင် (ငါးကဏ္ဍ) လည်ပတ်ရန်ပုံငွေ သုံးနှစ်ပြည့် အတိုးရငွေကျပ် သိန်း ၃၀ နှင့် ကျေးရွာမတည်ငွေကျပ် ၄၂ သိန်း စုစုပေါင်း ငွေကျပ် ၇၂ သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ယခုအခါ မိုးရာသီ၌ မူးတိမ်ကျေးရွာတွင် ကျေးရွာသူ ကျေးရွာသားများ ကျောင်းသား ကျောင်းသူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၉

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

# အသေးစားအဂတိလိုက်စားမှုလျှော့ချရေးအတွက် CPU Toolkit စမ်းသပ်ဆောင်ရွက်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ကမ္ဘာ့ဘဏ်အဖွဲ့၏ ကျွမ်းကျင်မှုနည်းပညာအကူအညီဖြင့် Innovative Beneficiary Engagement အစီအစဉ်ကို မြန်မာနိုင်ငံတွင် အသေးစားအဂတိလိုက်စားမှုလျှော့ချရေးအတွက် လက်သုံးကိရိယာအဖြစ် စမ်းသပ်အသုံးပြုခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

အခမ်းအနား၌ ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားရာတွင် CPU Toolkit သည် အခြေခံပြည်သူတစ်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူအကြား ဝန်ဆောင်မှုအပေါ် အကြံပြုချက်ရယူရန် ချိတ်ဆက်ပေးသောယန္တရားတစ်ခုသာဖြစ်ပြီး တည်ဆဲတိုင်ကြားမှုယန္တရားကို အစားထိုးခြင်းသို့မဟုတ် ဖြည့်စွက်ခြင်း လုံးဝမဟုတ်ပါကြောင်း၊ ဒေသဆိုင်ရာရုံးဌာနခွဲတစ်ခုတွင် ဝန်ဆောင်မှုကို ရယူရန်လာရောက်သော အခြေခံပြည်သူတစ်ဦးအား ပြည်ထောင်စုဝန်ကြီးရုံး သို့မဟုတ် နေပြည်တော်ရှိ ရုံးဌာနချုပ်မှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရန် တာဝန်ရှိသောအရာရှိတစ်ဦးက လက်ကိုင်ဖုန်းမှတစ်ဆင့် SMS ဖြင့် အဆက်အသွယ်ရယူ၍ ဝန်ဆောင်မှုအခြေအနေကို စုံစမ်းမေးမြန်းခြင်းနှင့် ယင်းအခြေခံပြည်သူအတွက် လိုအပ်သောအကူအညီကို ဖြည့်ဆည်းပေးခြင်း စသည်တို့ဖြင့် အောက်ခြေရုံး/ဌာနများတွင် ဖြစ်လေ့ရှိသော အသေးစားအဂတိလိုက်စားမှုများကို မဖြစ်ပေါ်လာစေရန် ကြိုတင်တားဆီးကာကွယ်ပေးသော လက်သုံးကိရိယာတစ်ခုဖြစ်ကြောင်း၊ ယခုအစီအစဉ်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက်သာမက နိုင်ငံတော်အစိုးရ၏ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်အတွက် မရှိမဖြစ် အင်္ဂါရပ်သုံးခုဖြစ်သည့် တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုနှင့် တုံ့ပြန်ဖြေကြားမှုတို့ကိုလည်း ဖြည့်ဆည်းပေးကြောင်း။

### မေတ္တာရပ်ခံ

ယခုအခါ ပြည်ထောင်စုဝန်ကြီးဌာန ၁၇ ခုနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ငါးခုတွင် CPU အဖွဲ့ ၃၇ ခု ဖွဲ့စည်းပြီးဖြစ်သည့်အပြင် ယင်း CPU များအတွက် ရည်မှန်းချက်တာဝန် သုံးရပ်၊ လုပ်ငန်းစဉ် ခြောက်ချက်တို့ကိုလည်း ချမှတ်ထားပြီးဖြစ်ကြောင်း၊ ယနေ့မှစတင်၍ အရေးကြီးသောပြည်ထောင်စုဝန်ကြီးဌာန ၁၀ ခုသည် CPU Toolkit များကို မြို့နယ်တချို့တွင် စတင်စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်ပြည်ထောင်စုဝန်ကြီးဌာနများသည်လည်း မကြာမီစတင်စမ်းသပ်ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် "တားဆီးကာကွယ်ခြင်း" သည် တရားစွဲဆိုအရေးယူဆောင်ရွက်ခြင်းထက် များစွာပိုမိုထိရောက်မှုရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းအား ပြစ်မှုမဖြစ်ပွားမီ ကြိုတင်တားဆီးကာကွယ်နိုင်ခြင်းဖြင့် သက်ဆိုင်သူတစ်ဦးချင်းစီအတွက်သာမက နိုင်ငံတော်အတွက်ပါ ထိခိုက်နစ်နာမှုကို နည်းပါးသက်သာစေပါကြောင်း၊ ထို့ကြောင့် CPU များ အလုပ်လုပ်နိုင်ရန် တာဝန်ရှိသူများက မိသားစုစိတ်ဓာတ်ဖြင့် ကူညီပေးကြရန် အလေးအနက်





မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်အဖွဲ့မှ Head of Office, Mr.Gevorg Sargsyan က အဂတိလိုက်စားမှုသည် စီးပွားရေး၊ လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဆင်းရဲမွဲတေမှုပပျောက်ရေးကို အဟန့်အတားဖြစ်စေပြီး အလွန်ပင်ထိခိုက်စေနိုင်ပါကြောင်း၊ အစိုးရအရာရှိများ၏ နေ့စဉ်ပြုလုပ်နေသော လုပ်ဆောင်ချက်များသည် နိုင်ငံသူနိုင်ငံသားများအပေါ် အဓိကသက်ရောက်နိုင်ပါကြောင်း၊ နှစ်ပေါင်း ၂၀ ကျော်ခန့်ကပင် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ James Wolfensohn က အဂတိလိုက်စားမှု အမြစ်တွယ်နေမှုအား ကင်ဆာရောဂါကဲ့သို့ သဘောထား၍ အတူတကွ ပူးပေါင်းတိုက်ဖျက်ရန် မေတ္တာရပ်ခံခဲ့ပါကြောင်း၊ ဆန်းသစ်တီထွင်သော နည်းပညာဆိုင်ရာ ချဉ်းကပ်မှုများသည် အများပြည်သူဆိုင်ရာကဏ္ဍတွင် အသေးစားအဂတိလိုက်စားမှုများကို တိုက်ဖျက်ရန် အကူအညီပေးခြင်းဖြင့် ပြည်သူ့ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရန်နှင့် အစိုးရနှင့်ပြည်သူ ယုံကြည်မှုတိုးတက်လာစေရန်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်အနေဖြင့် ပါကစ္စတန်နှင့် အယ်လ်ဘေးနီးယားနိုင်ငံတို့တွင် အလားတူကူညီခဲ့ပါကြောင်း၊ ယခုအခါကော်မရှင်အား ကူညီဆောင်ရွက်ပေးရသဖြင့် ဝမ်းမြောက်မိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးနှင့် အသင့်တော်ဆုံးသော မဟာဗျူဟာတစ်ခုပင်ဖြစ်ပါကြောင်း ပြောကြားသည်။

### လက်တွေ့စမ်းသပ်ဆောင်ရွက်

ထို့နောက် ပြည်သူ့ဝန်ဆောင်မှု အများဆုံးဆောင်ရွက်နေသော ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း ၁၀ ခုတွင် အသေးစားအဂတိလိုက်စားမှု လျှော့ချရေးအတွက် ဌာနများတွင် ဝန်ဆောင်မှုရယူသော ပြည်သူလူထုထံသို့ CPU Toolkit နည်းပညာကိုအသုံးပြု၍ လက်တွေ့စမ်းသပ်ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်ကြသော တာဝန်ရှိပုဂ္ဂိုလ်များသည် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၀ ခုမှ CPU အဖွဲ့ ၁၃ ဖွဲ့၏ Toolkit လက်တွေ့အသုံးပြု၍ Data Entry Operator (DEO) အဖွဲ့များထံ လိုအပ်သည့် အချက်အလက်များကောက်ယူခြင်း၊ အစိုးရနှင့် ပြည်သူလူထုအကြား ဝန်ဆောင်မှုရယူနေခြင်း၊ ဝန်ဆောင်မှုယူသောပြည်သူများထံသို့ SMS ပေးပို့ခြင်း၊ ပြည်သူများထံမှ တုံ့ပြန်ဖြေကြားမှုများ လက်ခံခြင်းတို့နှင့်စပ်လျဉ်း၍ လက်တွေ့ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

### လျင်မြန်စွာအသုံးပြုနိုင်

CPU Toolkit စတင်စမ်းသပ်ဆောင်ရွက်မှုအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတို့က မြို့နယ်အချို့တွင် ဝန်ဆောင်မှုရယူခဲ့သည့် ပြည်သူလူထုသို့ စတင်စမ်းသပ်ဆက်သွယ်ဆောင်ရွက်ကြမည်ဖြစ်ပြီး မိုဘိုင်းဖုန်းဖြင့် ဆက်သွယ်ဆောင်ရွက်ရာ၌ အဆင်ပြေလျင်မြန်စွာ အသုံးပြုနိုင်ရေး CPU များ၏ Short Code အဖြစ် "1111" အား သတ်မှတ်ထားရှိကြောင်း သိရသည်။

အခမ်းအနားဒုတိယပိုင်းတွင် USAID အကူအညီဖြင့် Promoting the Rule of Law in Myanmar (PRLM) အဖွဲ့က မြန်မာနိုင်ငံ၌ ၂၀၁၉ ခုနှစ်အတွင်း အဂတိလိုက်စားမှုဆိုင်ရာ စစ်တမ်းကောက်ယူမှုရလဒ်များကို ဆက်လက်ရှင်းလင်းတင်ပြသည်။ အဆိုပါအဖွဲ့သည် မြန်မာနိုင်ငံအတွင်း ပြည်နယ်၊ တိုင်းဒေသကြီးများတွင် လူဦးရေ ၃၀၉၆ ဦးကို စစ်တမ်းကောက်ယူခဲ့ပြီး အဂတိလိုက်စားမှုအပေါ် သာမန်ပြည်သူများ၏ ထင်မြင်ချက်ကို မေးခွန်းပေါင်း ၉၉ ခုဖြင့် စစ်တမ်းကောက်ယူမှုရလဒ်များကို အသေးစိတ်တင်ပြဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# စင်ကာပူနိုင်ငံ Channel News Asia International ရုပ်သံလိုင်းမှ ခရီးသွားမြှင့်တင်ရေး သတင်းမှတ်တမ်းရိုက်ကူး

**ရန်ကုန် အောက်တိုဘာ ၉**

စင်ကာပူနိုင်ငံ Channel News Asia International ရုပ်သံလိုင်းမှ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က ပုဂံဘုရားပုထိုးစေတီများ၊ ရှုခင်းများနှင့် မီးပုံးပျံစီးခြင်း၊ ရုပ်သေးကြိုးဆွဲပညာရှင် ဦးစိန်မြင့်အောင်အား တွေ့ဆုံမေးမြန်းခြင်းတို့ကို ရိုက်ကူးသည်။



အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပုဂံမြို့ဟောင်းတွင် မင်္ဂလာဆောင်အကြို ဓာတ်ပုံရိုက်ကူးနေပုံ၊ ရုပ်သေးကြိုးဆွဲပညာရှင် ဦးစိန်မြင့်အောင် နေအိမ်တွင် ရုပ်သေးရုပ်နှင့် ကြိုးဆွဲပညာအကြောင်း မေးမြန်းနေပုံနှင့် လေ့လာသင်ယူနေပုံတို့ကိုလည်းကောင်း၊ ဝက်ကြီးအင်းရွာ၊ ပစ်တိုင်းထောင် မြန်မာ့ရိုးရာယွန်းထည်လုပ်ငန်းတွင် ယွန်းထည်ပြုလုပ်ပုံအဆင့်ဆင့်နှင့် သဗ္ဗညုဘုရားအနီးတွင် ရိုးရာလက်ဆွဲပန်းချီရေးဆွဲပုံတို့ကိုလည်းကောင်း၊ ပုပ္ပားတောင်ကလပ်သမိုင်းကြောင်း၊ တောင်ခြေရှိ ၃၇ မင်းနတ်နန်းမှ ပုပ္ပားမယ်တော်နှင့် ရိုးရာဓလေ့ကိုးကွယ်ယုံကြည်မှုအကြောင်းတို့ကို လည်းကောင်း မှတ်တမ်းရိုက်ကူးခဲ့ပြီးဖြစ်သည်။

ထို့ပြင် ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်တွင် ရှေးဟောင်းယဉ်ကျေးမှုပညာရှင် ဒေါက်တာပြည့်ဖြိုးကျော်နှင့် တွေ့ဆုံမေးမြန်းခြင်းကို ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်းနှင့် ထိုသို့ရိုက်ကူးထားမှုများကို စင်ကာပူနိုင်ငံ Channel News Asia International ရုပ်သံလိုင်းမှ Secrets of Empire ရုပ်သံအစီအစဉ်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းအောင်(FDC)**




# ဂျပန်နိုင်ငံမှ ရုပ်သံရိုက်ကူးရေးအဖွဲ့ ကမ္ဘာပတ်မည့် ခရီးစဉ် အပိုင်း (၁၈) ခရီးသွားမှတ်တမ်း ရိုက်ကူး

**ရန်ကုန် အောက်တိုဘာ ၉**

ဂျပန်နိုင်ငံ ytv Nextry Co.,Ltd မှ ခရီးသွားရုပ်သံရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က တွံတေးမြို့နယ်ရှိ ရွှေခါးပတ်ချန်ပီယံ စောသဲအောင် ဦးစီးသင်ကြားလျက်ရှိသည့် “ကညော်သွီ” မြန်မာ့ရိုးရာ လက်ဝှေ့ကလပ်တွင် လက်ဝှေ့လေ့ကျင့်နေပုံကို ရိုက်ကူးသည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် ကမ္ဘာပတ်မည့် ခရီးစဉ် အပိုင်း(၁၈) အဖြစ် ရန်ကုန်မြို့ရှိ အထင်ကရနေရာများနှင့် လှည်းတန်းလူကူးတံတားပေါ်မှနေ၍ လူအများသွားလာလှုပ်ရှားနေပုံများကို ရိုက်ကူးခဲ့ပြီး သာကေတမိချောင်းမွေးမြူရေးစခန်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ပြတိုက်တို့တွင်လည်း ဆက်လက်ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ မှတ်တမ်းရုပ်သံအစီအစဉ် (Documentary) သည် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ၏ စိတ်ဝင်စားမှု ပိုမိုမြင့်တက်စေရန်နှင့် ခရီးသွားလုပ်ငန်းကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ရိုက်ကူးခြင်းဖြစ်ပြီး ထိုသို့ရိုက်ကူးထားမှုအား ဂျပန်နိုင်ငံ Yomiuri TV တွင် ထုတ်လွှင့်ပြသရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းထိန်(FDC)**

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဘက်စုံ၊ ကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းဆောင်ရွက်ချက်များအနက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အကျဉ်းချုပ်၍ ပြည်သူများသို့ အစီရင်ခံတင်ပြအပ်ပါသည်။

(ယမန်နေ့မှ အဆက်)

## ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်း





ရခိုင်ပြည်နယ်အတွင်း ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ပေးမှု

| ဂျပန်ဦးနှောက်ရောင် | BCG | ငါးမျိုးစပ် | ပိုလီယိုတိုက်ဆေး | ပိုလီယိုထိုးဆေး | ပြင်းထန်အဆုတ်ရောင် | ဝက်သက်ဂျိုက်သိုး | မေးခိုင် | အသည်းရောင်အသားဝါပီ |
|---|---|---|---|---|---|---|---|---|
| ၃၂၈၇၈ | ၃၆၉၃၇ | ၁၀၆၉၁၇ | ၁၀၆၉၃၂ | ၃၅၆၁၅ | ၁၀၆၆၉၃ | ၆၂၄၈၃ | ၇၃၆၁၉ | ၃၄၅၀ |

## ကျန်းမာရေးသင်တန်းပေးမှုအခြေအနေ

| စဉ် | သင်တန်း | တိုင်းရင်းသား ဦးရေ | မွတ်စလင် ဦးရေ | စုစုပေါင်း ဦးရေ |
|---|---|---|---|---|
| ၁ | [illegible] | ၁၀၃ | ၅၈ | ၁၆၁ |
| ၂ | [illegible] | ၂၇၇ | ၅၆ | ၃၃၃ |
| ၃ | [illegible] | ၈၆ | - | ၈၆ |
| ၄ | [illegible] | ၁၅ | ၁၅ | ၃၀ |
| | စုစုပေါင်း | ၄၈၁ | ၁၂၉ | ၆၁၀ |

## ကျန်းမာရေးဝန်ထမ်းများခန့်အပ်ထားရှိမှုအခြေအနေ



ဆေးနှင့်ဆေးပစ္စည်းများ ဖြန့်ဖြူးပေးမှု-

- [illegible]

ပေါက်တောမြို့နယ်အတွင်းရှိ IDP Camp များတွင် ကာကွယ်ဆေးထိုးနှံပေးမှု အခြေအနေ

(လူဦးရေ)

| IDP စခန်းအရေအတွက် | BCG | OPV | IPV | DPT | PCV | MR | JE | TT |
|---|---|---|---|---|---|---|---|---|
| ၈ ခု | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

(၂-၄-၂၀၁၉)ရက်နေ့မှ (၄-၄-၂၀၁၉) ရက်နေ့အထိ ပေါက်တောမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်း(၈)ခုမှ ငါးနှစ်အောက်ကလေး (၁၇၆၀) ဦးအား လက်မောင်းလုံးပတ်တိုင်းခြင်း၊ ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်း၊ အဏုအာဟာရဆေးမှုန့်ထုတ်ပေးခြင်း၊ သံချဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရ ဆေးပြားတိုက်ကျွေးခြင်း၊ ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းတို့ ပြုလုပ်ခဲ့ပါသည်။

## ကျန်းမာရေးဆိုင်ရာဆွေးနွေးပွဲများကျင်းပခြင်း



မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုစစ်တမ်း (Myanmar Micronutrient Food Consumption Survey) ရလဒ်များအရ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ (၅)နှစ်စီမံကိန်း (၂၀၁၈/၁၉-၂၀၂၂/၂၃) အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရခိုင်ပြည်နယ် အာဟာရဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို (၂၅-၂-၂၀၁၉) ရက်နေ့နှင့် (၂၆-၂-၂၀၁၉) ရက်နေ့တို့တွင် ကျင်းပခဲ့ပါသည်။

(၁၁-၈-၂၀၁၉) ရက်နေ့တွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လူထုလှုပ်ရှားမှုအခမ်းအနားပြုလုပ်ခဲ့ပါသည်။

(၂၃-၈-၂၀၁၉) ရက်နေ့တွင် ရခိုင်ပြည်နယ်တွင် အာဟာရလုပ်ငန်းများ ဆောင်ရွက်နေသော INGO / NGO များနှင့် အာဟာရလုပ်ငန်းများ တိုးတက်လာစေရေးဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ခဲ့ပါသည်။

## စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး တိုးချဲ့ဆောက်လုပ်ခြင်း



စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးတိုးချဲ့(၄)ထပ်ဆောင်တည်ဆောက်ပြီးစီးမှု



စစ်တွေဆေးရုံကြီးတိုးချဲ့(၄)ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှု

စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး တိုးချဲ့ဆောက်လုပ်ခြင်းအနေဖြင့် (၄)ထပ် တိုးချဲ့လူနာဆောင်သစ်ဆောက်လုပ်ခြင်း၊ (၈)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းမှာ (၉၉%) ပြီးစီးပြီဖြစ်ပြီး၊ ပြည်နယ်ကုသရေးဦးစီးမှူးရုံး (၂)ထပ်ဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်းမှာ (၁၀၀ %) ပြီးစီးပြီ ဖြစ်ပါသည်။

စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး ရင်ခွဲရုံအားပြင်ဆင်ခြင်း၊ မိခင်နှင့်ကလေးကုသဆောင်အတွက် မြေနေရာရွေးချယ်ခြင်း၊ ခွဲစိတ်ခန်းအတွက် ဓာတ်လှေကားတပ်ဆင်ခြင်း၊ သူနာပြုများနေထိုင်သည့် အဆောင်ဟောင်းများကို ဖျက်သိမ်းခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

## ကျောက်ဖြူပြည်သူ့ဆေးရုံကြီး တိုးချဲ့ဆောက်လုပ်ခြင်း



ကျောက်ဖြူပြည်သူ့ဆေးရုံ တိုးချဲ့(၂)ထပ်ဆောင်တည်ဆောက်ပြီးစီးမှု



ကျောက်ဖြူပြည်သူ့ဆေးရုံ (၈)ခန်းတွဲ (၄)ထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှု

ကျောက်ဖြူပြည်သူ့ဆေးရုံ တိုးချဲ့(၂)ထပ် လူနာဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်းမှာ (၉၆%)ပြီးစီးပြီဖြစ်ပြီး၊ (၈)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းမှာ (၉၈%)ပြီးစီးပြီဖြစ်ပါသည်။



တောင်ကုတ်မြို့ ခုတင် (၅၀) ပြည်သူ့ဆေးရုံကို (၉-၆-၂၀၁၉) ရက်နေ့တွင် ခုတင် (၁၀၀) ပြည်သူ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# တရုတ်သမ္မတ အိန္ဒိယနှင့် နီပေါသို့ သွားရောက်လည်ပတ်မည်

**ပေကျင်း အောက်တိုဘာ ၉**
တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဒုတိယအကြိမ်မြောက် အလွတ်သဘောထိပ်သီးအစည်းအဝေး တက်ရောက်ရန် အောက်တိုဘာ ၁၁ ရက်မှ ၁၂ ရက်အထိ အိန္ဒိယနိုင်ငံသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချွန်ယင်းက ယနေ့ ကြေညာသည်။

သမ္မတ ရှီနှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သလို ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာကိစ္စရပ်များအပေါ်လည်း အမြင်ချင်းဖလှယ်ကြမည်ဟု မျှော်လင့်ရကြောင်း ဟွာချွန်ယင်းက ပြောကြားသည်။

သမ္မတ ရှီသည် အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့အနီး မာမော်လာပူရမ်မြို့တွင် အောက်တိုဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် အလွတ်သဘောအစည်းအဝေးကို တက်ရောက်ခဲ့ပြီးနောက် အောက်တိုဘာ ၁၃ ရက်တွင် နီပေါနိုင်ငံသို့ ခရီးဆက်မည်ဖြစ်ကြောင်း သိရသည်။

မိုဒီနှင့် ရှီတို့၏ ပထမအကြိမ် အလွတ်သဘောဆွေးနွေးပွဲကို ပြီးခဲ့သည့်နှစ်က တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကျင်းပခဲ့ရာ ယင်းဆွေးနွေးပွဲ၏ ရလဒ်များကြောင့် နှစ်နိုင်ငံတပ်မတော်အကြား ယိုယွင်းပျက်စီးသွားသော ဆက်ဆံရေးသည် ပြန်လည်ကောင်းမွန်လာခဲ့သည်။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက်ပြည်နယ်နှင့် ဆက်သွယ်ထားသည့် ဆီလီဂူရီစင်္ကြံလမ်းအနီး၌ ကားလမ်းဖောက်လုပ်ရန် တရုတ်တပ်မတော်၏ အစီအစဉ်များကြောင့် နှစ်နိုင်ငံတပ်မတော်အကြား ဆက်ဆံရေးသည် ၂၀၁၇ ခုနှစ်က ၇၃ ရက်ကြာ သောင်မတင်ရေမကျဖြစ်ခဲ့ရခြင်း ဖြစ်သည်။


တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့ ၂၀၁၇ ခုနှစ်က BRICS အစည်းအဝေးမကျင်းပမီ တွေ့ဆုံစဉ်။

သို့သော် နှစ်နိုင်ငံခေါင်းဆောင်တို့၏ ဆွေးနွေးမှုရလဒ်များကြောင့် တရုတ်တပ်မတော်က ၎င်း၏ကားလမ်းဖောက်လုပ်ရေးအစီအစဉ်များကို ပြန်လည်ဖျက်သိမ်းခဲ့ပြီး နှစ်နိုင်ငံတပ်ဖွဲ့ဝင်များကို ဒေါ်ခ်လမ်အရပ်မှ ရုပ်သိမ်းခြင်းနှင့်အတူ နှစ်ဖက်တပ်မတော်အကြား ပြဿနာများလည်း ပြေလည်သွားကြောင်း သိရသည်။

သမ္မတရှီ၏ အိန္ဒိယခရီးစဉ်သည် ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန်းနှင့် ပါကစ္စတန်စစ်ဦးစီးချုပ် ကာမာဂျာဗက်ဘာဂွါတို့၏ တရုတ်ခရီးစဉ်အတောအတွင်း ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

**ကိုးကား - ပီတီအိုင်**
**ဘာသာပြန် - ဂျေတီ**

## တရုတ်အရှေ့ပိုင်းရှိ ကျန်းမာရေးဌာန တစ်ခု မီးလောင်ကျွမ်းမှုတွင် မီးလောင်သေဆုံးသူ ငါးဦးတွေ့ရှိ

**ဟီဖေး အောက်တိုဘာ ၉**
ယနေ့ နံနက်အစောပိုင်းက တရုတ်နိုင်ငံ အရှေ့ပိုင်း အန်ဟွေးပြည်နယ် မြို့နယ်တစ်ခုရှိ ဆေးရုံတစ်ရုံ၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ငါးဦးကို သေဆုံးလျက်တွေ့ရှိခဲ့ကြောင်း ဒေသန္တရအစိုးရတပ်ဖွဲ့က ပြောကြားသည်။

မီးလောင်ကျွမ်းမှုမှာ ဘိုကျိုးမြို့တော် ကွေ့ရန်ကောင်တီရှိ မြို့နယ်ကျန်းမာရေးစောင့်ရှောက်မှုဌာနတစ်ခု၌ ယနေ့ နံနက် ၂ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကောင်တီရှိ ပြည်သူ့လုံခြုံရေးဗျူရိုက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။ မီးသတ်သမားများက မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ခဲ့ကြရာ မီးလောင်ရာနေရာ၌ သေဆုံးသူ ငါးဦးကို တွေ့ရှိခဲ့သည်။

မည်သူမည်ဝါဟု မဖော်ထုတ်ရသေးသည့် အဆိုပါရုပ်အလောင်းများမှာ မီးလောင်ကျွမ်းမှုကြောင့် သေဆုံးခဲ့ခြင်း ဟုတ်၊ မဟုတ်ဆိုသည်ကို မသိရပေ။ မီးလောင်ကျွမ်းမှုနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုတစ်ခုကို ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က မြောက်ကိုရီးယားအရေး အနီးကပ်ပူးပေါင်းဆောင်ရွက်မည်

**ဝါရှင်တန် အောက်တိုဘာ ၉**
အောက်တိုဘာ ၈ ရက်က ဝါရှင်တန်တွင် အစည်းအဝေးပြုလုပ်ခဲ့သော ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ သံတမန်များသည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား အပြီးတိုင်ဖျက်သိမ်းရေးဆိုင်ရာများ ရှေ့ဆက်ဆောင်ရွက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကို ပြန်လည်အတည်ပြုပြောကြားခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်က ဖော်ပြထားသည်။

ဝါရှင်တန်တွင် ကျင်းပခဲ့သည့် အစည်းအဝေးသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှနှင့် သမုဒ္ဒရာပိုင်းရေးရာဗျူရိုမှ ညွှန်ကြားရေးမှူးချုပ် ရှီဂီကီတာကီဇာကီ၊ မြောက်ကိုရီးယားဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် စတီဖန်ဘီဂွန်းနှင့် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ တောင်ကိုရီးယား အထူးကိုယ်စားလှယ် လီဒိုဟွန်းတို့အကြား ပြုလုပ်သည့် အစည်းအဝေးဖြစ်သည်။

ပြီးခဲ့သည့်တစ်ပတ်က ဆွီဒင်နိုင်ငံတွင် မြောက်ကိုရီးယားနှင့် အမေရိကန်တို့အကြား အလုပ်သဘောဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး နှစ်ဖက်စလုံးအနေဖြင့် ကောင်းမွန်သော ဆွေးနွေးမှုများရရှိခဲ့သည်ဟု အမေရိကန်က ပြောကြားခဲ့စဉ်တွင် မြောက်ကိုရီးယားကမူ သဘောတူညီချက်မရဘဲ ပြီးဆုံးခဲ့သည်ဟု ဆိုသည်။

လက်ရှိတွင် ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ကိုရီးယားကျွန်းဆွယ် အမြဲတမ်းငြိမ်းချမ်းရေးနှင့် နျူကလီးယားအပြီးတိုင် ဖျက်သိမ်းရေးတို့နှင့် စပ်လျဉ်း၍ သုံးနိုင်ငံနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ တောင်ကိုရီးယားအထူးကိုယ်စားလှယ် လီဒိုဟွန်းက နျူကလီးယားအပြီးတိုင်ဖျက်သိမ်းရေးဆိုင်ရာ ဆွေးနွေးပွဲများ၏အရှိန်ကို မည်သို့ထိန်းသိမ်းရမည်ဆိုသည်နှင့်စပ်လျဉ်း၍ ကာလကြာရှည် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။



စတီဖန်ဘီဂွန်း၊ ရှီဂီကီတာကီဇာကီနှင့် လီဒိုဟွန်း။

အမေရိကန်နိုင်ငံကလည်း စတော့ဟုမ်းတွေ့ဆုံဆွေးနွေးမှုအပြီး နှစ်ပတ်အတွင်း ဆွေးနွေးမှုများ ပြန်လည်စတင်ရန် ရည်ရွယ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ သို့ရာတွင် မြောက်ကိုရီးယားက အမေရိကန်၏ အပြုအမူပေါ်မူတည်၍ ဆွေးနွေးပွဲများ ဆက်လက်ကျင်းပရန် ဆုံးဖြတ်မည်ဟု ပြောကြားခဲ့သည်။ ပြုံယမ်းအနေဖြင့် ၎င်း၏နိုင်ငံရေးစနစ်ကို အကာအကွယ်ပေးရန် အာမခံချက်များ ပေးစေလိုကြောင်းနှင့် နျူကလီးယား အပြီးတိုင်ဖျက်သိမ်းရေးဆိုင်ရာ ရှေ့ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များအတွက် ဆောင်ရွက်ရာတွင် ပိတ်ဆို့မှုများကို လျှော့ချစေလိုကြောင်း ပြောကြားထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**




## တိုင်ဖွန်းမုန်တိုင်း ဟာဂီဘစ် ဂျပန်နိုင်ငံသို့ ချဉ်းကပ်ဝင်ရောက်

**တိုကျို အောက်တိုဘာ ၉**
အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းတစ်ခုသည် ဂျပန်နိုင်ငံသို့ လာမည့်ရက်သတ္တပတ်အတွင်း ဝင်ရောက်တိုက်ခတ်ရန် ချဉ်းကပ်လာလျက်ရှိသည်ဟု မိုးလေဝသပညာရှင်များက သတင်းထုတ်ပြန်ခဲ့သည်။

တိုင်ဖွန်း ဟာဂီဘစ်သည် အိုဂါဆာဝါရာကျွန်းအနီး ကမ်းလွန်ပင်လယ်ပြင်တွင် မြောက်ဘက်ပိုင်းမှ အနောက်မြောက်ဘက်သို့ ရွေ့လျားလျက်ရှိကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ဆက်လက်ပြောကြားခဲ့သည်။

မုန်တိုင်းဟာဂီဘစ်သည် အိုဂါဆာဝါရာကျွန်းအနီးတွင် တစ်နာရီလျှင် ၁၂၅ ကီလိုမီတာလေတိုက်နှုန်းဖြင့် တိုက်ခတ်လျက်ရှိသည်။

မုန်တိုင်းဟာဂီဘစ်သည် အောက်တိုဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် နိုင်ငံ၏ အရှေ့ဘက်နှင့် အနောက်ဘက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိပြီး မိုးသည်းလေထန်မှုနှင့် မြေပြိုမှုများဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းပြောကြားခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လေပြင်းတိုက်ခတ်မှုများ၊ မိုးသည်းထန်မှုများနှင့် မြေပြိုမှုများ ဖြစ်ပွားနိုင်ဖွယ်ရှိသည့်အတွက် မုန်တိုင်းလမ်းကြောင်းရှိ ပြည်သူများအား သတိဖြင့်နေထိုင်ကြရန် အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# လီသီယမ်ဘက်ထရီ စွန့်ဦးတီထွင်သူသုံးဦး ဓာတုဗေဒနိုဘယ်ဆုရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၉**
ရုပ်ကြွင်းလောင်စာ သုံးရန်မလိုသည့် လူ့အဖွဲ့အစည်းနှင့် စမတ်ဖုန်းများအတွက် လမ်းခင်းပေးခဲ့သည့် လီသီယမ်ဘက်ထရီများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် သုတေသနပညာရှင် သုံးဦးသည် ဓာတုဗေဒနိုဘယ်ဆုကို ဗုဒ္ဓဟူးနေ့က ရရှိခဲ့သည်။ အမေရိကန်နိုင်ငံမှ အသက် ၉၇ နှစ်အရွယ် ဂျွန်ဂူဒင်နော့၊ ဗြိတိန်နိုင်ငံမှ စတန်လေ ဝှိုက်တင်ဂမ်နှင့် ဂျပန်နိုင်ငံမှ အကီရာယိုရှီနိုတို့သည် အမေရိကန်ဒေါ်လာ ၉၁၄၀၀၀ ခန့်ရှိ ဆွီဒင် ကိုရိုနာငွေ ကိုးသန်းကို ခွဲဝေရရှိမည်ဖြစ်ကြောင်း ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီက ပြောကြားသည်။

ပေါ့ပါးပြီး ပြန်လည်အားသွင်းနိုင်သည့် အားကောင်းသည့် လီသီယမ်ဘက်ထရီများကို ယခုအခါ မိုဘိုင်းဖုန်းများမှသည် လက်ပ်တော့ ကွန်ပျူတာများ၊ လျှပ်စစ်ကားများအထိ သုံးစွဲနေကြပြီဖြစ်ကြောင်း၊ ယင်းဘက်ထရီများသည် နေမှ သို့မဟုတ် လေစွမ်းအင်မှရရှိသည့် စွမ်းအင်အများအပြားကို သိုလှောင်နိုင်သဖြင့် ရုပ်ကြွင်းလောင်စာသုံးရန်မလိုသည့် လူ့အဖွဲ့အစည်းကို ဖန်တီးပေးနိုင်ခဲ့ကြောင်း နိုဘယ်ဆုချီးမြှင့်ရေးအဖွဲ့က ပြောကြားသည်။

လီသီယမ်ဘက်ထရီများသည် ၁၉၉၁ ခုနှစ်တွင် ဈေးကွက်အတွင်းသို့ ဝင်ရောက်ခဲ့ချိန်မှစ၍ မိမိတို့၏ဘဝများကို ပြောင်းလဲစေခဲ့ကြောင်း၊ ယင်းဘက်ထရီများသည် လူသားမျိုးနွယ်ကို အကျိုးကျေးဇူးကြီးကြီးမားမား ပြုခဲ့ကြောင်း ယင်းအဖွဲ့က ပြောသည်။ ၁၉၇၀ ပြည့်လွန်နှစ်များက ဖြစ်ပေါ်ခဲ့သည့် ရေနံလောင်စာဆီ အကျပ်အတည်းကာလအတွင်း ရေနံလောင်စာဆီ အစားထိုးစွမ်းအင်ကို ရှာဖွေရာတွင် ဝှိုက်တင်ဂမ်သည် အလွန်ပေါ့ပါးပြီး ရေထဲတွင် ပေါလောပေါ်နိုင်သည့် လီသီယမ်သတ္တုတွင် စွမ်းအင်သိုလှောင်နိုင်သည့် နည်းလမ်းကို ရှာဖွေတွေ့ရှိခဲ့သည်။

ဂူဒင်နော့သည် ဝှိုက်တင်ဂမ်၏ ရှေ့ပြေးပုံစံ လီသီယမ် ဘက်ထရီတွင် အခြားသတ္တုဒြပ်ပေါင်းကို အစားထိုးပြီး ဘက်ထရီ၏ စွမ်းအင်သိုလှောင်နိုင်မှုကို လေးဖို့အထိ နှစ်ဆမြှင့်တင်နိုင်ခဲ့သည်။ ဤဆောင်ရွက်ချက်သည် အနာဂတ်တွင် ပို၍အားကောင်းပြီး ကြာရှည်ခံသည့် ဘက်ထရီများ ဖန်တီးနိုင်အောင် လမ်းခင်းပေးခဲ့သည်။

၁၉၈၅ ခုနှစ်တွင် ယိုရှီနိုက လီသီယမ်အိုင်းယွန်းများကို သိုလှောင်နိုင်သည့် ကာဗွန်အခြေခံသည့်ပစ္စည်းကို အစားထိုးအသုံးပြုကာ စီးပွားရေးအရ ရောင်းချနိုင်သည့် ဘက်ထရီများဖြစ်အောင် ပြုလုပ်နိုင်ခဲ့သည်။ သုတေသနပညာရှင်သုံးဦး၏ အဆုံးသတ်သုတေသနရလဒ်သည် အလွန်အားကောင်းပြီး ပေါ့ပါးသည့် ပြန်လည်အားသွင်းနိုင်သည့် ဘက်ထရီကို ဖန်တီးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**

# ကမ္ဘာ့စီးပွားရေး ယှဉ်ပြိုင်နိုင်စွမ်းအဆင့်တွင် စင်ကာပူအား ထိပ်ဆုံးသတ်မှတ်



**စင်ကာပူ အောက်တိုဘာ ၉**

ကမ္ဘာ့စီးပွားရေးဖိုရမ်က စင်ကာပူကို ယခုနှစ်အတွက် ကမ္ဘာ့စီးပွားရေး ယှဉ်ပြိုင်နိုင်စွမ်းအဆင့်တွင် အမေရိကန်နိုင်ငံအထက် ထိပ်ဆုံးနေရာ၌ သတ်မှတ်လိုက်ပြီဖြစ်သည်။ စင်ကာပူနိုင်ငံမှာ အခြေခံအဆောက်အအုံ၊ လုပ်သား ဈေးကွက်နှင့် ငွေကြေးဆိုင်ရာစနစ် ဖွံ့ဖြိုးတိုးတက်မှုတို့တွင် အသိအမှတ်ပြုခံရသောကြောင့် အမေရိကန်နိုင်ငံကို ဒုတိယနေရာပို့ကာ ထိပ်ဆုံးအဆင့်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အဆင့်သတ်မှတ်ချက်များမှာ ကမ္ဘာ့နိုင်ငံနှင့် ပိုင်နက်နယ်မြေ ၁၄၁ ခု၏ အကဲဖြတ်ချက်များကို အခြေခံထားသည်။ တည်ငြိမ်သော မက်ခရို စီးပွားရေးနှင့်တိုးတက်လာသော ကျန်းမာရေးစနစ်ကြောင့် ဟောင်ကောင်မှာ ယမန်နှစ်က သတ္တမနေရာမှ ယခုနှစ်တွင် တတိယနေရာသို့ ရောက်ရှိလာခဲ့သည်။ ဂျပန်နိုင်ငံမှာ ပဉ္စမနေရာမှ ဆဋ္ဌမနေရာသို့ အဆင့်တစ်ဆင့် လျော့ကျသွားခဲ့သည်။ ဂျပန်နိုင်ငံမှာ ရာဇဝတ်မှုနည်းပါးပြီး ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် အခြေခံအဆောက်အအုံကောင်းမွန်သော်လည်း ကျား/မ တန်းတူညီမျှမှုတွင် ကမ္ဘာ့အဆင့် ၆၂ နေရာရှိသောကြောင့် အဆင့်လျော့ကျခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံက ကမ္ဘာ့စီးပွားရေး ယှဉ်ပြိုင်နိုင်စွမ်းတွင် အဆင့် ၇၇ မှ အဆင့် ၆၇ သို့ အဆင့်အများဆုံး ခုန်တက်လာခဲ့သည်။ အာရှ-ပစိဖိတ်ဒေသမှာ ကမ္ဘာပေါ်တွင် စီးပွားရေးအရ ယှဉ်ပြိုင်မှုအရှိဆုံးဒေသဖြစ်ကြောင်း အစီရင်ခံစာက ဆိုသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# ဗြိတိန် ဘရက်ဆစ်ဝန်ကြီးနှင့် အီးယူညှိနှိုင်းရေးမှူးတို့ တွေ့ဆုံဆွေးနွေးမည်

**လန်ဒန် အောက်တိုဘာ ၉**

အီးယူမှ နုတ်ထွက်မည့်ကိစ္စဆွေးနွေးမှုများသည် အရေးကြီးသည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သဖြင့် ဗြိတိန်၏ ဘရက်ဆစ်ဝန်ကြီး စတိဗ်ဘာကလေသည် အီးယူညှိနှိုင်းရေးမှူးချုပ် မီချယ်ဘာနီယာနှင့် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ကြာသပတေးနေ့တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဗြိတိန်အစိုးရက ပြောကြားသည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် အီးယူမှ ဗြိတိန်နုတ်ထွက်ရေး ဆွေးနွေးမှုများတွင် အခက်ခဲဆုံးပြဿနာဖြစ်သည့် အိုင်ယာလန်နယ်စပ်ကိစ္စ ဆွေးနွေးရန်အတွက် အိုင်ယာလန်ဝန်ကြီးချုပ် လီယိုဗာရတ်ကာနှင့် ယခုအပတ်တွင် တွေ့ဆုံဆွေးနွေးမည်ဟု မျှော်လင့်ရသည်။ အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် အလွန်အရေးကြီးသည့် အီးယူခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည်ဖြစ်သဖြင့် အီးယူနှင့် ဗြိတိန်တို့သည် အီးယူမှ ဗြိတိန်နုတ်ထွက်ရေး သတ်မှတ်ချက်များနှင့်ပတ်သက်သည့် သဘောတူညီချက် ရရှိရေးဆွေးနွေးဖို့ ရက်အနည်းငယ်သာ ကျန်တော့သည်။

ဗြိတိန်သည် အီးယူမှ အောက်တိုဘာ ၃၁ ရက်နေ့တွင် နုတ်ထွက်မည်ဖြစ်ပြီး ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ယင်းနောက်ဆုံး သတ်မှတ်ရက်အတိုင်း ဆက်လက်ဆောင်ရွက်မည်ဟု ပြောဆိုလျက်ရှိသည်။ သို့သော်လည်း ဝန်ကြီးချုပ်အနေဖြင့် အီးယူမှနုတ်ထွက်ရေး သဘောတူညီချက် အချိန်မီမရနိုင်ပါက အီးယူမှ နုတ်ထွက်မည့်ကိစ္စကို ရွှေ့ဆိုင်းထားရန် ဖိအားပေးနိုင်သည့် ဥပဒေတစ်ရပ်ကို အတိုက်အခံ ပါလီမန်အမတ်များက အတည်ပြုထားသည်။ သဘောတူညီချက်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အီးယူထိပ်သီး အစည်းအဝေးကျင်းပပြီး နောက်တစ်နေ့ အောက်တိုဘာ ၁၉ ရက်နေ့တွင် ပါလီမန် အထူးအစည်းအဝေး ကျင်းပရန် ဗြိတိန်အစိုးရက စီစဉ်ထားသည်။

အင်္ဂါနေ့က ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်တို့ ဖုန်းပြောရာတွင် အချေအတင် ဖြစ်ခဲ့ပြီးနောက် နှစ်ဖက်စလုံးမှ ဆွေးနွေးညှိနှိုင်းသူများလည်း ကတောက်ကဆ ဖြစ်ခဲ့သည်။ ဗြိတိန်အစိုးရနှင့် နီးစပ်သည့် အသိုင်းအဝိုင်းများက အန်ဂျလာမာကယ်၏ ခေါင်းမာမှုသည် ဆွေးနွေးပွဲများ ပျက်ဖို့ရာ နီးစပ်နေသည်ကို ဖော်ပြနေကြောင်း ပြောဆိုကြသည်။ ဥရောပသမဂ္ဂကောင်စီ ဥက္ကဋ္ဌ ဒေါ်နယ်တပ်စ်က ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် မိုက်မဲသည့် အပြစ်ဖို့တမ်း ကစားနည်းကို ကစားနေသည်ဟု စွပ်စွဲပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန် - အောင်ဇော်လင်း**

# ထိုင်းရေတံခွန်တွင် ဆင်အသေ ငါးကောင် ထပ်မံတွေ့ရှိ

**ဗန်ကောက် အောက်တိုဘာ ၉**

ပန်းခြံတာဝန်ရှိသူများက ဆင်အသေ ငါးကောင် ထပ်မံတွေ့ရှိခဲ့သဖြင့် သေဆုံးသည့် ဆင်အရေအတွက်သည် ၁၁ ကောင်ဖြစ်လာကြောင်း ထိုင်းအမျိုးသားဥယျာဉ် တောရိုင်းတိရစ္ဆာန်နှင့် အပင်ထိန်းသိမ်းရေးဌာနက အင်္ဂါနေ့က ကြေညာခဲ့သည်။ ၎င်းဆင်သေ ငါးကောင်အား တိရစ္ဆာန်များ ခြေရာခံရန် ဖြန့်ကြက်ထားသည့် ဒရုန်းယာဉ်များက တွေ့ရှိခြင်းဖြစ်သည်ဟု ဆိုသည်။

"ဟဲနာရော့" ရေတံခွန်ရှိ လျှိုမြောင်ထဲသို့ ပြီးခဲ့သည့်အပတ်က ပြုတ်ကျခဲ့သည့် အခြားဆင်ခြောက်ကောင်နည်းတူ ယနေ့တွေ့ရှိရသည့် ဆင်သေ ငါးကောင်သည် မတ်စောက်သည့် ရေတံခွန်မှ ပြုတ်ကျသေဆုံးခဲ့သည်မှာ သိသာထင်ရှားကြောင်း ယင်းဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆွန်ပိုတီ မာနီရတ်က ပြောသည်။ သေဆုံးနေသည့် ဆင်ငါးကောင်ကို ယခင်ဆင်များ သေဆုံးခဲ့သည့်နေရာမှ တစ်ကီလိုမီတာခန့်အကွာ လျှိုမြောင်အတွင်း တွေ့ရကြောင်း ၎င်းက ပြောသည်။

ပန်းခြံမှ တာဝန်ရှိသူများသည် ၎င်းဆင်အသေများ ရေစီးတွင် မျောပါမသွားအောင် ပိုက်ကွန်များဖြင့် ကာထားကြောင်း၊ ယင်းပိုက်ကွန်များသည် အရွယ်ရောက်သည့် ဆင်တစ်ကောင်၏ ပျမ်းမျှအလေးချိန် တန် ၄၀ ကို ခံနိုင်ရန်လိုကြောင်း ၎င်းက ဆက်ပြောသည်။

မတ်စောက်၍ ချော်သည့် ကမ်းပါးအနီးသို့ ဆင်များမသွားနိုင်အောင် တားဆီးရန်အတွက် ပျက်စီးနေသည့် အရန်အတားများကို တာဝန်ရှိသူများက ပြုပြင်နေသဖြင့် "ဟဲနာရော့"ရေတံခွန်ကို ရက်အကန့်အသတ်မရှိ ပိတ်ထားသည်။

၎င်းရေတံခွန်သည် ထိုင်းနိုင်ငံမြောက်ပိုင်း နာခွန် ရတ်ချာဆီမာ ပြည်နယ်ရှိ ခေါင်ယိုင်အမျိုးသားဥယျာဉ်အတွင်း၌ တည်ရှိသည်။ ၎င်းအမျိုးသား ဥယျာဉ်သည် ထိုင်းနိုင်ငံ၏ တတိယမြောက် အကြီးမားဆုံး အမျိုးသားဥယျာဉ်ဖြစ်သည်။ ဥယျာဉ်အတွင်း လွတ်လွတ်လပ်လပ်သွားလာနေသည့် တောရိုင်းတိရစ္ဆာန်များကြောင့် ယင်းဥယျာဉ်သည် လူသိများထင်ရှားသည်ဟု သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန်- အောင်ဇော်လင်း**

# ပူးပေါင်းဆောင်ရွက်မှု ခိုင်မာတောင့်တင်းစေရန် တရုတ်နှင့် ပါကစ္စတန် ကတိကဝတ်ပြု

**ပေကျင်း အောက်တိုဘာ ၉**

တရုတ်ဝန်ကြီးချုပ် လီခချန်းနှင့် ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန်းတို့သည် ယမန်နေ့က ပေကျင်းမြို့တွင် တွေ့ဆုံခဲ့ကြရာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ခိုင်မာတောင့်တင်းစေရန် ကတိကဝတ်ပြုခဲ့ကြသည်။

တွေ့ဆုံစဉ် တရုတ်ဝန်ကြီးချုပ် က မကြာသေးမီက ပါကစ္စတန်နိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် အင်အား ၅ ဒသမ ၈ အဆင့်ရှိ ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးသွားသော ပါကစ္စတန် ပြည်သူများအပေါ် ပါကစ္စတန်အစိုးရနှင့် ပြည်သူများနှင့်အတူ ဝမ်းနည်းကြေကွဲမိပါကြောင်း၊ တရုတ်နှင့် ပါကစ္စတန်တို့သည် မိတ်ဖက်နိုင်ငံများဖြစ်ကြပြီး နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးသည်မည်သည့်အခြားနိုင်ငံများကိုမျှ ထိခိုက်ရန် ရည်ရွယ်မည်မဟုတ်ကြောင်း၊ တရုတ်နိုင်ငံသည် ပါကစ္စတန်နှင့် အပြန်အလှန် ယုံကြည်ကိုးစားမှု၊ လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်သွားလာလည်ပတ်မှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတို့ကို ဆက်လက်တိုးမြှင့်ရန် အဆင်သင့်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တရုတ်ဝန်ကြီးချုပ်က တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံအကျိုးစီးပွားသာမက ဒေသတွင်း တည်ငြိမ်အေးချမ်းရေး အတွက်လည်း အကျိုးပြုကြောင်း၊ အခြေခံအဆောက်အအုံ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် စက်မှုလုပ်ငန်း အစရှိသည့်နယ်ပယ်များတွင် တရုတ်အနေဖြင့် ပါကစ္စတန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ထည့်သွင်းပြောကြားသည်။

တစ်ချိန်တည်းမှာပင် ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန်းက တရုတ်ပြည်သူ့ သမ္မတနိုင်ငံထူထောင်သည့် နှစ် ၇၀ ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားအား အောင်မြင်စွာ ကျင်းပနိုင်မှုအပေါ် တရုတ်နိုင်ငံကို ဂုဏ်ယူမိပါကြောင်း၊ တရုတ်နိုင်ငံ၏ ကူညီပံ့ပိုးမှုနှင့် ထောက်ခံအားပေးမှုများကြောင့် ယခုအခါ ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးသည် တည်ငြိမ်ပြီး တဖြည်းဖြည်းချင်း ဦးမော့လာခဲ့ကြောင်း၊ ဆောက်လုပ်ရေးနယ်ပယ်များ၌ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု အဆင့်တိုးမြှင့်ရန် ပါကစ္စတန်နိုင်ငံအနေဖြင့် အဆင်သင့်ရှိကြောင်း ပြောကြားသည်။



ထို့အပြင် ပါကစ္စတန်နိုင်ငံသည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် စွမ်းအင်၊ ရေအားလျှပ်စစ်၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား၊ ရထားလမ်းနှင့် စိုက်ပျိုးရေးနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် တရုတ်နိုင်ငံနှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ထည့်သွင်းပြောကြားသည်။

နှစ်နိုင်ငံ ဝန်ကြီးချုပ်တို့သည် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါ သဘောတူစာချုပ်တွင် အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် လုံခြုံရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် မီဒီယာဆိုင်ရာ သဘောတူညီချက် စာချုပ်များ ပါဝင်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ဗီယက်နမ်က ဘိန်းဖြူမှောင်ခိုကူးသူ ရှစ်ဦးကို သေဒဏ်ပေး

**ဟန္နိုင်း အောက်တိုဘာ ၉**

အလေးချိန် ၁၃၂ ကီလိုဂရမ်ရှိသော ဘိန်းဖြူကိတ်မုန့် ၃၇၉ ခုနှင့် မီသာဖက်တမင်းဆေးပြား ၅၅ ကီလိုဂရမ် မှောင်ခိုကူးမှုအတွက် ဗီယက်နမ်နိုင်ငံသား ရှစ်ဦးကို သေဒဏ်ပေးခဲ့ကြောင်း ဒေသန္တရမီဒီယာများက ယနေ့ ရေးသားဖော်ပြသည်။

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဒါနန်းမြို့တော်မှ တောင်ပိုင်းရှိ ဟိုချီမင်းမြို့တော်သို့ ဘိန်းဖြူမှောင်ခိုကူးသည့် ဂိုဏ်းတစ်ခုမှ အဖွဲ့ဝင်များဖြစ်သော အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး တစ်ဦးအပါအဝင် တရားခံ ရှစ်ဦး၏ ပြစ်ဒဏ်များကို ဟိုချီမင်းမြို့တော်ရှိ ပြည်သူ့တရားရုံးက အောက်တိုဘာ ၇ ရက်တွင် ကြေညာခဲ့သည်ဟု နေ့စဉ်ထုတ်သတင်းစာ ဗီယက်နမ်နယူးစ်က ဖော်ပြခဲ့သည်။ အသက် ၄၅ နှစ်အရွယ် ဂိုဏ်းခေါင်းဆောင်မှာ မူးယစ်ဆေးဝါးများကို ဒါနန်းမြို့တော်ရှိ လာအိုအမျိုးသားတစ်ဦးထံမှ ရရှိပြီး ဂိုဏ်းအဖွဲ့ဝင်လက်ခွဲများထံ လွှဲပြောင်းပေးရန် ဟိုချီမင်းမြို့တော်သို့ မှောင်ခိုကူးခဲ့သည်။ မူးယစ်မှောင်ခိုသမားများနှင့် ပတ်သက်မှုရှိသူများကို ရဲတပ်ဖွဲ့က ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိသည်။

ဗီယက်နမ်ဥပဒေအရ ဘိန်းဖြူ ၆၀၀ ဂရမ် သို့မဟုတ် မီသာဖက်တမင်း ၂ ဒသမ ၅ ကီလိုဂရမ်ကျော် မှောင်ခိုကူးသူကို သေဒဏ်ချမှတ်နိုင်သည်။ ဘိန်းဖြူ ၁၀၀ ဂရမ် သို့မဟုတ် တရားမဝင် မူးယစ်ဆေးဝါး ၃၀၀ ဂရမ် ပြုလုပ်ခြင်း သို့မဟုတ် ကုန်ကူးခြင်းသည်လည်း သေဒဏ်ပြစ်မှုမြောက်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တရားမဝင်သစ်စုစုပေါင်း ၃၃၄ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ သစ်တောဦးစီးဌာနများမှ ဖမ်းဆီးရမိသည့် စာရင်းများတွင် ကျွန်းသစ် ၁၉၇ ဒသမ ၆၉၅၅ တန်၊ သစ်မာ ၆၅ ဒသမ ၉၆၁၂ တန်၊ အခြားသစ် ၇၀ ဒသမ ၇၇၆၀ တန်ဖြစ်ရာ တရားမဝင်သစ် စုစုပေါင်း ၃၃၄ ဒသမ ၄၃၂၇ တန်၊ ပြစ်မှုကျူးလွန်သူ ၅၃ ဦးနှင့် ယာဉ်/ယန္တရား ၃၉ စီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# တာချီလိတ်မြို့၌ ငွေကျပ် ၂၂ သိန်းခန့်ရှိ ရွှေထည်ပစ္စည်းများ လုယက်ခံရ

**တာချီလိတ် အောက်တိုဘာ ၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်တွင် အောက်တိုဘာ ၈ ရက်က ရွှေဆိုင်တစ်ခုမှ ငွေကျပ် ၂၂ သိန်းခန့်ရှိ နားကပ် ငါးရံ၊ နားဆွဲသုံးရံ လုယက်ခံရကြောင်း တာချီလိတ်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဝိန်းကျောက်ရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်ရှိ "ထားထားလွင်" အာမခံ အခေါက်ရွှေဆိုင်တွင် အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁ နာရီ ၂၉ မိနစ်က အရောင်းကောင်တာ၌ အရောင်းစာရေး ဒေါ်တင်ဇာဝင်း တစ်ဦးတည်းရှိနေစဉ် မျက်နှာတွင် Mask တပ်ဆင်ထားသည့် အမျိုးသား သုံးဦးသည် ဆိုင်ရှေ့သို့ရောက်ရှိလာပြီး အမျိုးသား သုံးဦးထဲမှ တစ်ဦးက အရောင်းစာရေးပါးစပ်ကို လက်ဖြင့်ပိတ်၊ ဝမ်းဗိုက်ကို ဓားဖြင့်ထောက်လျက် ခြိမ်းခြောက်ပြီး ကျန်နှစ်ဦးက သော့ တန်းလန်းထားရှိသည့် ကောင်တာအတွင်းမှ ရွှေထည်ပစ္စည်းများ ယူဆောင်နေစဉ် အရောင်းစာရေးက ပါးစပ်ပိတ်ထားသည့် လက်ကိုဆွဲဖယ်ပြီး ရုန်းကန်အော်ဟစ်ကာ ပတ်ဝန်းကျင်သို့ အကူအညီတောင်းခံလိုက်သဖြင့် ၎င်းအမျိုးသားသုံးဦးမှာ ရွှေထည်ပစ္စည်းအချို့အား ယူဆောင်ပြီး ပြန်လည်ထွက်ပြေးသွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင်သွားသူ အမျိုးသား သုံးဦးကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်နိုင်ရေးနှင့် ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# စက်ဘီးစီးပြီးပြန်လာသည့် အမျိုးသားတစ်ဦး မိုးကြိုးစက်ကွင်းထိမှန် သေဆုံး

**တပ်ကုန်း အောက်တိုဘာ ၉**

နေပြည်တော် တပ်ကုန်းမြို့နယ် ရွေးစုကျေးရွာနေ ဦးတင်စိန်သည် အောက်တိုဘာ ၈ ရက် ညနေ ၅ နာရီခန့်က ရွာ၏အနောက်ဘက် ဦးဖိုးစိန်၏ ငရုတ်ခင်းမှ ငရုတ်သီးဆွတ်ပြီး မိုးရွာလာ၍ နေအိမ်သို့ စက်ဘီးဖြင့် တစ်ဦးတည်း ပြန်လာစဉ် လှည်းလမ်းမပေါ်တွင် မိုးကြိုးစက်ကွင်း ထိမှန်၍ သေဆုံးသွားခဲ့သည်။ ၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာမှ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်/မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**



# မြိတ်မြို့နယ် ထူးဆိပ်ကျေးရွာအနီး ဘင်းနားချောင်းကမ်းဘေးမှ ကံ့ကော်ခွဲသား ၁၃ တန်ခန့် သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖမ်းဆီးခြင်းကို အောက်တိုဘာ ၃ ရက်မှ ၇ ရက်အထိ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ထူးဆိပ်ကျေးရွာအနီး ဘင်းနားချောင်းကမ်းဘေးမှ ကံ့ကော်ခွဲသား ၁၂ ဒသမ ၈၉၄၂ တန်ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မြောက်ဇာမရီကြိုးဝိုင်းအကွက်အမှတ် (၆၅) အတွင်းမှ ကျွန်းနှင့် ပျဉ်းကတိုးသစ်လုံးနှင့် ခွဲသား စုစုပေါင်း ၇ ဒသမ ၀၈၆၄ တန်ကိုလည်းကောင်း၊ အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၁၂၁/၄ မှ ၁၂၁/၅ ကြား လမ်းအရှေ့ဘက်၌ ခြောက်ဘီးယာဉ်ပေါ်မှ ပိတောက်ခွဲသား ၁၀ ဒသမ ၁၇၂၈ တန်ကိုလည်းကောင်း၊ ပေါက်ခေါင်းမြို့နယ် ဖြူးကွန်းကြိုးဝိုင်းအကွက် အမှတ် (၄၉၊ ၅၀) တို့အတွင်း၌ ခြောက်ဘီးယာဉ်နှင့်အတူ ကျွန်းသစ် ၅ ဒသမ ၃၈၈၀ တန်တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီး- ငမိုးရိပ်ဆည်သွား ကားလမ်း၌ ဒိုင်နာ (အဖြူရောင်)ယာဉ်ပေါ်မှ သပြေခွဲသား ၁ ဒသမ ၀၆၆၄ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ နှစ်ဦးကို ဖမ်းဆီးရမိ၍ ဆက်လက်စစ်ဆေးဖော်ထုတ်သိရှိရသဖြင့် နယ်မြေရှင်းလင်း ဆောင်ရွက်ခဲ့ရာ ငမိုးရိပ်ဆည်ဘောင် GE ကုန်းတွင် သပြေ၊ နဘဲ၊ သတီ၊ လင်းရော၊ တောင်သဘော်နှင့် ရှောပြာခွဲသား စုစုပေါင်း ၈ ဒသမ ၉၄၁၀ တန်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မန္တလေး-ပြင်ဦးလွင် (အတက်) ကားလမ်း(၁၆)မိုင်စစ်ဆေးရေးစခန်း (အတက်) စင်၌ ခြောက်ဘီးယာဉ်ပေါ်မှ ကျွန်း၊ တမလန်း၊ ပိတောက်ခွဲသားနှင့်တယောပုံကြမ်း စုစုပေါင်း သုည ဒသမ ၇၆၉၄ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း။

ထို့အတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အင်းတကော်- ကဝကားလမ်းမိုင်တိုင်အမှတ် ၅/၇ နှင့် ၆/၀ ကြား ထုံးကြီးကျေးရွာ အဝင်လယ်ကွင်းအတွင်း၌ ခြောက်ဘီးယာဉ်ပေါ်မှ ကျွန်းခွဲသား ၅ ဒသမ ၁၄၁၆ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ နှစ်ဦးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးသက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **မောင်လူမော်**

# ရန်ကုန်-နေပြည်တော်အမြန်လမ်းပိုင်းတွင် ကုန်တင်ယာဉ်အရှိန်လွန် တိမ်းမှောက်



**တောင်ငူ အောက်တိုဘာ ၉**

တောင်ငူမြို့နယ်ကို ဖြတ်သန်းသွားသည့် ရန်ကုန်-နေပြည်တော် အမြန်လမ်း မိုင်တိုင် ၁၆၃/၀ နှင့် ၁၆၂/၇ အကြားတွင် အောက်တိုဘာ ၉ ရက် နံနက် ၅ နာရီက လမ်းလယ်ကျွန်း၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဇီးပင်သာအမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ်မင်းနိုင် ဦးစီးအဖွဲ့၊ အမြန်လမ်းမကြီးပြုပြင်ထိန်းသိမ်းရေးအဖွဲ့တို့က သွားရောက်စစ်ဆေးခဲ့ရာ နေပြည်တော်မှ ရန်ကုန်သို့ အောင်ဆန်းပျော် ပင်လောင်းမြို့နယ် ဆည်ခေါင်းကျေးရွာနေသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ယာဉ်မောင်း အပါအဝင် သုံးဦး လိုက်ပါလာသော NISSAN ကုန်တင်ယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်လွန်၍ လမ်းလယ်ကျွန်းပေါ်သို့ တိမ်းမှောက်ခဲ့သည်။

အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း အောင်ဆန်းပျော်တွင် (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့ပြီး ဇီးပင်သာအမြန်လမ်းရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ကလေးဝမြို့နယ်တွင် ညီအစ်ကိုနှစ်ဦး စကားများရန်ဖြစ်ရာ ညီဖြစ်သူ သေဆုံး

**ကလေးဝ အောက်တိုဘာ ၉**

ကလေးဝမြို့နယ် တုန်နန်းကျေးရွာတွင် ညီအစ်ကိုနှစ်ဦးစကားများရာမှ ညီဖြစ်သူ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၈ ရက် ည ၁၁ နာရီခန့်တွင် ကလေးဝမြို့မရဲစခန်းမှူး ဒု-ရဲမှူးမြင့်စိုးသည် တုန်နန်းကျေးရွာတွင် လူသတ်မှုဖြစ်ပွားကြောင်းသတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကလေးဝမြို့နယ် တုန်နန်းကျေးရွာနေ အစ်ကိုဖြစ်သူ မောင်အေး(ခ)ကျော်လင်းက ညီဖြစ်သူ စိန်ပြူး(ခ)လှမျိုးအောင်အား အရက်သေစာမသောက်စားရန် ပြောရာမှ ခိုက်ရန်ဖြစ်ပွားစဉ် အစ်ကိုဖြစ်သူ မောင်အေး(ခ) ကျော်လင်းက ဓားဦးချွန်ဖြင့်ထိုးရာ ညီဖြစ်သူ စိန်ပြူး(ခ) လှမျိုးအောင်မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သဖြင့် မောင်အေး(ခ) ကျော်လင်းအား ကလေးဝမြို့မရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **လှအောင်(ကသာ)**

# သိန္နီမြို့တွင် နယ်မြေခံတပ်နှင့် လက်နက်ကိုင်အဖွဲ့တို့ ပစ်ခတ်မှုဖြစ်ပွား အပြစ်မဲ့ပြည်သူ ခြောက်ဦး ဒဏ်ရာရရှိ

**သိန္နီ အောက်တိုဘာ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် သိန္နီမြို့ မြို့မဈေးအနီး ပြည်ထောင်စုလမ်းပေါ်တွင် ယနေ့ နံနက် ၆ နာရီခန့်က နယ်မြေခံတပ်နှင့် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့တို့ ပစ်ခတ်မှုဖြစ်ပွားရာ အနီးတစ်ဝိုက်ရှိ အပြစ်မဲ့ပြည်သူ ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဆေးကုသမှုခံယူ**

အဆိုပါ ပစ်ခတ်မှုကြောင့် အနီးတစ်ဝိုက်ရှိ နေအိမ်တွင် အိမ်ငှားနေထိုင်သူ သိန္နီမြို့နေ ဒေါ်ခင်နန်းစိုးမှာ ဝဲဘက်ပေါင်တွင် လက်နက်ငယ်ဒဏ်ရာ နှစ်ချက်၊ ၎င်း၏ခင်ပွန်းမှာ ကျောပြင်တွင် လက်နက်ငယ်ဒဏ်ရာ တစ်ချက်နှင့် အခြားသူလေးဦးမှာ (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ပြီး ဒဏ်ရာရရှိသူများအားလုံးကို မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

(၁၂) လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် Nawaday 4 Storey Shop House



လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာရှိ ၁၈ပေ × ပေ၄၀ ကျယ်ဝန်းသောလူနေဆိုင်ခန်း စီးပွားရေးအဆောက်အဦးဖြစ်ပါသည်။ မြေညီထပ်မှာhall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန် သင့်တော်ပါသည်။ပထမထပ်တွင် မီးဖိုခန်းပါပြီး ဧည့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန် သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး တတိယထပ်နောက်ဖက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။ နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦးဖြစ်ပါသည်။

ဖုန်း-၆၅၀၅၃၅၊ ၆၆၆၁၈၃၊ ၆၅၁၄၃၆၊ ၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# မဲခေါင်စာပေဆု အိမ်ရှင်မြန်မာ

မောင်စိမ်းနောင်(လယ်ဝေး)

(၁၀)ကြိမ်မြောက် **မဲခေါင်စာပေဆု** ဆုချီးမြှင့်ပွဲကို ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပမည်ဖြစ်သည်။ မဲခေါင်စာပေဆု၏အခေါ်အဝေါ်အပြည့်အစုံမှာ Mekhong River Literature Award (MRLA) ဖြစ်ပြီး ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ယူနန်ပြည်နယ် (တရုတ်ပြည်သူ့သမ္မတနိုင်ငံ)နှင့် မြန်မာတို့ပါဝင်သည်။ အိမ်ရှင်အဖြစ် ပထမဆုံးဖြစ်သော်လည်း မြန်မာစာရေးဆရာတို့ ဆုယူနေခဲ့သည်မှာ ယခုအကြိမ်နှင့်ပါဆိုလျှင် ငါးကြိမ် ရှိခဲ့ပေပြီ။

**မဲခေါင်စာပေဆု** ဟူ၍ပေါ်ပေါက်လာရန် ဗီယက်နမ် စာရေးဆရာအသင်းကြီးက စတင်လိုက်ခြင်း ဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင်စတင်ခဲ့ပြီး ထိုစဉ်က ဗီယက်နမ်နှင့်အတူ လာအိုနှင့် ကမ္ဘောဒီးယား သုံးနိုင်ငံတည်းသာဖြစ်၍ အဆိုပါနိုင်ငံများမှ စာရေးဆရာအသင်းတို့ဖြင့် နှစ်နှစ်လျှင်တစ်ကြိမ်ကျ ဆုချီးမြှင့်ခဲ့ကြသည်။ ၂၀၁၄ ခုနှစ်တွင် ထိုင်း၊ မြန်မာနှင့် ယူနန်ပြည်နယ်တို့မှ စာရေးဆရာအသင်းများပါ ပါဝင်လာပြီး မဲခေါင်မြစ်ရေ မျှဝေသုံးစွဲနေကြသည့် ခြောက်နိုင်ငံလုံးအဖွဲ့ဝင်ဖြစ်လာခဲ့သည်။

၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်နေ့က (၅)ကြိမ်မြောက် မဲခေါင်စာပေဆု ဆုချီးမြှင့်ပွဲကို ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့တွင်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းက ဧည့်သည်အဖြစ် စတင်တက်ရောက်ခဲ့ပြီး စာပေဆုနှင့်ပတ်သက်၍ လေ့လာခွင့်ရခဲ့ရုံသာမက အဖွဲ့ဝင်အဖြစ်ပါ သတ်မှတ်အတည်ပြုခံရသည်။

**အိမ်ရှင်ဖြစ်လာ**

ယခင်က နှစ်နှစ်တစ်ကြိမ်ကျင်းပနေရာမှ ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပရန်နှင့် အဖွဲ့ဝင်နိုင်ငံများ အလှည့်ကျ တာဝန်ယူကျင်းပရန်ပါ ဆုံးဖြတ်ခဲ့ကြရာ ၂၀၁၅ ခုနှစ်တွင် လာအို၊ ၂၀၁၆ ခုနှစ်တွင် ယူနန်၊ ၂၀၁၇ ခုနှစ်တွင် ထိုင်း၊ ၂၀၁၈ ခုနှစ်တွင် မြန်မာနှင့် ၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်တို့တွင် ကျင်းပကြရမည်ဖြစ်သည်။ သို့ရာတွင် ၂၀၁၈ ခုနှစ်တွင် ကျရောက်သည့် မြန်မာအလှည့်ကို ဗီယက်နမ်က ယူလိုကြောင်း ညှိနှိုင်းချက်အရ မြန်မာက ၂၀၁၉ ခုနှစ်တွင်မှ အိမ်ရှင်ဖြစ်လာခြင်းဖြစ်သည်။

မြန်မာတို့ အိမ်ရှင်ဖြစ်လာသဖြင့် ဆုချီးမြှင့်ပွဲကြီးကို တာဝန်ယူ ကျင်းပပေးရပါမည်။ မိမိနိုင်ငံမှ ဆုရသူ နှစ်ဦးအပါအဝင်ခြောက်နိုင်ငံမှဆုရသူ၁၂ဦးကိုအမေရိကန်ဒေါ်လာ ၅၀၀ မှ ၁၀၀၀ အတွင်း ဆုချီးမြှင့်ရန် ကုန်ကျမှုများ၊ ဆုရသူနှစ်ဦးနှင့် သက်ဆိုင်ရာနိုင်ငံ စာရေးဆရာအသင်း၏ တာဝန်ရှိသူသုံးဦး စုစုပေါင်း ငါးဦး၊ ငါးနိုင်ငံဖြစ်၍ ၂၅ ဦး၊ မြန်မာဆုရ နှစ်ဦး ၂၇ ဦး၊ အချို့နိုင်ငံများက စကားပြန်ပါတတ်သဖြင့် ခန့်မှန်း ၃၀ ၏ တည်းခိုနေထိုင်စားသောက်စရိတ်များ တာဝန်ယူရန်၊ ပထမနေ့ ဆုပေးပွဲနေ့ ဟိုတယ်မှ အခမ်းအနားကျင်းပရာနေရာသို့ သွားလာရေး၊ ဒုတိယနေ့ လေ့လာရေးခရီးစဉ်အတွက် သွားလာရေးတို့ တာဝန်ယူရန် စသည်ဖြင့် ဆုချီးမြှင့်ပွဲကုန်ကျမှုမှန်သမျှ မိမိတို့ဘက်က အပြည့်အဝ တာဝန်ယူရပါသည်။ ကုန်ကျမှု များပြားမည့်အပြင် အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်၍ ဆုရသူများစာရင်း၊ နိုင်ငံအလိုက် တက်ရောက်မည့် စာရေးဆရာအသင်းများမှ အကြီးအကဲများစာရင်းတို့ကို ဆက်သွယ်ရယူကာ ကြိုဆိုရေး၊ နေရာချထားရေး စသည်ဖြင့် လုပ်ငန်းဆောင်တာလည်း များလှသည်။

၂၀၁၄ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ အိမ်ရှင်ဖြစ်ခဲ့စဉ်က မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံဖြစ်ခါစဖြစ်၍ ဆုချီးမြှင့်မှုအစီအစဉ်တွင် မပါဝင်နိုင်သေးပေ။ ၂၀၁၅ ခုနှစ် လာအိုနိုင်ငံတွင် ကျင်းပသည့် (၆)ကြိမ်မြောက် မဲခေါင်စာပေဆု ဆုချီးမြှင့်ပွဲတွင် ဆရာမင်းရွှေမင်း(အင်းစိန်) တစ်ဦးတည်း ကဗျာစာအုပ်ဖြင့် ဆုရသည်။ ၂၀၁၆ ခုနှစ် ယူနန်နိုင်ငံအလှည့်တွင် ဆရာညိုထွန်းလူက ဝတ္ထုတိုပေါင်းချုပ်ဖြင့်လည်းကောင်း၊ ဒေါက်တာ တင်အောင်ရွှေက ဝတ္ထုရှည်ဖြင့်လည်းကောင်း ဆုရကြသည်။

**ဆုံစည်းခွင့်ရကြ**

၂၀၁၇ ခုနှစ် ထိုင်းနိုင်ငံတွင် ပြုလုပ်သည့် (၈)ကြိမ်မြောက် ဆုချီးမြှင့်ပွဲတွင် ဆရာမနိုက်တင်ဂေးက ဝတ္ထုရှည်၊ ဆရာမရွှေမြိုင်ပြုံးလွဲ့မော်က ကဗျာပေါင်းချုပ်ဖြင့် ဆုရကြသည်။ ၂၀၁၈ခုနှစ် (၉)ကြိမ်မြောက် ဆုချီးမြှင့်ပွဲကို ဗီယက်နမ်နိုင်ငံတွင် ကျင်းပသောအခါ ဆရာတင့်ထွန်း(ချောက်) က ကဗျာပေါင်းချုပ်၊ ဆရာမမေဇွန်အေး (ပညာရေး)က ဝတ္ထုတိုပေါင်းချုပ်ဖြင့် ဆုရသည်။ ယခုနှစ် မြန်မာအိမ်ရှင် ဆုချီးမြှင့်ပွဲတွင် ဆရာကြီး ဖိုးကျော့က ဝတ္ထုရှည်၊ ဆရာကိုရိုးကွန့်က ဝတ္ထုတိုပေါင်းချုပ်ဖြင့် ဆုရသည်။ အိမ်ရှင်မြန်မာတို့၏ မဲခေါင်စာပေဆုချီးမြှင့်ပွဲတွင် ယခင်က မဲခေါင်စာပေဆုရခဲ့သူ မြန်မာစာရေးဆရာများကိုပါ ဖိတ်ကြားမည်ဖြစ်၍ ဆုံစည်းခွင့်ရကြပါဦးမည်။

မဲခေါင်စာပေဆုကို သက်ဆိုင်ရာနိုင်ငံက သတ်မှတ်သည့် ဦးတည်ချက်နှင့်အညီ တစ်နှစ်အတွင်း ထုတ်ဝေထားသော စာအုပ်များမှ ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည်။ ယခုနှစ် မြန်မာနိုင်ငံက သတ်မှတ်သည့် ဦးတည်ချက်မှာ **စာပေက မွေးဖွားပေးသော ရင်းနှီးချစ်ကြည်သွေးစည်းမှု (Fraternity born by Literature)** ဖြစ်သည်။

မဲခေါင်စာပေဆု၏ ရည်ရွယ်ချက်မှာ မဲခေါင်ဒေသအတွင်းရှိ အဖွဲ့ဝင်နိုင်ငံများမှ စာရေးဆရာများ ရေးသားသည့် အမျိုးသားရေးလက္ခဏာပြည့်စုံပြီး ထူးချွန်ပြောင်မြောက်သော စာပေလက်ရာများကို တန်ဖိုးထားအားပေးဂုဏ်ပြုခြင်းဖြင့် ပိုမိုထက်မြက်အောင် မြှင့်တင်ပေးရန်ဖြစ်သည်။ ထို့ပြင် မဲခေါင်ဒေသအတွင်းရှိ အာရှန္ဒယ်ဝင်ပြည်သူများအချင်းချင်း ပိုမိုနားလည်ခင်မင်ချစ်ကြည်ရင်းနှီးကာ ဒေသတွင်းငြိမ်းချမ်းရေးနှင့် စာပေဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်တည်ဆောက်ရန်လည်း ပါဝင်ပေသည်။

**မဲခေါင်စာပေဆုကို နှစ်စဉ် တစ်နိုင်ငံလျှင် နှစ်ဦးစီ ဆုချီးမြှင့်ပေးမည်ဖြစ်ပြီး ပြိုင်ပွဲခေါ်ယူခြင်း၊ ဆုရွေးချယ်ခြင်းကိစ္စများကို သက်ဆိုင်ရာနိုင်ငံများ၏ စာရေးဆရာအသင်းများက ဆောင်ရွက်ရခြင်းဖြစ်သည်။ ဖန်တီးမှုရသပါဝင်သည့် ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည် စသည့်ရသစာပေအမျိုးအစား ဖြစ်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် တစ်နှစ်အတွင်းထုတ်ဝေထားသော စာအုပ်ဖြစ်ရမည်။ စာရေးဆရာသည် သက်ရှိထင်ရှားရှိနေရမည်ဟူသည့် အချက်များပါဝင်**

မဲခေါင်စာပေဆုကို နှစ်စဉ် တစ်နိုင်ငံလျှင် နှစ်ဦးစီ ဆုချီးမြှင့်ပေးမည်ဖြစ်ပြီး ပြိုင်ပွဲခေါ်ယူခြင်း၊ ဆုရွေးချယ်ခြင်းကိစ္စများကို သက်ဆိုင်ရာနိုင်ငံများ၏ စာရေးဆရာအသင်းများက ဆောင်ရွက်ရခြင်းဖြစ်သည်။ ဖန်တီးမှုရသပါဝင်သည့် ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည် စသည့်ရသစာပေအမျိုးအစား ဖြစ်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် တစ်နှစ်အတွင်းထုတ်ဝေထားသော စာအုပ်ဖြစ်ရမည်။ စာရေးဆရာသည် သက်ရှိထင်ရှားရှိနေရမည်ဟူသည့် အချက်များပါဝင်သည်။

**အလွန်ကြီးလေးသော တာဝန်ဖြစ်**

အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးမှာ အလွန်ကြီးလေးသော တာဝန်ဖြစ်ကြောင်း တင်ပြခဲ့ပေပြီ။ မြန်မာနိုင်ငံစာရေးဆရာအသင်းက တာဝန်ယူလုပ်ဆောင်ရမည့်ကိစ္စမှန်သော်လည်း ငွေကြေးကုန်ကျမှု များပြားလှသည်။ သို့နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံတင်ပြခဲ့ရာ မဲခေါင်စာပေဆု ဆုချီးမြှင့်ပွဲသို့ တက်ရောက်ကြမည့် မဲခေါင်ငါးနိုင်ငံမှ ဆုရစာရေးဆရာများနှင့် စာရေးဆရာအသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှဆုရသူများ၏ တည်းခိုနေထိုင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ ဆုချီးမြှင့်ရေး၊ သွားလာရေးစသည့် ကုန်ကျစရိတ်များအားလုံးကို CB Bank နှင့် Chanel K တို့မှ တာဝန်ယူပံ့ပိုးမှုကို ဆက်သွယ်ဆောင်ရွက်ပေးခဲ့သဖြင့် အတိုင်းထက်အလွန် တံခွန်နှင့် ကုက္ကားဆိုသကဲ့သို့ ဖြစ်ကြရသည်။

ထို့မျှမကသေး စာပေဆု ဆုနှင်းသဘင် ကျင်းပရေးအတွက် လုပ်ငန်းကော်မတီများဖွဲ့စည်းကာ ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပညာရေး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတို့အောက်ရှိ တာဝန်ရှိသူများပါ ပါဝင်အားဖြည့်ပေးသဖြင့် အဆိုပါဝန်ထုပ်ကြီး လွယ်ကူစွာ သယ်ယူဆောင်ကြဉ်းနိုင်ခဲ့ပါပြီ။ ဆုချီးမြှင့်ပွဲကို အောက်တိုဘာလ ၁၂ ရက်နေ့ နံနက် ၉ နာရီတွင် တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ CB ဘဏ်ခွဲ CBC Ball Room ၌ ကျင်းပမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အဓိကကူညီဆောင်ရွက်မှုများ ရရှိခဲ့သဖြင့် (၁၀)ကြိမ်မြောက် မဲခေါင်စာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနားကြီး ထည်ဝါစွာ ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြားမည်ဟုလည်း သိရပါသည်။

**လိုက်လံပို့ဆောင်**

သို့နှင့် ၂၀၁၄ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံတွင်ပြုလုပ်သည့် (၅)ကြိမ်မြောက် မဲခေါင်စာပေဆု ဆုချီးမြှင့်ပွဲသို့ စာရေးသူတို့ ဧည့်သည်အဖြစ်၊ အဖွဲ့ဝင်နိုင်ငံသစ်အဖြစ် တက်ရောက်ခဲ့စဉ်က အခြေအနေလေးများကို အနည်းငယ်တင်ပြလိုပါသည်။ ထိုစဉ်က မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဆရာမြင်းမူမောင်နိုင်မိုးက အဖွဲ့ခေါင်းဆောင်ဖြစ်ပြီး ဗဟိုကော်မတီဝင် ချစ်နိုင်(စိတ်ပညာ)၊ တွဲဖက်အတွင်းရေးမှူးများဖြစ်သည့် မောင်ငြိမ်းသူ(ကြို့ပင်ကောက်)နှင့်စာရေးသူတို့က အဖွဲ့ဝင်ဖြစ်သည်။ အသွား၊ အပြန်လေယာဉ်စရိတ်ကုန်ကျမှု မိမိဘာသာကျခံ၍ သွားခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်က ဆီရမ်ရိသို့ တိုက်ရိုက်လေကြောင်းပြေးဆွဲမှုမရှိသဖြင့် ထိုင်းနိုင်ငံမှတစ်ဆင့် သွားရောက်ခဲ့ရသည်။ လေဆိပ်တွင် ကမ္ဘောဒီးယား စာရေးဆရာအသင်းမှ တာဝန်ရှိသူများက စောင့်ကြိုကာ တည်းခိုရမည့် Ankor Hotel သို့ လိုက်လံပို့ဆောင်ပေးကြသည်။

နောက်နေ့တွင် မဲခေါင်စာပေဆု ဆုချီးမြှင့်ပွဲကို နံနက် ၈ နာရီတွင်စတင်ရာ အခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Dr. Mem Sam An တက်ရောက်အဖွင့် အမှာစကားပြောကြားပြီး Governor of Siem Reap Province လည်း တက်ရောက်ခဲ့သည်ကို သတိရနေမိပါသည်။ အခမ်းအနား ဖွင့်ပြီးသည်နှင့် ရိုးရာယဉ်ကျေးမှု အကများဖြင့် အချိန်အနည်းငယ်ဖျော်ဖြေပြီးမှ ဆုများ ချီးမြှင့်သည်။ အခမ်းအနားအပြီး နေ့လယ်ပိုင်းတွင် ရှေးဟောင်းအန်ကောဝပ်ဘုရားများကို လှည့်လည်လေ့လာခွင့်ရခဲ့သည်။ နောက်တစ်နေ့တွင်လည်း လေ့လာရေးခရီးစဉ်ဖြစ်၍ Banteal Srei နှင့် အခြားရှေးဟောင်းဘုရားများကို လေ့လာခဲ့ရသည်။

ထို့အပြင် Cultural Village သို့ပါ သွားရောက်လေ့လာခွင့်ရသဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို လေ့လာခွင့်ရခဲ့လေသည်။ လေ့လာရေးခရီးစဉ်မှာ ယာဉ်စီးရချိန် အနည်းငယ်ကြာမြင့်သည်ဖြစ်ရာ မဲခေါင်နိုင်ငံများမှ စာရေးဆရာများအချင်းချင်း ကားပေါ်တွင် အပြန်အလှန် စကားပြောကြရင်း တစ်နိုင်ငံတည်းသား စာရေးဆရာများပမာ ရင်းရင်းနှီးနှီး ရှိလှသည်ကိုလည်း သတိရမိပါသေးသည်။

ယခု မြန်မာတို့အိမ်ရှင်ဖြစ်သည့်အခါတွင်လည်း ယခင့်ယခင် အဖွဲ့ဝင်နိုင်ငံများနည်းတူ တည်းခိုနေထိုင်ရေး၊ အခမ်းအနားအပြင်အဆင်၊ ဧည့်ခံကျွေးမွေးမှုများ၊ လေ့လာရေးခရီးစဉ်အဖြစ် အမျိုးသားပြတိုက်နှင့် ပဲခူးမြို့ရှိ ရွှေမောဓော၊ ရွှေသာလျောင်း စေတီတော်များ၊ ကမ္ဘောဇသာဒီနန်းတော်တို့သို့ လိုက်လံပို့ဆောင်ပေးမှုများ အားလုံး အဆင့်မြင့်မြင့်၊ အဆင်ပြေပြေဖြစ်အောင် စီစဉ်ညှိနှိုင်းပေးရုံမျှမက ပါဝင်လုပ်ဆောင်ပေးကြသည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကုန်ကျမှုများကို တာဝန်ယူပံ့ပိုးသည့် CB Bank နှင့် Chanel K တို့ကို အထူးကျေးဇူးတင်ရမည်ဖြစ်ပါသည်။

**တစ်ကျော့ပြန် တစ်ဖန်ကျင်းပနိုင်ဦးမည်**

မဲခေါင်စာပေဆုကို ဆုချီးမြှင့်ငွေအနေဖြင့်ကြည့်ပါမူ အမျိုးသားစာပေဆုကဲ့သို့ များပြားလှသည်တော့ မဟုတ်ပါ။ သို့သော်လည်း မဲခေါင်ရေသောက် ခြောက်နိုင်ငံအတွင်း စာပေနှင့်ယဉ်ကျေးမှုကူးသန်းဆက်သွယ်ရာလမ်းကြောင်းတစ်ခု ပွင့်လာခဲ့သည်က ပို၍ကျေနပ်ကြည်နူးဖွယ်ဖြစ်ရပါသည်။ စာပေဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန်လည်း အလွန်အဆင်ပြေသွားမည်ဖြစ်သည်။ အပြန်အလှန် ချစ်ခင်ရင်းနှီးမှုများလည်း ရေရှည်တည်ဆောက်ထားနိုင်မည် ဖြစ်သည်။ မဲခေါင်စာပေဆုသည် နောင်နှစ်ပေါင်းများစွာအထိ တည်တံ့နေဦးမည်ဖြစ်၍ နောင်ခြောက်နှစ်အကြာ ၂၀၂၅ ခုနှစ်တွင်လည်း အိမ်ရှင်အဖြစ် တစ်ကျော့ပြန် တစ်ဖန်ကျင်းပနိုင်ဦးမည်ဖြစ်ပါသည်။

မဲခေါင်စာပေဆုအတွက် မြန်မာနိုင်ငံဆိုင်ရာမူများတွင် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့်ထုတ်ဝေထားသောစာအုပ်ဖြစ်ရမည်ဖြစ်၍ မြန်မာစာရေးဆရာများ၏ စာပေလက်ရာများကို နိုင်ငံတကာက လေ့လာနိုင်မည့် အခွင့်အလမ်းတစ်ရပ်လည်း ပိုလာပါသည်။ ဆိုရပါလျှင် မြန်မာ့စာပေ၊ ကမ္ဘာ့စာပေအတွင်း ဝင်ရောက်ရန် နည်းလမ်းတစ်ခုဟုလည်း မြင်မိပါသည်။ မဲခေါင်စာပေဆုအတွက် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် စာအုပ်များထုတ်ဝေကြရန်လည်း မျှော်လင့်ပါသည်။ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မြန်မာတို့၏ ရသလက်ရာကောင်းများ နိုင်ငံတကာသို့ ပျံ့နှံ့စေရန်နှင့် မြန်မာအကြောင်း ကမ္ဘာက သိရှိစေရန် နည်းလမ်းကောင်းများဖြစ်၍ မဲခေါင်စာပေဆုရှင် အသစ်အသစ်များကို လက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## သတင်းနှင့် ကောလာဟလများကို ခွဲခြားနားလည်နိုင်ရန် အမြင်ဖွင့်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၉**

Smile Myanmar အဖွဲ့မှ ကြီးမှူး၍ သတင်းနှင့် ကောလာဟလများကို ခွဲခြားနားလည်နိုင်ရန် အမြင်ဖွင့်အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၇ x ၃၈ လမ်းကြား၊ ၇၈ လမ်းရှိ ဟိုတယ်မန္တလေးတွင် အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ Smile Myanmar မှ အမှုဆောင်ဒါရိုက်တာ ဦးမျိုးဝင်းက ငြိမ်းချမ်းသော အမှန်တရားစီမံချက်အကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲ အကြောင်းတို့ကို ရှင်းလင်းပြောကြားပြီးနောက် Smile Myanmar မှ နည်းပြ ဦးမင်းမင်းလတ် ဦးဆောင်၍ သတင်းအမှားဆိုတာ ဘာလဲ၊ သတင်းအမှားများကို ကိုင်တွယ်ဖြေရှင်းမှု၊ သတင်းအမှားနှင့် မီဒီယာ၊ နည်းပညာအသစ်များ၊ လိမ်ညာမှု၊ ကောလာဟလနှင့် ဝါဒဖြန့်ချိမှု၊ လုပ်ကြံသတင်း/ သတင်းမှားများကို နားလည်ခြင်း၊ သတင်းအတုများကို စုံစမ်းဖော်ထုတ်ခြင်း၊ ကြားနေမှုနှင့် သမာသမတ်ကျမှု၊ ဘေးကင်းလုံခြုံမှု စသည့်အကြောင်းအရာများကို တက်ရောက်လာကြသူများနှင့်အတူ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ Smile Myanmar မှ တာဝန်ရှိသူများ၊ Peaceful Truth မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာသမားများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်စံမောင်**



# သာစည်ရွာ မဟာစေတီလှဘုရားကြီးတွင် မီးပုံးပျံလွှတ်တင်မည်

**မုံရွာ အောက်တိုဘာ ၉**

မုံရွာမြို့နယ်ဒေသတစ်ဝိုက် အကြီးမားဆုံးမီးပုံးပျံ လွှတ်တင်ပွဲကြီးနှင့်အတူ အညာဟန်ထူးခြားအကအလှများပါဝင်သည့် မုံရွာမြို့နယ် သာစည်ရွာ မဟာစေတီလှဘုရားပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့(အောက်တိုဘာ ၁၃ ရက်)တွင် ကျင်းပမည်ဖြစ်သည်။

မိမိတို့တတ်ကျွမ်းရာ အကအလှများဖြင့်ဖျော်ဖြေသော ပွဲဖြစ်ရာ အိုးစည်ဗုံမောင်းများဖြင့် ဘုရားရှင်၏နိပါတ်တော်လာဇာတ်တော်များကို မြေဝိုင်းဇာတ်ခင်းကပြကြသလို ရှားပါးပျောက်ကွယ်လုနီးဖြစ်သော ဖိုးသူတော်ယိမ်း စသည်တို့ကို ထူးခြားစွာစုစည်းကပြသော ပျော်စရာပွဲဖြစ်သည်။

"ပြည်တွင်းဧည့်သည်တင်မကဘူး၊ ပြည်ပမှာရောက်နေကြတဲ့ သာစည်အင်တိုင်းနွယ်ဖွားတွေလည်း သာစည် သီတင်းကျွတ်ပွဲဆိုပြန်လာကြတယ်။ လပြည့်နေ့မနက်ပိုင်းကစပြီး ပရိသတ်တွေ တိုးမပေါက်တာ နှစ်တိုင်းပဲ" ဟု မုံရွာမြို့သာစည်ရွာမှ အဖွားတစ်ဦးက ပြောကြားသည်။

**မျိုးဝင်းထွန်း**
**(မုံရွာ)**

# ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာတွင် ဆီမီးမျှောပွဲ ကျင်းပမည်

**ပုသိမ်ကြီး အောက်တိုဘာ ၉**

ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာတွင် (၂၂) ကြိမ်မြောက် ဆီမီးပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့တွင်ရွာထိပ်ရှိဆည်တော်ကြီးချောင်းမကြီးအတွင်း ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါကျေးရွာ၌ ဆီမီးမျှောပွဲတွင် မြန်မာမှုလက်ရာများဖန်တီးကာ ဆောင်ရွက်တတ်ကြပြီးယခုနှစ်တွင် ကြာပွင့်ဖောင်တော်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ယခုနှစ်မီးမျှောပွဲတွင် မြတ်စွာဘုရားအမှူးပြုသော ရှင်ဥပဂုတ္တမထေရ် ကြာဖောင်တော်ကြီးကို ကြာမီးခွက် ထောင်ချီကာ ခြံရံလျက် ချောင်းမကြီးအတွင်း တင့်တယ်စွာ မျှောသွားနိုင်ရန် ကြိုတင်ပြင်ဆင်နေကြပြီဖြစ်ကြောင်း သိရသည်။

**ဝေဖြိုးအောင်**



# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အစည်းအဝေး ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**တောင်ကြီး အောက်တိုဘာ ၉**

ရှမ်းပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအစည်းအဝေးကို အောက်တိုဘာ ၈ ရက် မွန်းလွဲ ၂ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ယာဉ်မတော်တဆဖြစ်မှုနှင့် မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှု၊ လူမှုစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုများ လျော့နည်းကျဆင်းသွားစေရန်၊ လုံးဝပပျောက်သွားစေရန်၊ ရှေ့ဆက်ဆောင်ရွက်ရမည့်အချက်များ ချမှတ်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်သူတစ်ဦးချင်းစီက အလေးထားလိုက်နာ ပူးပေါင်းဆောင်ရွက်ကြမှသာ တိုးတက်အောင်မြင်မှု ရရှိနိုင်မည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီအနေဖြင့် ဆက်စပ်ပတ်သက်သော ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များအားလုံး ပူးပေါင်းပါဝင်သော စုစည်းမှုအားကိုရယူ၍ ပြည်သူအားလုံးကို ပညာပေးစည်းရုံး ဦးဆောင်ကာ National Road Safety Action plan (2014–2020) ၏ ရည်မှန်းချက် လုပ်ငန်းစဉ်များကို တိုးတက်အောင်မြင်အောင်စွမ်းဆောင်ကြိုးစားဆောင်ရွက်သွားကြရန် ပြောကြားသည်။

ရှမ်းပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက ဆွေးနွေးပြီး အတွင်းရေးမှူး (ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး) ဦးထင်ကျော်က ရှမ်းပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ဆွေးနွေးခြင်းနှင့် ဆပ်ကော်မတီများနှင့် အဖွဲ့ဝင်များက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မြန်မာယူနီကုဒ်စံစနစ် အခမဲ့ပြောင်းလဲပေးမှု ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှု

**ပဲခူး အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းသည် အောက်တိုဘာ ၈ ရက် ညနေ ၅ နာရီက တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့ သနပ်ပင်လမ်း လိပ်ပြာကန်အနီး ယာဉ်ရပ်နားရာနေရာတွင် ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် ကွန်ပျူတာပညာရှင်အသင်းတို့က ဦးဆောင်၍ ပဲခူးမြို့ပေါ်ရှိပြည်သူများအား မြန်မာယူနီကုဒ်စံစနစ်ကူးပြောင်းခြင်းလုပ်ငန်းစဉ်အသိပညာပေးခြင်း၊ ယူနီကုဒ်ကူးပြောင်းမှု အခမဲ့ဝန်ဆောင်မှုပေးခြင်းများ လုပ်ဆောင်နေမှုကို သွားရောက်ကြည့်ရှု အားပေးသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့အား တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များအသင်း အဖွဲ့ဝင် ဦးအောင်မြင့်သူက ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် ကွန်ပျူတာပညာရှင်အသင်းတို့က ဦးဆောင်၍ ပဲခူးမြို့ပေါ်ရှိ မိုဘိုင်းဆိုင်များမှ ဝါသနာရှင် Volunteer များ ပူးပေါင်းကာ အခမဲ့ ယူနီကုဒ်ပြောင်းလဲပေးမှုအခြေအနေ၊ ပဲခူးမြို့အပါအဝင် ပတ်ဝန်းကျင်ဒေသများမှပါ လာရောက်လုပ်ဆောင်ကြသည့်အခြေအနေနှင့် အလှူရှင်များ၏ ကူညီလှူဒါန်းပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယူနီကုဒ် လာရောက်ပြောင်းလဲကြသည့် ပြည်သူများအား လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

"အဓိကကတော့ ပြောင်းပေးလိုက်ရင် တစ်ကမ္ဘာလုံးနဲ့ ချိတ်ဆက်နိုင်မယ်၊ ဘာသာစကားတွေ မြန်မာလိုပြန်ဖတ်လို့ရမယ်၊ အသံဖိုင်လေးနဲ့ ပြောလိုက်တာနဲ့ အလိုအလျောက် ဘာသာစကားတွေသိလာမယ်၊ တိုင်းရင်းသားဘာသာစကားတွေအတွက် ပြောရလွယ်ကူပြီး ရင်းနှီးလာကြမယ်" ဟု တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းအဖွဲ့ဝင် ဦးအောင်မြင့်သူက ပြောကြားသည်။

အဆိုပါ မြန်မာယူနီကုဒ် ကူးပြောင်းခြင်းလုပ်ငန်းစဉ်အသိပညာပေးခြင်း၊ ယူနီကုဒ်ကူးပြောင်းမှု အခမဲ့ဝန်ဆောင်မှုပေးခြင်းကို အောက်တိုဘာ ၆ ရက်မှ ၁၀ ရက်ထိ နေ့စဉ်နံနက် ၈ နာရီမှ ၁၁ နာရီအထိ၊ ညနေ ၃ နာရီမှ ၆ နာရီအထိ တစ်နေ့လျှင် နှစ်ကြိမ် လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

သင့်စီးပွားရေး အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# စက်မှုလုပ်ငန်းများ တစ်ဆင့်တက်လှမ်းနိုင်မည့် နိုင်ငံတကာစက်မှုပြပွဲ

**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာနိုင်ငံ၌ နိုင်ငံတကာစက်မှုကုမ္ပဏီကြီးများပါဝင်ပြသသော စက်မှုပြပွဲကြီးများ ခင်းကျင်းပြသပေးခြင်းဖြင့် မြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြန်မာ့စက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA) ဒုတိယဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောကြားသည်။

"ကျွန်တော်တို့ MIA မှာ အသင်းဝင်ပေါင်း ၅၀၀၀ ကျော်ရှိပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ စက်မှုဇုန်တွေမှာ လုပ်ကိုင်နေကြပါတယ်။ ယနေ့ မြန်မာနိုင်ငံဟာ စက်မှုလုပ်ငန်းတွေတိုးတက်ဖို့ အရှိန်ယူနေတဲ့အချိန်ဖြစ်ပါတယ်။ ဒီအချိန်မှာ စက်မှုလုပ်ငန်းရှင်ကြီးတွေအနေနဲ့ မိမိတို့ရဲ့ စက်မှုလုပ်ငန်း နောက်တစ်ဆင့်တက်လှမ်းသွားနိုင်ဖို့ စက်မှုပြပွဲကြီးတွေမှာ အသေအချာလာရောက်လေ့လာပြီး နည်းပညာတွေ၊ စက်ပစ္စည်းတွေကို လေ့လာရမှာဖြစ်ပါတယ် "ဟု ဦးဝင်းနိုင်က အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ် မင်းနန္ဒာလမ်းရှိ Myanmar Expo ၌ ကျင်းပသော စက်မှုလုပ်ငန်းနှင့် အဆောက်အအုံဆိုင်ရာပြပွဲ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါပြပွဲတွင် တရုတ်၊ စင်ကာပူ ၊ကိုရီးယား၊ မြန်မာ၊ တရုတ်(တိုင်ပေ)နှင့် ထိုင်းနိုင်ငံတို့မှ အဓိကပြခန်းကြီး ခြောက်ခု အပါအဝင် နိုင်ငံပေါင်း ကိုးနိုင်ငံမှ ပြခန်းပေါင်း ၁၀၀ ပါဝင်ပြသကာ လျှပ်စစ်စွမ်းအင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ အဆောက်အအုံနှင့် ဆောက်လုပ်ရေး၊ သတ္တုတူးဖော်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများ၊ အခြားသော စက်မှုလုပ်ငန်းများကို အောက်တိုဘာ ၉ ရက်မှ ၁၁ ရက်အထိ လေ့လာနိုင်မည်ဖြစ်ကြောင်း၊ ယင်းပြပွဲကြီးကို မြန်မာကုန်သည် စက်မှုအသင်းချုပ်နှင့် ပြည်တွင်းမှကုန်ထုတ်လုပ်သူများကို နိုင်ငံတကာထိပ်တန်းကုမ္ပဏီကြီးများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနေသော Informa Markets တို့ ပူးပေါင်းကာ မြန်မာနိုင်ငံ၌ ခုနစ်ကြိမ်မြောက်အဖြစ် ပြသပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**



# မန္တလေးမဟာမုနိဘုရားကြီးသို့ ပြည်ပခရီးသွားများ သုံးလတာကာလအတွင်း ငါးသောင်းကျော်ဝင်ရောက်

**မန္တလေး အောက်တိုဘာ ၉**

မန္တလေးမဟာမုနိဘုရားကြီးသို့ ဇူလိုင် ၁ ရက် မှ စက်တင်ဘာ ၃၀ ရက်အထိ သုံးလတာကာလအတွင်း ပြည်ပခရီးသွား ဦးရေ ၅၀၁၀၄ ဦး ဝင်ရောက်ခဲ့ကြောင်း မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့စာရင်းများအရ သိရသည်။

မန္တလေး မဟာမုနိဘုရားကြီးတွင် ယခုနှစ် ဇူလိုင် ၁ ရက်မှ စတင်ပြီး ပြည်ပခရီးသွားများ ဝင်ကြေးအဖြစ် တစ်ဦးလျှင်မြန်မာငွေကျပ် ၅၀၀၀ ကောက်ခံခဲ့ရာ သုံးလတာကာလအတွင်း ပြည်ပခရီးသွားဦးရေ ၅၀၁၀၄ ဦး ဝင်ရောက်ခဲ့ပြီး ငွေကျပ် ၂၅၀၅၂၀၀၀ ကောက်ခံရရှိခဲ့ကြောင်း သိရသည်။

လက်ရှိ မဟာမုနိဘုရားကြီးမြောက်ဘက်ရှိ Tourist Information Center မှသာ ဝင်ရောက်ရန် ခွင့်ပြုထားပြီး ပြည်ပခရီးသွားဝင်ရောက်မှုများပြားသည့်အတွက် Tourist Information Center တစ်ခု ထပ်မံတည်ဆောက်လျက်ရှိကြောင်း၊ လာရောက်သည့် ပြည်ပခရီးသွားအတွက် ရေအိမ်နှင့် ပစ္စည်းထည့်ရန် ဗီရိုများထားရှိပေးခြင်းဖြင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝင်ပေါက်များတွင် လမ်းညွှန်ဆိုင်းဘုတ်နှင့် လုံခြုံရေးဝန်ထမ်းများ ထားရှိပေးထားကြောင်း မဟာမုနိဘုရားကြီးရုံးအဖွဲ့မှူး ဦးသိန်းထွန်းထံမှ သိရသည်။

မဟာမုနိဘုရားကြီးပရိဝုဏ် ကြည်ညိုဖွယ်ဖြစ်စေရေး၊ ဘက်စုံတိုးတက်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် Tourist Information Center ဆောက်လုပ်၍ ဝင်ကြေးကောက်ခံခြင်းဖြစ်ပြီး ကောက်ခံရရှိသည့် ဝင်ကြေးများကို မဟာမုနိဘုရားကြီး ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်သည်။

မန္တလေး မဟာမုနိဘုရားကြီးသို့ သုံးလတာကာလအတွင်း ပြည်ပခရီးသွား ဝင်ရောက်မှုအနေဖြင့် ဇူလိုင်လတွင် ၁၆၃၄၈ ဦး၊ ဩဂုတ်လတွင် ၁၉၀၂၀ ဦးနှင့် စက်တင်ဘာလတွင် ၁၄၇၃၆ ဦး စုစုပေါင်း ၅၀၁၀၄ ဦး ဝင်ရောက်ခဲ့ပြီး ဝင်ကြေးစုစုပေါင်း ငွေကျပ် ၂၅၀၅၂၀၀၀ ကောက်ခံရရှိခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



# ပုဂံရှေးဟောင်းအမွေအနှစ်များ ရေရှည်တည်တံ့စေရန် ကြံ့ခိုင်မှုလုပ်ငန်းများဆောင်ရွက်ထားသင့်



**ညောင်ဦး အောက်တိုဘာ ၉**

ပုဂံဒေသအတွက် ဒေသတွင်း ယဉ်ကျေးမှုအမွေအနှစ် ရုပ်ဝတ္ထုပစ္စည်းများဖြစ်သည့် ရှေးဟောင်း ဘုရားပုထိုး၊ စေတီများ၊ အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း အမျိုးသားရေးအမြင်များဖြင့် ကာကွယ်ထိန်းသိမ်းသွားရန်လိုကြောင်းနှင့် စစ်ကိုင်းငလျင်ပြတ်ရွေ့ကြောလှုပ်ရှားမှုဒဏ်ခံနိုင်ရန်အတွက်လည်း ကြံ့ခိုင်မှုလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားသင့်ကြောင်း ဒေသခံပညာရှင် ဦးအောင်ကြိုင် (မင်းဘူးအောင်ကြိုင်) (အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနဦးစီးဌာန) က ပြောကြားသည်။

"ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သွားတော့ သဘာဝဘေးအန္တရာယ်တွေကြောင့် ပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့ရင်ငွေကြေးအထောက်အပံ့၊ နည်းပညာအထောက်အပံ့တွေကတော့ ရရှိလာမှာပါ။ ပုဂံဒေသတွင်း ခရီးသွားဖွံ့ဖြိုးမှု ပိုမိုကြီးထွားလာနိုင်သလို၊ပုဂံဒေသခံ ၈၀ ရာခိုင်နှုန်းကျော်ကလည်း ခရီးသွားလုပ်ငန်းကို အမှီပြုနေရတာဖြစ်လို့ ဒေသခံများ လူမှုစီးပွားဘဝတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မှာပါ။ ဒါပေမယ့်ဒေသတာဝန်ရှိသူများအနေနဲ့ သဘာဝဝန်းကျင်သန့်ရှင်းသာယာလှပရေးကို အရင်ကထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားဖို့လိုအပ်သလို၊ ယူနက်စကို စည်းမျဉ်းစည်းကမ်းများကိုလည်း ဒေသခံများနဲ့ သဟဇာတဖြစ်အောင်၊ လိုက်နာဆောင်ရွက်လာနိုင်အောင်လည်း ပညာပေးစည်းရုံးသွားဖို့ လိုအပ်ပါတယ်။ စစ်ကိုင်းငလျင်ပြတ်ရွေ့ကြီးက အချိန်မရွေးလှုပ်ရှားလာနိုင်တဲ့အတွက် ပုဂံအမွေအနှစ်များကို ပိုမိုထိခိုက်လာနိုင်ပါတယ်၊ ဒါ့ကြောင့် ကြံ့ခိုင်ရေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားသင့်ပါတယ်"ဟု ဦးအောင်ကြိုင် (မင်းဘူးအောင်ကြိုင်)(အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနဦးစီးဌာန) က ရှေးဟောင်းအမွေအနှစ်များ ရေရှည်တည်တံ့ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ကိုနေ**
**(ကျောက်ပန်းတောင်း)**

# ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ တစ်နှစ်အတွင်း ပြည်တွင်းပြည်ပခရီးသွား ၂၉၅၂၈၄ ဦး ဝင်ရောက်လေ့လာ

**ညောင်ဦး အောက်တိုဘာ ၉**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ လာရောက်လေ့လာလည်ပတ်သည့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည် ၂၉၅၂၈၄ ဦး ဝင်ရောက်ခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညီမွန်းထံမှ သိရသည်။

ပြတိုက်ဝင်ကြေးအဖြစ် ပြည်ပဧည့်သည်တစ်ဦးလျှင် ကျပ် ၅၀၀၀ ကောက်ခံပြီး ပြည်တွင်းဘုရားဖူးခရီးသွားလေ့လာသူတစ်ဦးလျှင် လူကြီး ငွေကျပ် ၅၀၀ ကောက်ခံကာ ကျောင်းသား ကျောင်းသူ၊ ကလေး၊ ရဟန်း သံဃာများအား အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုကြောင်း သိရသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်ကြီးတွင် အထူးပင်မပြခန်း၊ ပုဂံခေတ် လက်မှုအနုပညာပြခန်း၊ ပုဂံခေတ် ဗိသုကာပြခန်း၊ ပုဂံခေတ် နန်းမြို့ပြခန်း၊ ပုဂံခေတ် စာပေပြခန်း၊ ပုဂံခေတ် လူနေမှုဘဝပြခန်း၊ ပုဂံခေတ် ဗုဒ္ဓအနုပညာပြခန်း၊ ပုဂံခေတ် ဗုဒ္ဓဆင်းတုတော်များပြခန်း၊ ပုဂံခေတ် ဘုရားပုထိုးပန်းချီပြခန်း၊ ပုဂံခေတ် နံရံဆေးရေးပန်းချီပြခန်း စသည့် ပြခန်း ၁၀ ခန်းဖြင့် ပြသထားသည်။ **ကိုထိန် (ငါ့သရောက်)**



# ရန်ကုန်မြို့၌ ခွင့်ပြုလိုင်စင်မရှိဘဲ မော်တော်ယာဉ်ဖြင့် ဈေးရောင်းချနေသူများအား အရေးယူလျက်ရှိရာ တစ်လအတွင်း အမှု ၅၀ ခန့်ရှိ

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်မြို့၌ ခွင့်ပြုလိုင်စင်မရှိဘဲ မော်တော်ယာဉ်ဖြင့် ဈေးရောင်းချနေသူများအား အရေးယူလျက်ရှိရာ တစ်လအတွင်း အမှု ၅၀ ခန့်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာနမှ ဌာနမှူး ဦးကျော်မင်းက ပြောကြားသည်။

ထိုသို့ ခွင့်ပြုလိုင်စင်မရှိဘဲ မော်တော်ယာဉ်ဖြင့် ဈေးရောင်းချနေသူများကို ပြီးခဲ့သည့်လအတွင်းက အရေးယူခဲ့ရာ လသာမြို့နယ်တွင် ၄၄ မှု၊ လမ်းမတော်မြို့နယ်တွင်နှစ်မှု၊ ဗိုလ်တထောင်မြို့နယ်တွင် နှစ်မှုနှင့် ပုဇွန်တောင်မြို့နယ်တွင် တစ်မှု စုစုပေါင်း ၄၉ မှုရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် ခွင့်ပြုချက်လိုင်စင်မရှိဘဲ မော်တော်ယာဉ်ဖြင့် ဈေးရောင်းချပါက ပထမအကြိမ်ကျူးလွန်လျှင် ဒဏ်ငွေကျပ် တစ်သောင်းမှ တစ်သိန်းအထိ ချမှတ်နိုင်ပြီး ဆက်လက်ဖောက်ဖျက်ကျူးလွန်ပါက ထောင်ဒဏ်တစ်လအထိချမှတ်နိုင်ကြောင်း သိရသည်။

"မော်တော်ယာဉ်နဲ့ လှည့်လည်ရောင်းချမှုလိုင်စင်ကို မြို့တွင်းခြောက်မြို့နယ်မှာ ခွင့်မပြုပါဘူး၊ ကျန်တဲ့ပြင်ပမြို့နယ်တွေမှာ ခွင့်ပြုပါတယ်၊ ခွင့်ပြုတဲ့အခါမှာလည်း ရောင်းချင်သလို ရောင်းလို့မရပါဘူး၊ သတ်မှတ်ထားတဲ့ ယာဉ်ရပ်နားခွင့်ရှိတဲ့နေရာမှာသာ ရောင်းချရမှာဖြစ်ပါတယ်၊ တစ်နေကုန် ရောင်းချလို့မရပါဘူး၊ ကျန်တဲ့ယာဉ်တွေကို ပိတ်ဆို့ရောင်းချလို့မရပါဘူး" ဟု ဦးကျော်မင်းက ပြောကြားသည်။

လက်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ မော်တော်ယာဉ်ဖြင့် ဈေးလှည့်လည်ရောင်းချခြင်းများအတွက် လုပ်ငန်းလိုင်စင်များ ထုတ်ပေးနေသော်လည်း လိုင်စင်မဲ့လုပ်ကိုင်နေမှုများရှိကြောင်း သိရသည်။

သို့ဖြစ်၍ မော်တော်ယာဉ်ဖြင့် လှည့်လည်ရောင်းချလိုသူများအနေဖြင့် မှတ်ပုံတင်လျှောက်ထားမည်ဆိုပါက ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဥပဒေမှ ထုတ်ပြန်ထားသည့် (င) လိုင်စင်ရှိရမည်ဖြစ်ကြောင်း၊ အုံနာဘုတ်မူရင်းမိတ္တူဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မော်တော်ယာဉ်ဖြင့် ဈေးရောင်းချခွင့်လိုင်စင် ၁၇၀ ကျော်ကို ထုတ်ပေးထားကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ စာရင်းများအရ သိရသည်။

**ငြိမ်းငြိမ်း**

# ငွေဆောင်ကမ်းခြေသန့်ရှင်းသာယာလှပရေး စည်းကမ်းထိန်းသိမ်းရေး နေ့စဉ်ဆောင်ရွက်

**ငွေဆောင် အောက်တိုဘာ ၉**

ငွေဆောင်ကမ်းခြေတွင် လာရောက်အပန်းဖြေကြသော ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသဖြင့် ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို အောက်တိုဘာ ၁ ရက်မှစတင်၍ နေ့စဉ် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဟိုတယ်နှင့်တည်းခိုခန်း တာဝန်ခံများ ပူးပေါင်းပါဝင်သောအဖွဲ့ခုနစ်ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကမ်းခြေရှိ ဈေးဆိုင်ခန်းများအား သတ်မှတ်နေရာထက်ကျော်လွန်၍ ဈေးရောင်းချခြင်း၊ ထီးများအား ကမ်းစပ်အထိ ရွှေ့ပြောင်းစိုက်ထူထားခြင်း၊ ညအိပ်ညနေ နေထိုင်ခြင်း၊ ထမင်းဟင်းများချက်ပြုတ်ခြင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းများ မရှိစေရန်၊ ကမ်းခြေသန့်ရှင်းသာယာလှပပြီးလုံခြုံမှုရှိစေရန်၊ စက်တပ်ယာဉ်များ မောင်းနှင်မှုမရှိစေရန်၊ အပျော်စီးရေယာဉ်ငယ်များ သတ်မှတ်နေရာတွင် စနစ်တကျရပ်နားရန် ပူးပေါင်းအဖွဲ့ဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မူမူ(ပြန်/ဆက်)**

## ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပပြီးစီး

**မော်လမြိုင် အောက်တိုဘာ ၉**
ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နောက်ဆုံးနေ့ကို ယနေ့ နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ အောင်မြင်စွာ ကျင်းပခဲ့သည်။

အစည်းအဝေး နောက်ဆုံးနေ့တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦးက ကြယ်ပွင့်ပြ မေးခွန်းခြောက်ခုကို မေးမြန်းရာ သက်ဆိုင်ရာ ဝန်ကြီးများက ပြန်လည်ဖြေကြားသည်။ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မေးခွန်းစုစုပေါင်း ၄၆ ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း နှစ်ရပ် အတည်ပြုခြင်း၊ အဆိုတစ်ခုအား နှစ်ပိုင်းခွဲ၍ မှတ်တမ်းတင်ခြင်း၊ တစ်ရပ် အတည်ပြုခြင်း၊ တစ်ရပ်ဆောင်ရွက်ခြင်း၊ အစီရင်ခံစာသုံးရပ်ကို မှတ်တမ်းတင်ခြင်း၊ ရေးရာကော်မတီနှစ်ခု ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ရေးရာကော်မတီတစ်ခု သက်တမ်းတိုး ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းနှင့် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လေ့လာသူ စုစုပေါင်း ၁၀၆ ဦး ရှိကြောင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက အနှစ်ချုပ်တွင် တင်ပြပြီး ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာခဲ့သည်။



**ဝေလင်း(ပြန်/ဆက်)**

## လာမည့်ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၉**
မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၉–၂၀၂၀ ရာသီဖူဆယ်လိဂ်ပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လာမည့်ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုသည့်အသင်းများအတွက် စတင်ထုတ်ပြန်လိုက်ပြီဖြစ်ပြီး ၂၀၁၈–၂၀၁၉ ရာသီ၌ အဆင့် ၁ မှ ၁၀ အထိ ရရှိခဲ့သည့် အသင်း ၁၀ သင်း၊ ခြေစစ်ပွဲအောင် နှစ်သင်း စုစုပေါင်း ၁၂ သင်းဖြင့် ကျင်းပသွားမည် ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ ပြီးခဲ့သည့်ရာသီတွင် အောက်ဆုံးရပ်တည်မှု ခုနစ်သင်းမှာ ခြေစစ်ပွဲအဆင့်မှ ပြန်လည်ကစားရမည်ဖြစ်ပြီး လာမည့်ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ခြေစစ်ပွဲယှဉ်ပြိုင်မည့်အသင်းများသည် အောက်တိုဘာ ၁၆ ရက်မှ ၃၀ ရက်အထိ စာရင်းပေးသွင်းရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဖူဆယ်ကလပ်အသင်းများအတွက် တစ်နှစ်လျှင် လိဂ်ပြိုင်ပွဲနှင့် Open Cup ပြိုင်ပွဲတို့ ကျင်းပပေးလျက်ရှိသည်။ ပြိုင်ပွဲဝင်အသင်း တစ်သင်းလျှင် ကစားသမား ၁၆ ဦးမှ ၂၀ အထိ ဖွဲ့စည်းနိုင်မည်ဖြစ်ပြီး နိုင်ငံခြားသားကစားသမား နှစ်ဦး ထည့်သွင်းအသုံးပြုခွင့်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဖူဆယ်လိဂ်ပြိုင်ပွဲကို နှစ်စဉ်နီးပါး ကျင်းပလျက်ရှိပြီး နောက်ဆုံးကျင်းပသည့် ၂၀၁၈–၂၀၁၉ ရာသီတွင် MIU အသင်း ဗိုလ်စွဲခဲ့သည်။

**ရှိုင်းထက်ဇော်**

## ၂၀၂၀ ချာရတီဖလားပြိုင်ပွဲအဖြစ် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း ကစားမည်

**ရန်ကုန် အောက်တိုဘာ ၉**
မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၂၀ ရာသီ ချာရတီဖလားပြိုင်ပွဲကို ဇန်နဝါရီပထမပတ်တွင် ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ချာရတီဖလားပြိုင်ပွဲကို ၂၀၁၂ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး အမှတ်ပေးချန်ပီယံအသင်းနှင့် ရှုံးထွက်ချန်ပီယံအသင်းတို့ကို ယှဉ်ပြိုင်ကစားစေခြင်းဖြစ်သည်။ လာမည့် ချာရတီဖလားပြိုင်ပွဲတွင် အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရှုံးထွက်ချန်ပီယံ ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။



ရှုံးထွက်ဗိုလ်လုပွဲတွင် ရန်ကုန်အသင်းနှင့် ရှမ်းအသင်း တွေ့ဆုံခဲ့စဉ်။

ယင်းနှစ်သင်းသည်ချာရတီဖလားပြိုင်ပွဲတွင် လေးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး ရှမ်းအသင်းက နှစ်ကြိမ် အနိုင်ရပြီး ရန်ကုန်အသင်းက တစ်ကြိမ်အနိုင်ရခဲ့သည်။ နောက်ဆုံးသုံးကြိမ်ဆက် တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့် နှစ်ကြိမ်စလုံး ပယ်နယ်တီအဆုံးအဖြတ်ဖြင့် တစ်ကြိမ်စီ အနိုင်ရထားသည်။

နှစ်သင်းစလုံး လာမည့်ရာသီတွင် အာရှအဆင့်ပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ပြင်ဆင်မှုများစွာ ပြုလုပ်မည်ဖြစ်ရာ အကြိတ်အနယ်ရှိမည့်ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်သည်။

ချာရတီဖလားပြိုင်ပွဲတစ်လျှောက် ၂၀၁၂ ခုနှစ်တွင် ဧရာဝတီ၊ ၂၀၁၃ ခုနှစ်တွင် ရန်ကုန်၊ ၂၀၁၄ ခုနှစ်တွင် ရှမ်းယူနိုက်တက်၊ ၂၀၁၅ ခုနှစ်တွင် ဧရာဝတီ၊ ၂၀၁၆ ခုနှစ်တွင် ရန်ကုန်၊ ၂၀၁၇ ခုနှစ်တွင် မကွေး၊ ၂၀၁၈ ခုနှစ်တွင် ရန်ကုန်၊ ၂၀၁၉ ခုနှစ်တွင် ရှမ်းယူနိုက်တက်အသင်းတို့ ဗိုလ်စွဲထားသည်။

**သတင်း– ရှိုင်းထက်ဇော်၊ ဓာတ်ပုံ–စိုးညွန့်**

## ကျောက်မဲမြို့တွင် ဖြောက်အိုး၊ မီးရှူး၊ မီးပန်းများ ရောင်းချခြင်းရှိ–မရှိ စစ်ဆေး

**ကျောက်မဲ အောက်တိုဘာ ၉**
ကျောက်မဲမြို့စည်ပင်သာယာဗဟိုဈေးနှင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ဈေးဆိုင်များ၊ စတိုးဆိုင်များအား အောက်တိုဘာ ၈ ရက် ညနေပိုင်းက ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်လင်းနိုင်ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့တို့က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

သီတင်းကျွတ်ကာလတွင် ဖြောက်အိုး၊ မီးရှူး၊ မီးပန်း၊ မီးဒုံး(ရှူးဒိုင်း) များ ဖြန့်ဖြူးရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများကြောင့် အများပြည်သူများ၊ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသူများ အထိတ်တလန့်ဖြစ်စေပြီး တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် နယ်မြေလုံခြုံရေးတို့ကိုအနှောင့်အယှက်မဖြစ်စေရေးတို့အတွက် ဖြောက်အိုး၊ မီးရှူး၊ မီးပန်း၊ မီးဒုံး(ရှူးဒိုင်း) များ ပစ်ဖောက်ခြင်း၊ သိုလှောင် ဖြန့်ဖြူးရောင်းဝယ်ခြင်းမပြုလုပ်ရန်အောက်တိုဘာ ၇ ရက်က လှည့်လည်အသိပေးကြေညာခဲ့သည်။

**သိန်းထွန်းအောင်**

## တိုတိုထွာထွာဖတ်စရာ

### ကျေးရွာချင်းဆက် ကြိုးတံတားဖွင့်

**ထီးလင်း**
ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ကျိုင်း–ဒေါ်သာ ကျေးရွာချင်းဆက် မြကျိုင်းသာ ကြိုးတံတားဖွင့်ပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီက အဆိုပါတံတားမုခ်ဦးနေရာ၌ ကျင်းပသည်။

အဆိုပါကြိုးတံတားကို ငွေကျပ်သိန်း ၁၅၀ ဖြင့် မေ ၁၈ ရက်တွင် စတင်ဆောက်လုပ်ခဲ့ရာ အောက်တိုဘာ ၈ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်းနှင့် တံတားမှာ အကျယ် ငါးပေ၊ အရှည် ၃၇၅ ပေရှိကြောင်း သိရသည်။

**အောင်စည်(ပြန်/ဆက်)**

### နာဂဒေသဆွမ္မရာမြို့၌အာဟာရမှုန့်ကျွေးမွေး

**ဆွမ္မရာ**
စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့နယ် ဆွမ္မရာမြို့ အခြေခံပညာမူလတန်းကျောင်းများကို ကမ္ဘာ့စားနပ်ရိက္ခာ (WFP) မှထောက်ပံ့သည့် အာဟာရ ၁၆ မျိုးပါဝင်သည့်အာဟာရမှုန့်ကို မူလတန်းကျောင်းသား ကျောင်းသူများအား အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက ကျွေးမွေးခဲ့ကြောင်း သိရသည်။

ထိုသို့အာဟာရမှုန့်ကျွေးမွေးမှုဖြင့် ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေးမြှင့်တင်နိုင်ရန်၊ အရည်အသွေးမြင့်မား၍ အာဟာရပြည့်ဝသောအစားအစာစားသုံးနိုင်မှုကို ပိုမိုတိုးတက်စေရန်၊ ကျန်းမာ၍ ခန္ဓာကိုယ်ကြီးထွားမှုမြှင့်တင်နိုင်ရန် ၇၅ ဂရမ်ပါဝင်သည့် အာဟာရပြည့်မှုန့်ကို မူလတန်းကျောင်းများတွင် နေ့စဉ်ကျွေးမွေးပေးလျက်ရှိကြောင်း သိရသည်။

**ချိန်းပေ့ါ(ဆွမ္မရာ)**

### မြဝတီတွင် အသိပညာပေးဟောပြော

**မြဝတီ**
ကရင်ပြည်နယ် မြဝတီမြို့ ဇရပ်ဖြူကုန်းကျေးရွာ ရွာဦးကျောင်းတွင် ဌာနဆိုင်ရာများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် အသိပညာပေးဟောပြောခြင်းကို အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြသည်။

မူးယစ်တပ်ဖွဲ့စု(မြဝတီ)မှ ရဲအုပ်ကျော်နိုင်မိုးက မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(မြဝတီ)မှ ရဲအုပ်လှိုင်စိုးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူးဦးမျိုးဝင်းနိုင်က စားသုံးသူအခွင့်အရေးနှင့် စားသုံးသူရေးရာဥပဒေပါသိကောင်းစရာများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်သိန်းသန်းဌေးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးပြောကြားသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

### လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ရွေးချယ်

**ထီးလင်း**
မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်၌ စတုတ္ထနှစ်စက်ဝန်း လုပ်ဆောင်မည့်လုပ်ငန်းများအတွက် ရွေးချယ်ဖော်ထုတ်နေပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းသတင်းပြန်ကြားဆက်သွယ်ရေးတာဝန်ခံ ဦးကျော်ဇေယျထံမှ သိရသည်။

ထိုသို့ရွေးချယ်ဖော်ထုတ်ရန် အောက်တိုဘာ ၇ ရက်က အညာဘန်းကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**ကျော်သန်းဆွေ (ဂန့်ဂေါ)**

## သီတင်းကျွတ်ကာလ နေရပ်ပြန်သူများအဆင်ပြေစေရန် ယာဉ်အခေါက်ရေ ထပ်တိုးပြေးဆွဲမည်

**ကျုံပျော် အောက်တိုဘာ ၉**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရပ်ဝေးသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် ဒေသခံပြည်သူများ သီတင်းကျွတ်ကာလအတွင်း သွားလာမှုအဆင်ပြေစေရန် အောက်တိုဘာ ၁၀ ရက်မှစတင်၍ မော်တော်ယာဉ်လိုင်းများ ထပ်တိုးပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျုံပျော် – ရန်ကုန်ပြေးဆွဲနေသော ခေတ်မီမော်တော်ယာဉ်လိုင်း ဂိတ်မှူးဦးအေးကိုက "အရင်ရက်တွေမှာ ကျွန်တော်တို့ကားတွေက ကျုံပျော်–ရန်ကုန် အသွားအပြန်ကို ပုံမှန်ပြေးဆွဲပေးနေပါတယ်၊ ၁၀ ရက်ကနေစပြီး မော်တော်ယာဉ်တွေကို အခေါက်ရေ ထပ်တိုးပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။ ယာဉ်စီးခအနေနဲ့လည်း ပုံမှန်ဈေးနှုန်းအတိုင်း ငွေကျပ် ၃၀၀၀ ပဲယူမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်၊ ပုသိမ်နှင့် ဟင်္သာတမြို့များသို့ မော်တော်ယာဉ်လိုင်းကိုးလိုင်းဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**နေဝင်း( ပြန်/ဆက်)**

# သီတင်းကျွတ်ပွဲတော် ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံ ၁၀၀၀ လွှတ်တင်ပူဇော်မည်



**ကော့သောင်း စက်တင်ဘာ ၉**

ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးဖောင်ဒေးရှင်း၏ ဓမ္မစကူးကျောင်းသား ကျောင်းသူများက အောက်တိုဘာ ၂၀ ရက် ညပိုင်းတွင် ကော့သောင်းမြို့ ကျက်သရေဆောင် ရွှေပြည်သာအာနန္ဒာစေတီတော် ရင်ပြင်ပေါ်၌ ဆီမီး ၃၀၀၀ ပူဇော်ပွဲနှင့် မီးပုံးပျံ ၁၀၀၀ လွှတ်တင်ပူဇော်ပွဲကို ရိုးရာအစဉ်အလာမပျက် တတိယအကြိမ်မြောက်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်အား ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးဖောင်ဒေးရှင်းနှင့် ထိုင်းနိုင်ငံ Dhama kaya foundation တို့ ပူးပေါင်းပါဝင်မှုဖြင့် တစ်မြို့နယ်လုံးရှိ ဓမ္မစကူးကျောင်းများမှ ကျောင်းသား ကျောင်းသူ ၅၀၀၀ ကျော်ခန့်က ဆီမီးကြာခွက်ငယ်များ ကိုင်ဆောင်စီတန်း၍ မြို့ကျက်သရေဆောင် ရွှေပြည်သာအာနန္ဒာစေတီတော်ရင်ပြင်ပေါ်၌ စုရုံးကာ ရင်ပြင်တော်တစ်ခွင်လုံး ဆီမီးပူဇော်ကြပြီး မီးပုံးပျံအလုံး ၁၀၀၀ ကို လွှတ်တင်ပူဇော်၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုပွဲတော်ကို တစ်မူထူးခြားစွာ စတုဒိသာနိမ္ဗာန်စျေးအလှူတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း )**

# သန့်ရှင်းသော ရေကောင်းရေသန့်များရရှိစေရေး ရေသန့်စက်ရုံများဖွင့်

**ပေါင် အောက်တိုဘာ ၉**

ကျေးလက်ဒေသများတွင် သန့်ရှင်းသောရေကောင်းရေသန့်များရရှိစေရန်အတွက် KOICA ၏ အထောက်အပံ့နှင့် စိုက်ပျိုးရေးဦးစီးဌာန မွန်ပြည်နယ် ပေါင်မြို့နယ် SMU ကျေးရွာငါးရွာ၏ ပူးပေါင်းဆောင်ရွက်ခဲ့သော ရေသန့်စက်ရုံများဖွင့်ပွဲကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက ကဒိုင်ကျေးရွာရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ဇော်နိုင်က အမှာစကားပြောကြားခဲ့ပြီး KOICA မှ စေတနာ့ဝန်ထမ်း မခြူးနဒီက လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ပြောကြားသည်။

“KOICA ၏အထောက်အပံ့နဲ့ စိုက်ပျိုးရေးဌာနနဲ့ ပူးပေါင်းပြီးတော့ SMU ကျေးရွာငါးရွာကပူးပေါင်းမှုနဲ့ ဒီရွာတွေမှာ ရေသန့်စက်ရုံကို လွန်ခဲ့တဲ့ငါးလလောက်က စတင်ဆောက်လုပ်ခဲ့တယ်၊ လုပ်ငန်းလည်း အားလုံးပြီးစီးတော့ တစ်ရွာတည်းမှာပေါင်းပြီး ဖွင့်ပွဲလုပ်တာပါ၊ ဒီစက်ကို ရေရှည်ထိန်းသိမ်းဖို့အတွက်လည်း ကိုင်တွယ်နည်းတွေ သင်တန်းပေးထားတယ်၊ အဓိက ရေကောင်းရေသန့်ရရှိဖို့ရယ်၊ ကိုယ်တိုင်အသိစိတ်ဓာတ်နဲ့ အများပိုင်ပစ္စည်းကို ပါဝင်ထိန်းသိမ်းဆောင်ရွက်နိုင်စွမ်း မြင့်မားလာအောင်ပေါ့” ဟု ပေါင်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်းက ပြောကြားသည်။

KOICA ဘတ်ဂျက်နှင့် SMU ကျေးရွာများဖြစ်သော ဒေးကင်း၊ ဥက္ကံ၊ ကဒိုင်၊ အဟောက်၊ ကော့ထော် ကျေးရွာများမှ စုပေါင်းထည့်ငွေများဖြင့် ရေသန့်စက်ရုံ ငါးရုံကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

# ပုသိမ်ကြီးမြို့နယ် ပန်းချီပန်းပု အစည်းအရုံး လုပ်ငန်းညှိနှိုင်း

**ပုသိမ်ကြီး အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ပန်းချီပန်းပု အစည်းအရုံး၏ တတိယအကြိမ်မြောက် ပန်းချီပန်းပုပြပွဲ ကျင်းပနိုင်ရန် လုပ်ငန်းညှိနှိုင်းဆွေးနွေးခြင်းကို အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ပြုလုပ်သည်။

မြို့နယ်ပန်းချီပန်းပုအစည်းအရုံး ဥက္ကဋ္ဌ ဦးနေလင်း၊ အတွင်းရေးမှူး ဦးသောင်းလွင်တို့က ပုသိမ်ကြီးမြို့နယ်၏ အထင်ကရနေရာများဖြစ်သည့် အိမ်ရှေ့မင်းထန်းတော၊ မင်းဂံ၊ ဘုတ်၊ ရွှေစာရံ၊ ရန်ကင်းတောင်၊ ရေတံခွန်တောင် စသည့် ပုသိမ်ကြီးမြို့နယ်၏ ပြယုဂ်များကို ရေးဆွဲကာ ပြပွဲများ ကျင်းပမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါပန်းချီပြပွဲကို ပညာရှင် ၂၅ ဦးက တစ်ဦးလျှင် ငါးကားနှုန်းဖြင့် နိုဝင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ငါးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်ကိုကို (ပြန်/ဆက်)**

# ဇလုံတောင်အမျိုးသားဥယျာဉ် ဧရိယာ ၆၀၀၄၆ ဒသမ ၇၁ ဧကဖြင့် ဖွဲ့စည်းရန်ဆောင်ရွက်



**ဗန်းမောက် အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ဇလုံတောင်အမျိုးသားဥယျာဉ်တည်ထောင်နိုင်ရေးဧရိယာ ၆၀၀၄၆ ဒသမ ၇၁ ဧက ဖွဲ့စည်းထားရှိရန် ဆောင်ရွက်လျက်ရှိကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန ဗန်းမောက်သစ်တောဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်ဇလုံတောင်အခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးတို့အတွက် ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ခမိုးကားကြီးဝင်းနားနေစခန်း၊ ဇလုံတောင် အပန်းဖြေဆင်စခန်းဖွင့်လှစ်ထားရှိခဲ့ပြီးကြောင်း၊ ဆက်လက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝတောများအတွင်း အပန်းဖြေနားနေနိုင်စေရန် ဇလုံတောင် အမျိုးသားဥယျာဉ်ဧရိယာ ၆၀၀၄၆ ဒသမ ၇၁ ဧက ဖွဲ့စည်းတည်ထောင်ရန် ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုး(၁)က ပြောကြားသည်။

ဇလုံတောင်အမျိုးသားဥယျာဉ် ဖွဲ့စည်းတည်ထောင်ဖြစ်ခဲ့ပါက သဘာဝပတ်ဝန်းကျင် လေ့လာလိုသူများ၊ သားငှက်တိရစ္ဆာန်လေ့လာသူများ လာရောက်ခြင်းဖြင့် သဘာဝအခြေခံခရီးသွား လုပ်ငန်းကို များစွာအထောက်အကူဖြစ်စေနိုင်သဖြင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း ကသာခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦးက ပြောကြားသည်။

**ငွေအိုး (ကသာ)**

# ပါဆယ်ပစ္စည်းပို့ပေးရမှု များလာသောကြောင့် တံဆိပ်ခေါင်းရောင်းအားကောင်း

**စစ်ကိုင်း အောက်တိုဘာ ၉**

စာပို့ဝန်ဆောင်မှုအနေဖြင့် နည်းသွားသော်လည်း အွန်လိုင်းရှော့ပင်းဈေးကွက်အားကောင်းလာသောကြောင့် ပါဆယ်ပစ္စည်းပို့ဆောင်ပေးရမှု များပြားလျက်ရှိရာ တံဆိပ်ခေါင်းရောင်းချရမှုမှာ ရောင်းအားကောင်းနေဆဲဖြစ်ကြောင်း မြန်မာ့စာတိုက်လုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး ဒု-တာဝန်ခံဦးခင်မောင်တိုးထံမှ သိရသည်။

"စာပို့တာနည်းသွားပေမယ့် ပါဆယ်ပစ္စည်းပို့တာ များလာတယ်။ ပစ္စည်းပို့တာကိုတော့ စာတိုက်ကိုပဲ သုံးကြရတယ်၊ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အွန်လိုင်းရှော့ပင်းကို စာတိုက်နဲ့ ကုမ္ပဏီတွေဖက်စပ်ပူးပေါင်းပြီး ဝန်ဆောင်မှုပေးနေပါတယ်။ တစ်ရက်ကို ပါဆယ်ထုပ်တွေ ရာချီ၊ ထောင်ချီဝင်နေတယ်။ ပါဆယ်ထုပ်ပေါ် တံဆိပ်ခေါင်းတွေ ကပ်ရတယ်" ဟု ဦးခင်မောင်တိုးက ပြောကြားသည်။

"တံဆိပ်ခေါင်းစုဆောင်းတဲ့သူတွေ အဝယ်များတယ်။ တံဆိပ်ခေါင်းဆိုတာကလည်း နှစ်ကြာလာလေ တန်ဖိုးရှိလေဆိုတော့ ဝါသနာပါတဲ့သူတွေ ဝယ်စုတာရှိကြတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## တိုတိုထွာထွာဖတ်စရာ

### သိမ်ထပ်ကံဆောင် မင်္ဂလာအခမ်းအနားကျင်းပ

**ဘီးလင်း**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ ကျိုက်ထီးဆောင်းဘုရားကြီးကျောင်းတိုက်၌ အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီက သိက္ခာထပ်ပုနောပ္ပသမ္မဘိသေက သိမ်ထပ်ကံဆောင် မင်္ဂလာအခမ်းအနားကို ကျင်းပသည်။

အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများက လှူဖွယ်ပစ္စည်းများဖြင့် ဆရာတော်ကြီးများနှင့် သံဃာတော်စုစုပေါင်း ၁၀၈ ပါးတို့အား စုပေါင်းသိမ်ဆွမ်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

**ရွှေတိုင်လွင်**

### သုံးခွမြို့တွင် ပဝါရဏာပွဲကျင်းပမည်

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၁၁) ရပ်ကွက် အနော်ရထာလမ်းရှိ မြို့မရေလည်ကျောင်းတိုက်၌ အောက်တိုဘာ ၁၃ ရက် (သီတင်းကျွတ်လပြည့်နေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီထိ နှစ်စဉ်အစဉ်အလာမပျက်ကျင်းပသော ပဝါရဏာပွဲကျင်းပမည်ဟု သိရသည်။

မြို့ပေါ်၁၁ရပ်ကွက် ကျေးရွာခုနစ်ရွာမှ ပဝါရဏာ၊ သုဓမ္မာဂိုဏ်းဝင်ဆရာတော်၊ သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းခြင်း၊ သိမ်ဆင်းလောင်းလှူခြင်း၊ ပဝါရဏာကံဆောင် သံဃာအပါး ၂၀၀ အား ဗလာမပါ စာရေးတံမဲလှူဒါန်းခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

### နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲကျင်းပမည်

**ရမည်းသင်း**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၏ ရှေးဟောင်းသမိုင်းဝင် ရန်အောင်မြင်ဘုရားဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲရက်သည် သီတင်းကျွတ်လပြည့်နေ့ မွန်းလွဲ ၃ နာရီခွဲတွင် ရန်အောင်မြင်သာသနာ့ဗိမာန်ရှေ့တွင်စုစည်းပြီး စတင်ထွက်ခွာ၍ မြို့ပေါ်ရပ်ကွက်အသီးသီးသို့ လှည့်လည်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**

### ကူနှစ်လုံးဆည်စုကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**နေပြည်တော်**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကူနှစ်လုံးဆည်စုကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက် ၁၁ နာရီတွင် အဆိုပါကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အဆိုပါကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ၁၁ ကေဗွီအေဓာတ်အားလိုင်းနှစ်မိုင်နှင့် ၄၀၀ ဗို့အားလိုင်းပေ ၅၂၈၀ တို့ကို နေပြည်တော်ကောင်စီရန်ပုံငွေ၊ ကျေးရွာသစ်စီမံကိန်းရန်ပုံငွေနှင့် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း**



သုံးခွမြို့မရဲစခန်းမှူး ဒု-ရဲမှူးအောင်နိုင်ဦးသည် အောက်တိုဘာ ၉ ရက် နံနက် ၁၁ နာရီက သုံးခွမြို့ ရှစ်မျက်နှာဘုရားရင်ပြင်အတွင်း ဆိုင်ကယ်ကယ်ရီသမားများအား မှုခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)

# အေစီမီလန်က ဂီအမ်ပါအိုလိုအား ထုတ်ပယ်၊ စတီဖာနိုပီအိုလီကို နည်းပြသစ်အဖြစ် ခန့်အပ်



အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းဟာ အသင်းရဲ့ရလဒ်ပိုင်းဆိုးရွားမှုကြောင့် အသင်းနည်းပြ ဂီအမ်ပါအိုလိုအား သုံးလခွဲကြာ တာဝန်ယူကိုင်တွယ်စေခဲ့ပြီးနောက် အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်လိုက်ပြီဖြစ်ပါတယ်။

အေစီမီလန်အသင်းဟာ အီတလီစီးရီးအေပွဲစဉ်ခုနစ်ပွဲမှာ သုံးပွဲသာအနိုင်ရရှိခဲ့ပြီး တန်းဆင်းဇုန်အထက် သုံးမှတ်အကွာ အမှတ်ပေးဇယားအဆင့် ၁၃ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ အသက် ၅၂ နှစ်အရွယ်ရှိ နည်းပြ ဂီအမ်ပါအိုလိုဟာ ဇွန်လအတွင်းက နည်းပြ ဂတ်တူဆိုရဲ့ နေရာမှာ အစားထိုးနည်းပြအဖြစ် တာဝန်ယူခဲ့ရတာဖြစ်ပြီး ဂတ်တူဆိုဟာ အေစီမီလန်အသင်း ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့် ပျောက်ဆုံးခဲ့ရတာကြောင့် အသင်းနည်းပြအဖြစ်ကနေ နုတ်ထွက်ခဲ့တာ ဖြစ်ပါတယ်။

အေစီမီလန်အသင်းဟာ စနေနေ့က ဂျီနိုအာအသင်းနဲ့ ကစားခဲ့တဲ့ပွဲစဉ်မှာ နာကျင်အချိန်ပိုမှာရရှိခဲ့တဲ့ ပီပီရေနာရဲ့ ပင်နယ်တီသွင်းဂိုးကြောင့် ဂျီနိုအာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပေမယ့် အဲဒီပွဲစဉ်မတိုင်ခင်က အင်တာမီလန်အသင်း၊ တိုရီနိုအသင်း၊ ဖီအိုရင်တီးနားအသင်းတို့ကို သုံးပွဲဆက်တိုက် ရှုံးပွဲကြုံခဲ့ရတာ ဖြစ်ပါတယ်။

ဥရောပချန်ပီယံ ခုနစ်ကြိမ်အထိ ရယူနိုင်ခဲ့တဲ့ အေစီမီလန်အသင်းဟာ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီနောက်ပိုင်း ချန်ပီယံလိဂ်မှာ ပါဝင်ကစားခဲ့ရခြင်းမရှိဘဲ ၂၀၁၁ ခုနှစ်နောက်ပိုင်း အီတလီစီးရီးအေဖလား မရရှိခဲ့တာလည်းဖြစ်ပါတယ်။ အေစီမီလန်အသင်းဟာ အခုနှစ်မှာ ယူရိုပါလိဂ်မှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားခဲ့ပေမယ့် ဥရောပဘောလုံးစည်းမျဉ်းတွေကို မလိုက်နာတဲ့အတွက် ဥရောပကစားခွင့် တစ်နှစ်ပိတ်ပင်ခံထားရတာ ဖြစ်ပါတယ်။

နည်းပြဂီအမ်ပါအိုလိုဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ဆမ်ဒိုးရီးယားအသင်းကို အီတလီစီးရီးအေ အဆင့်(၉) နေရာကို ရပ်တည်နိုင်အောင်စွမ်းဆောင်ပေးခဲ့ပြီး ဆမ်ဒိုးရီးယားအသင်းကနေ ထွက်ခွာကာ အေစီမီလန်အသင်း နည်းပြအဖြစ် ပြောင်းရွှေ့တာဝန်ယူခဲ့တာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ အေစီမီလန်အသင်းက ဂီအမ်ပါအိုလိုကို ထုတ်ပယ်လိုက်ပြီး အင်တာမီလန်အသင်းနည်းပြဟောင်း စတီဖာနိုပီအိုလီဟာ အေစီမီလန်အသင်းနည်းပြအဖြစ် ခန့်အပ်လိုက်တာ ဖြစ်ပါတယ်။

# နည်းပြဘဝကို ပြန်လည်စတင်ဖို့ ဆန္ဒရှိနေတာကြောင့် စပါးအသင်းရဲ့အခြေအနေကို မော်ရင်ဟို စောင့်ကြည့်နေ

နည်းပြ မော်ရင်ဟိုဟာ နည်းပြဘဝကို ပြန်လည်စတင်ဖို့ လမ်းကြောင်းရှာနေပြီး စပါးအသင်းရဲ့ အခြေအနေကို စောင့်ကြည့်နေတယ်လို့ ဆိုပါတယ်။ နည်းပြ မော်ရင်ဟိုဟာ ပြီးခဲ့တဲ့ဒီဇင်ဘာလကတည်းက မန်ယူအသင်းရဲ့ ထုတ်ပယ်ခြင်းကို ခံခဲ့ရပြီးချိန်ကစလို့ အသင်းလက်မဲ့ဖြစ်နေတာ ဖြစ်ပါတယ်။

စပါးအသင်းကလည်း အခုနှစ်ဘောလုံးရာသီမှာ အသင်းရဲ့ ရလဒ်ပိုင်းတွေဆိုးရွားနေတာကြောင့် ပေါ်တူဂီနိုင်ငံသားနည်းပြ မော်ရင်ဟိုကို ပိုချက်တီနိုရဲ့နေရာမှာ အစားထိုးဖို့လည်းစီစဉ်နေတယ်လို့သတင်းတွေထွက်ပေါ်နေပါတယ်။ စပါးအသင်းတာဝန်ရှိသူတွေကတော့ ၂၀၁၄ ခုနှစ်ကစတင်ပြီး တာဝန်ယူကိုင်တွယ်နေတဲ့ နည်းပြ ပိုချက်တီနိုကိုထုတ်ပယ်ဖို့ အစီအစဉ်မရှိဘူးလို့ ဆိုပါတယ်။

နည်းပြ မော်ရင်ဟိုဟာ အခုနှစ်ဘောလုံးရာသီ မစတင်မီက အသင်းဟောင်း ရီးယဲလ်မက်ဒရစ်အသင်း နည်းပြအဖြစ် တာဝန်ယူလိုတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် လက်ရှိအချိန်အထိတော့ ဘယ်အသင်းကမှ ခေါ်ယူလိုကြောင်း ပွင့်ပွင့်လင်းလင်း မပြောကြားသေးတာ ဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်ကလည်း လက်ရှိနည်းပြ ဇီဒန်းလက်ထက်မှာ လာလီဂါမှာ ရလဒ်ပိုင်းတွေ ပြန်လည်ကောင်းမွန်နေပြီ ဖြစ်ပါတယ်။

# မန်ယူနဲ့ ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမားဟောင်း ရှဝိန်းစတိုင်ဂါ ကစားသမားဘဝကနေ အနားယူပြီ



ဂျာမနီအသင်း၊ မန်ယူအသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ရဲ့ ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါဟာ ကစားသမားဘဝကနေ အနားယူလိုက်ပြီ ဖြစ်ပါတယ်။ အသက် ၃၅ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါဟာ မေဂျာလိဂ် ဘောလုံးရာသီကုန်ဆုံးပြီး နှစ်ရက်အကြာမှာ ကစားသမားဘဝကနေ အနားယူလိုက်ကြောင်း ကြေညာခဲ့တာဖြစ်ပါတယ်။ ရှဝိန်းစတိုင်ဂါ ပါဝင်ကစားခဲ့တဲ့ မေဂျာလိဂ်ကလပ် ချီကာဂိုဖိုင်းယားဟာ မေဂျာလိဂ်ရာသီကုန်မှာ အဆင့် ၁၇ နေရာမှာ ရပ်တည်ခဲ့တာ ဖြစ်ပါတယ်။

ရှဝိန်းစတိုင်ဂါဟာ ဂျာမနီနိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ၂၀၁၄ ခုနှစ်က ကမ္ဘာ့ဖလားကို ရယူပေးနိုင်ခဲ့တာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဂျာမန်ဘွန်ဒက်လီဂါဖလား ရှစ်ကြိမ်အထိ ရယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ရှဝိန်းစတိုင်ဂါဟာ ဂျာမနီလက်ရွေးစင်အသင်းနဲ့အတူ ၂၀၀၄ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ပွဲပေါင်း ၁၂၁ ပွဲ ပါဝင်ကစားပေးခဲ့တာ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ပွဲပေါင်း ၅၀၀ ပါဝင်ကစားပေးခဲ့ပြီး ၂၀၁၅ ခုနှစ်က မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၄ ဒသမ ၄ သန်းနဲ့ မပြောင်းရွှေ့မီမှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် ချန်ပီယံလိဂ်ဖလား ရယူပေးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် မန်ယူအသင်းမှာတော့ နှစ်နှစ်အတွင်းမှာ ပရီမီယာလိဂ် ပွဲစဉ် ၁၃ ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ရှဝိန်းစတိုင်ဂါဟာ ၂၀၁၇ ခုနှစ် မတ်လမှာ ချီကာဂိုဖိုင်းယားအသင်းကို ပြောင်းရွှေ့ခဲ့ပြီး လက်ရှိမှာ ကစားသမားဘဝကနေ အနားယူခဲ့တာ ဖြစ်ပါတယ်။ ရှဝိန်းစတိုင်ဂါဟာ ကစားသမားဘဝကနေ အနားယူပြီးနောက် ဂျာမနီအသင်းရဲ့ နည်းပြအဖွဲ့ဝင်အဖြစ် ပါဝင်လာရန် မျှော်လင့်ထားတယ်လို့ သိရပါတယ်။

**ငွေကြယ်-ရေးသားသည်**

### ❒ ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်မှ

ဈေးဆိုင်ခန်းများ စုစုပေါင်း ၄၀၀ ကျော်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်**

အဆိုပါပွဲတော်နှင့်ပတ်သက်၍ ပုဇွန်တောင်မြို့နယ် အမှတ် (၇) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်နိုင်က "ပွဲတော်ကို အစဉ်အလာအရ နှစ်စဉ်နှစ်တိုင်း ပုဇွန်တောင် (၇) ရပ်ကွက်၊ (၈)ရပ်ကွက်နဲ့ (၁၀)ရပ်ကွက်တို့ ပူးပေါင်းပြီး ကျင်းပတာဖြစ်ပါတယ်။ ကျွန်တော်တို့ (၇)ရပ်ကွက်မှာ ဖျော်ဖြေရေးပါမယ်။ ဈေးဆိုင်ခန်းတွေပါမယ်။ ဖျော်ဖြေရေးက ငါးရက်ဖြစ်ပြီး ခုံနဲ့ထိုင်ကြည့်မယ့်သူတွေက လက်မှတ်ဝယ်ရမှာဖြစ်ပါတယ်။ လုံခြုံရေးအပိုင်းအနေနဲ့ ရပ်ကွက်က လူငယ်တွေ၊ ဆယ်အိမ်မှူးတွေ၊ ရာအိမ်မှူးတွေ၊ ပွဲတော်ကျင်းပရေးကော်မတီက တာဝန်ရှိသူတွေ၊ အရန်မီးသတ်၊ ကြက်ခြေနီ၊ အရပ်ဘက်လုံခြုံရေး၊ နယ်မြေလုံခြုံရေးတို့အတွက် မြို့နယ်ရဲတပ်ဖွဲ့က ပူးပေါင်းဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်း ပွဲတော်ကို ဖြစ်မြောက်အောင် ကျင်းပသွားမှာပါ "ဟု ပြောသည်။

ပုဇွန်တောင်မြို့နယ် အမှတ်(၇) ရပ်ကွက်တွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မြန်မာပြည်စတားအငြိမ့်၊ ၁၂ ရက်တွင် နိုင်ငံကျော် Hip Hop & Rapper အဆိုတော်များ၏ ဖျော်ဖြေတင်ဆက်မှု၊ ၁၃ ရက်တွင် B 4 Band နှင့် ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှု၊ ၁၄ ရက်တွင် ကိုနိုင်ဇော် (သုခုမစက်ရုပ်လေးများ) Music Band၊ နိုင်ငံကျော် အဆိုတော်များနှင့် အကအဖွဲ့များက ပူးပေါင်းဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

ပုဇွန်တောင်မြို့နယ် အမှတ်(၈) ရပ်ကွက် ပွဲတော်ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဒေါ်သက်သက်မော်က " ကျွန်မတို့ ပွဲတော်ကို ၁၀ ရက်ကနေ ၁၄ ရက်အထိ ကျင်းပသွားမှာပါ။ ၁၀ ရက်၊ ၁၁ ရက်က အလှဖန်တီးရှင်များအဖွဲ့၊ ၁၂ ရက်မှာ ဝိုင်းလမင်းအောင်နဲ့ မြန်မာသံစဉ်အဖွဲ့၊ ၁၃ ရက် လပြည့်နေ့မှာ စတိတ်ရှိုး၊ ၁၄ ရက်မှာ ဖိုက်စတားအငြိမ့် ငါးရက် စီစဉ်ထားပါတယ်။ လုံခြုံရေးအနေနဲ့ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့၊ မီးသတ်၊ ကြက်ခြေနီ၊ လူငယ်အဖွဲ့အစည်းတွေ၊ ရာအိမ်၊ ဆယ်အိမ်မှူးတွေ အပါအဝင် ပူးပေါင်းဆောင်ရွက်ကြမှာပါ။ (၈)ရပ်ကွက်အတွင်းမှာ ဆိုင်ခန်းပေါင်း ၁၅၀ ရှိပါတယ်။ စတိတ်စင်ကို ရေကျော်သံလမ်းအနီးမှာ ဆောက်မှာပါ။ စတိတ်ရှိုးလက်မှတ်က လေးထောင်၊ ငါးထောင် သတ်မှတ်ထားတယ်။ ကျန်တဲ့ဖျော်ဖြေမှုကတော့ နှစ်ထောင်ပါ။ ပွဲတော်ကျင်းပမယ့် ရေကျော်လမ်းကနေ သိမ်ဖြူလမ်းအထိကို ညနေ ၃ နာရီခွဲကနေ ည ၁၁ နာရီအထိ ခေတ္တလမ်းပိတ်ထားပါမယ်။ အရေးပေါ်လူနာတင်ယာဉ်တွေကို ပရဟိတအသင်းတွေက ကူညီပေးထားပြီး လမ်းထောင့်တွေမှာ ထားရှိပါမယ်။ ပွဲတော်လုံခြုံရေးအတွက် CCTV ၇၉ လုံး တပ်ပေးထားမယ်။ ဒီနှစ်မှာလည်း ကလေးတွေအတွက် ကစားစရာမျိုးစုံ စီစဉ်ထားပါတယ်"ဟု ပြောသည်။

(၈)ရပ်ကွက် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော် ဖျော်ဖြေမှုအနေဖြင့် အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် Lady Boy တေးသရုပ်ဖော်အဖွဲ့၊ ၁၂ ရက်တွင် ဝိုင်းလမင်းအောင်နှင့် မြန်မာသံစဉ်တီးဝိုင်းအဖွဲ့၊ ၁၃ ရက်တွင် Hi Bird တေးဂီတအဖွဲ့တို့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များ ဖျော်ဖြေမှု၊ ၁၄ ရက်တွင် ဖိုက်စတားအငြိမ့်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ရီရီမြင့်၊ ဥမ္မာသန့်**

### ❖ လူငယ်ကစားသမားများမှ

ကစားရသော်လည်း လာမည့်ရာသီမှစတင်ကာ ပွဲ ၄၀ နီးပါး ကစားခွင့်ရမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် ၂၀၂၀ ရာသီတွင် အသက်ကန့်သတ်ချက် ပြောင်းလဲမည်ဖြစ်ပြီး ယူ-၁၈ နှင့် ယူ-၂၀ လိဂ်အဖြစ် ပြောင်းလဲကျင်းပမည် ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ် ကော်မတီအနေဖြင့် ကျင်းပသည့်ပုံစံပြောင်းလဲခဲ့ခြင်းဖြစ်သည်။

၂၀၁၉ ရာသီတွင် MNL ယူ-၂၁ လိဂ်ပြိုင်ပွဲ၌ MFF Youth အသင်း၊ ယူ-၁၉ လိဂ်ပြိုင်ပွဲ၌ ရှမ်းယူနိုက်တက်အသင်း၊ MNL-2 (ပထမတန်း) ယူ-၂၀ လိဂ်ပြိုင်ပွဲ၌ မြဝတီအသင်း၊ ယူ-၁၈ လိဂ်ပြိုင်ပွဲ၌ အား/ကာသိပ္ပံအသင်းတို့ ဗိုလ်စွဲခဲ့သည်။ လာမည့်ရာသီတွင် MNL ပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး MNL-2 ပြိုင်ပွဲကိုမူ ပြိုင်ပွဲဝင်အသင်းများအပေါ် မူတည်၍ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လူငယ်ကစားသမားကောင်းများ ထွက်ပေါ်လာရန် မြန်မာနေရှင်နယ်လိဂ်ကော်မတီနှင့် ပူးပေါင်း၍ ပြိုင်ပွဲတိုးမြှင့်ကျင်းပရန် စီစဉ်လျက်ရှိသည်။

**ရှိုင်းထက်ဇော်**

### ■ ဆီးဂိမ်းပြိုင်ပွဲမှ

မူလက ကာတာ ယူ-၂၂ အသင်းနှင့် ခြေစမ်းကစားရန် စီစဉ်ထားသော်လည်း အဆင်မပြေသောကြောင့် အခြား ယူ-၂၂ လက်ရွေးစင်အသင်းနှင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ-၂၂ အသင်း နည်းပြချုပ် ဗိုပေ့ါဗ်သည် ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် အသက် ၂၂ နှစ်အထက် ကစားသမား ငါးဦး အပါအဝင် ကစားသမား ၄၀ ဖြင့် စတင်ဖွဲ့စည်းခဲ့သော်လည်း ကွင်းလယ်ကစားသမား ဖွဲ့သက်ပိုင်မှာ ဒဏ်ရာကြောင့် ပြန်လည်စေလွှတ်လိုက်သောကြောင့် ၃၉ ဦးသာ ကျန်ရှိတော့သည်။ သို့သော် မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲ ယှဉ်ပြိုင်နေရပြီး နှစ်သင်းစလုံးတွင် ရွေးချယ်ခံထားရသည့် ကစားသမားအချို့မှာ အသင်းနှင့် အချိန်ပြည့် ပူးပေါင်းနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် စက်တင်ဘာ ၂၃ ရက်တွင် ပြန်လည်လေ့ကျင့်ခဲ့ပြီး နှစ်လယ်ပိုင်းကတည်းက စတင်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် မေလနောက်ဆုံးပတ်တွင် တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်း၊ ဇွန်လ ပထမပတ်တွင် ဗီယက်နမ် ယူ-၂၂ အသင်း၊ စက်တင်ဘာလဆန်းတွင် ထိုင်းကလပ်အသင်းများဖြစ်သည့် ချင်းရိုင်ယူနိုက်တက်အသင်း၊ ချင်းမိုင်အသင်းတို့နှင့် ခြေစမ်းကစားခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ထားသည်။ မြန်မာ ယူ-၂၂ အသင်းသည် ဖေဖော်ဝါရီလတွင် အာဆီယံ ယူ-၂၂ ပြိုင်ပွဲ၊ မတ်လတွင် အာရှ ယူ-၂၃ ခြေစစ်ပွဲတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုမရခဲ့သောကြောင့် ယခုနှစ်၏ နောက်ဆုံးပြိုင်ပွဲဖြစ်သော ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် ပြန်လည်ကြိုးပမ်းရမည် ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် အောက်တိုဘာ ၉

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## “မေသူမောင်” ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

*၂၀၁၉-၂၀၂၀ ခုနှစ် - ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်

*(၁၄) ညအိပ် (၁၅) ရက်၊သံဝေဇနီယလေးဌာန၊အဝိဇဟိတလေးဌာန၊
(Hotel-4-Night)(29.Oct)(16.Nov)(30.Nov)(21.Dec) (11.Jan)(01.Fed)(20.Fed)
(20.Mar) **Hotel.**သီးသန့် (၇)ညအိပ်(၈)ရက်ထွက်ခွာမည့်ရက် - (09.Nov) (21.Dec)
(11.Apr) (၃)ညအိပ်(၄)ရက်ခရီး-(28.Dec)-(၂)ညအိပ်(၃)ရက်ခရီး -(09.Nov)-ခရီးစဉ်များ
အတွက် အထူးဈေးနှုန်းပြောင်းလဲ၍တသိုလ်ယူဆောင်ပေးပါမည်။

*ဆက်သွယ်ရန်ရုံးချုပ်-အမှတ်၊(8/H)ဆင်မလိုက်အဆင့်မြင့်ဈေးကွန်ဒို၊တာမွေမြို့နယ်၊ရန်ကုန်မြို့။
ရန်ကုန်ဖုန်း-၀၉.၄၄၀၅၈၈၇၉၈၊ ၀၉. ၇၃၂၄၁၆၈၇၊ ၀၉.၄၄၀၅၈၈၇၉၇၊ ၀၁.၂၃၀၅၉၂၈၊
*မန္တလေးဖုန်း- ၀၉၄၄၄၀၃၀၂၇၀၊ ၀၉၇၉၀၉၀၉၉၂၄

## သန့်ရှင်းနှင့်ရောင်းရင်းများ၏ တန်ဆောင်တိုင်ခရီးစဉ်များ

- ✿ တောင်ကြီးမီးပုံးပျံပွဲ၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းလိုဏ်ဂူ၊ မွေတော်ကတ္တူ(၄)ရက်၊ လျှိုင်ကော်ပါ(၅)ရက်။ **Nov 1,8,15,22,29**
- ✿ ပုဂံ-ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ(၄)ရက်။ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင် ပါ(၅)ရက်။
- ✿ မန္တလေး၊ ပြင်ဦးလွင်မီးပုံးပျံပွဲ၊ မုံရွာ(၄)ရက်။ ✿ မြဝတီ၊ မဲဆောက်(၃)ရက်။
- ✿ မန္တလေး၊ မိုးကုတ်၊ အင်းဝ၊ ကျောက်ဆည် မဟာသိမ်ရွှေတော်ကြီး(၄)ရက်။
- ✿ အင်းတော်ကြီး၊ မြစ်ကြီးနား၊ မြစ်ဆုံ၊ ဇလုံတောင်၊ ရွှေဘို(၆)ရက်။ မိုးကုတ်ပါ(၇)ရက်။
- ✿ ထားဝယ်ရှင်ကိုရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်ခဲ(၅)ရက်။ မြိတ်ပါ(၆)ရက်။
- ✿ မြိတ်ဘုရားစုံ၊ မောတောင်၊ ပရကျွတ်(၅)ရက်။ Hotel Package- (8-11-2019)
- ✿ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ၊ ကျိုက်ထီးရိုး(၂/၃)ရက်။ ✿ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)

မှတ်ချက် ✿ မြည်း၊ အာကောက်တောင်-နဂါးရုံ ✿ ဖလှန် ✿ ဓနုဖြူဝေတော်

ဌာနမိ(ဝထပ်)ရွှေတုံသာလမ်း 01-380141, 01-241863, 09-43043109, 09-30284810

## Asia Dragon (အာရှနဂါး)

ကျိုက်ထီးရိုး ✦ ချောင်းသာ ✦ ငွေဆောင်

09 799 100 100, 09 797 100 100, 09 500 500 50, 09 500 500 90

## ကိုသန့်ဇင်

CAR RENTAL

ကားမျိုးစုံ ငှားနိုင်ပါသည်။

09 - 5059821

09 - 43117680

## ဈေးပေါ့ ရွှေလမ်း

တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကက္ကူ၊ ထန်စမ်း ထွင်းကျွေး၊ **50000** ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ စွယ်တော်လေးဆူ ထွင်းကျွေး- **40000** **Oct-11** တောင်ကြီးမီးပုံးပျံ လွှတ်ပွဲ၊ လှိုင်ကော် ထွင်းကျွေး **60000** **Nov-8**

09 261222294. 09 261222295

## KKH TAW WIN CENTRE

# တော်ဝင်မိသားစုကုမ္ပဏီ စတုဒိသာအလှူ

တော်ဝင်မိသားစုကုမ္ပဏီမှ သီတင်းကျွတ်လပြည့် (၁၃၊၁၀၊၂၀၁၉) တနင်္ဂနွေနေ့ နံနက်(၁၀း၀၀)နာရီတွင် တော်ဝင်စင်တာ၌ စတုဒိသာ ရွှေဘိုကြက်စိမ်းဒံပေါက်၊ အအေး၊ ရေသန့် တိုက်ကျွေးမည်ဖြစ်ပါသဖြင့် မည်သူမဆို ကြွရောက်ကုသိုလ်ယူ သုံးဆောင်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**တော်ဝင်မိသားစုကုမ္ပဏီ၊တော်ဝင်စင်တာမိသားစု၊တော်ဝင်ဂါးဒင်းဟိုတယ်မိသားစု**

TAW WIN FAMILY CO.,LTD

ရွှေထိုက်သာ အလယ်လမ်းက

# ယူနိုက်တက်ဗွီးရှင်း

မျက်စိ အထူးကုဆေးခန်း နှင့် မျက်မှန်၊ မျက်ကပ်မှန် အရောင်းဆိုင်

## သီတင်းကျွတ်ဈေးရောင်းပွဲတော် အထူးလျှော့ဈေး



**20% OFF**

Discount က 20% အပြင် Discount card ပါလာရင် ထပ်ဆောင်း 10% ပေါင်း 30% ပေးမှာပါ။

for any item until 10th Oct to 9th Nov 2019

မည်သည့်ဆိုင်တွင်မဆို

INTERNATIONAL BRANDED အဝစ်များကိုသာ အာမခံဖြင့် ရောင်းချပေးနေပါသည်။

Ray-Ban · OAKLEY · BURBERRY · COACH · EMPORIO ARMANI · PRADA EYEWEAR · BVLGARI · VOGUE · MICHAEL KORS · Levi's

ပါဝါလည်း တိကျတယ်... ဈေးနှုန်းလည်း ချိုသာတယ်...

Yangon Shop

Mandalay Shop


AUFIT
Air Con From THAILAND
အောဖစ် - အဲကွန်း
Myanmar Classic Group Co.,Ltd.
Sole Agent of CHIGO
Sole Agent of AUFIT
မြန်မာပြည်၏စီးပွားရေးအသားအစောကောင်းဆုံး After Sales Services & Spare Parts ဝန်ဆောင်မှုများတွင် နံပါတ် (1) ဟု
၁၄ နှစ်တိုင် နာမည်ကြီးနေတဲ့ CHIGO Air-con များကိုဖြန့်ချိနေသည့် MCG Co., Ltd မှ ထိုင်းနိုင်ငံတွင်ထုတ်လုပ်သော
AUFIT အောဖစ် (Air-con From Thailand) များကို ထပ်မံဖြန့်ချိလိုက်ပါပြီ။
အောဖစ် အဲကွန်း တစ်လုံး ဝယ်ယူသူတိုင်းကို . . .
CHIGO Stand Fan (ချီဂိုပန်ကာ) တစ်လုံးလက်ဆောင်ပေးနေပြီနော်
AUFIT (Air Con From THAILAND)(JAPAN Quality)
BUY =
AUFIT
GET =
WARRANTY
4 YEARS
ပရိုမိုးရှင်းကာလ - 1st October to 30th November
Head Office Showroom & Service Center
Mandalay Showroom & Service Center
Naypyitaw Showroom & Service Center

**ကြေးမုံ ယနေ့ ဖတ်စရာ**

အသေးစားအဂတိလိုက်စားမှု လျှော့ချရေးအတွက် CPU Toolkit စမ်းသပ်ဆောင်ရွက်ခြင်းအခမ်းအနား ကျင်းပ

စာမျက်နှာ » ၁၀

လီသီယမ်ဘက်ထရီ စွန့်ဦးတီထွင်သူ သုံးဦး ဓာတုဗေဒနိုဘယ်ဆုရရှိ

စာမျက်နှာ » ၁၂

ကမ္ဘာ့စီးပွားရေး ယှဉ်ပြိုင်နိုင်စွမ်းအဆင့်တွင် စင်ကာပူအား ထိပ်ဆုံးသတ်မှတ်



စာမျက်နှာ » ၁၃

မဲခေါင်စာပေဆု အိမ်ရှင်မြန်မာ

စာမျက်နှာ » ၁၅

ဇလုံတောင်အမျိုးသားဥယျာဉ် ဧရိယာ ၆၀၀၄၆ ဒသမ ၇၁ ဧကဖြင့် ဖွဲ့စည်းရန် ဆောင်ရွက်

စာမျက်နှာ » ၁၉


# ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၉**

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို အောက်တိုဘာ ၁၀ ရက် (ကြာသပတေးနေ့)မှ ၁၄ ရက် (တနင်္လာနေ့)အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

ယခုနှစ် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို သိမ်ဖြူမီးပွိုင့်မှ စတင်ကာ ဗိုလ်တထောင်ဘုရားလမ်းထိပ်အထိ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် ရေကျော်လမ်းမှ အထက်ပုဇွန်တောင်လမ်းအထိ ပျော်ပွဲရွှင်ပွဲများ၊ ကလေးကစားစရာမျိုးစုံ၊ မြန်မာမုန့်မျိုးစုံနှင့် **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ❐



**ယခင်နှစ်က ကျင်းပခဲ့သည့် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို တွေ့ရစဉ်။** ဓာတ်ပုံ-စိုးဝင်း

# ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်း ကာတာနိုင်ငံ၌ ခြေစမ်းပွဲသုံးပွဲ ကစားရန် စီစဉ်



**ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်း လေ့ကျင့်နေစဉ်။**

**ရန်ကုန် အောက်တိုဘာ ၉**

၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ကာတာနိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

### ယှဉ်ပြိုင်ကစားမည်

မြန်မာ ယူ-၂၂ အသင်းသည် အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့၌ လေ့ကျင့်မည်ဖြစ်ပြီး အောက်တိုဘာ ၂၅၊ ၂၈၊ ၃၀ ရက်တို့တွင် ခြေစမ်းပွဲသုံးပွဲ ကစားမည်ဖြစ်သည်။ အောက်တိုဘာ ၂၅၊ ၂၈ ရက်တို့တွင် ကာတာကလပ်အသင်းများနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ နောက်ဆုံးပွဲကိုမူ အရှေ့အလယ်ပိုင်းမှ ယူ-၂၂ လက်ရွေးစင်အသင်းတစ်သင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်း၏ ခြေစမ်းပွဲများကို ကာတာဘောလုံးအဖွဲ့ချုပ်က စီစဉ်ပေးနေခြင်းဖြစ်ပြီး **စာမျက်နှာ ၂၀ ကော်လံ ၄ သို့** ■

## လူငယ်ကစားသမားများ၏ အရည်အသွေးတိုးတက်စေရေး လူငယ်လိဂ်ပြိုင်ပွဲများကို ပုံစံပြောင်းလဲကျင်းပသွားရန် ရည်ရွယ်

**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် လူငယ်ကစားသမားကောင်းများ ထွက်ပေါ်လာရေးနှင့် ပွဲအရေအတွက် များစွာကစားရသောကြောင့် အရည်အသွေးပိုင်းဆိုင်ရာ ပိုမိုတိုးတက်လာစေရေးအတွက် လူငယ်လိဂ်ပြိုင်ပွဲများကို ၂၀၂၀ ရာသီမှ စတင်ကာ ပုံစံပြောင်းလဲကျင်းပသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

### ပွဲများများကစားခွင့်ရ

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် လာမည့်ရာသီမှစတင်ကာ MNL နှင့် MNL-2 ကလပ်အသင်းအားလုံး ဝင်ရောက်ယှဉ်ပြိုင်စေမည့် လူငယ်လိဂ်ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်ပြီး အသက်ကန့်သတ်ချက်နှစ်ခုဖြင့် ကျင်းပမည်ဖြစ်သည်။ ၂၀၁၉ ရာသီအထိ MNL ကလပ်အသင်းများအတွက် ယူ-၁၉ နှင့် ယူ-၂၁ လိဂ်ပြိုင်ပွဲ၊ MNL-2 ကလပ်အသင်းများအတွက် ယူ-၁၈ နှင့် ယူ-၂၀ လိဂ်ပြိုင်ပွဲတို့ ကျင်းပခဲ့သော်လည်း ကစားသမားများ ပွဲများများကစားခွင့်ရရန် ရည်ရွယ်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

### ဝင်ရောက်ယှဉ်ပြိုင်ရမည်

၂၀၂၀ ရာသီတွင် ယူ-၁၉ နှင့် ယူ-၂၁ လိဂ်ပြိုင်ပွဲသာ ကျင်းပမည်ဖြစ်ပြီး MNL နှင့် MNL-2 ပြိုင်ပွဲဝင် ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများအားလုံး ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြောင်းလဲလိုက်သည့် ပြိုင်ပွဲကျင်းပသည့်ပုံစံအရ ကစားသမားများအနေဖြင့် ယခင်က တစ်ရာသီလျှင် ပွဲ ၂၀ ဝန်းကျင်သာ **စာမျက်နှာ ၂၀ ကော်လံ ၄ သို့** ❖


PUN HLAING SILOAM HOSPITALS

"နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"

မလေးရှားနိုင်ငံမှဆရာဝန်ကြီးလာရောက်ကုသပေးမည့်အစီအစဉ်

Only JCI Accredited Hospital in Myanmar



နိုင်ငံတကာအတွေ့အကြုံရှိ မလေးရှားနိုင်ငံမှ သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး **Dr Sivamohan Namasivayam** သည် ပန်းလှိုင်စီလုံဆေးရုံသို့ လာရောက်၍ မီးယပ်နှင့်ပတ်သက်သော ရောဂါအမျိုးမျိုးကိုကို ခေတ်မီခွဲစိတ်ကုသမှုများပြုလုပ်ပေးနေပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

အောက်တိုဘာလ (၁၈)ရက် မှ (၁၉)ရက်နေ့အထိ

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈၄၃၂၃၊ ၃၆၈၄၃၂၅၊ ၃၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၀၇

Facebook Pun Hlaing Siloam Hospitals


SWEETY HOME
စပရင်မွေ့ရာ၊ ပရိဘောဂ၊ ဆိုဖာနှင့်
မင်္ဂလာခန်းဝင်ပစ္စည်းအမျိုးမျိုး
NATIONWIDE PROMOTION 2019
5% TO 10% OFF
PROMOTION PERIOD
10TH ~ 31ST OCTOBER 2019
YANGON
Showroom (1) No.(2/B), Kan Nar Road, Thittaw Qt, Ahlone Tsp; Yangon.Ph - 09 971111418, 01 2314199
Showroom (2) No.82, Ywama Kyaung Road, Hlaing, Yangon. Ph - 09 977919666, 01 521286
Showroom (3) No.296, Ayeyarwon Road, Thaketa Tsp; Yangon. Ph - 09 977919111, 01 551591
Showroom (4) Yuzana Plaza 4th Floor, Yangon. Ph - 09 977919444, 01 205224
Showroom (5) No.3A, Mindama Road, Mayangone Tsp; Yangon. Ph - 09 977919333, 01 9669644
Showroom (6) No.84, Yadanar Road, 8 Block, South Okkalapa Tsp; Yangon. Ph - 09 977919222, 01 8550358
MANDALAY
Showroom (1) 35th Road, between 64th & 65th Street, Mandalay. Ph - 09 977919888, 02 2835938
Showroom (2) 33rd Road, between 81st & 82nd Street, Mandalay. Ph - 09 91029989, 02 4060810

